ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက်အမှတ် – ၆၀၀ ၈၉၁ ၁၀၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၆၀၀ ၈၃၂ ၁၁၁၁

Sabbath School Lesson
မြန်မာလူကြီးတန်း

အုပ်ရေ – ၄၅၀၀

ဓမ္မဒါန

ပုံနှိပ်သူ။ ဦးဒိုဟင်ပေါင် (၀၇၉၄၅)၊ မန်နေဂျာ၊ ကင်းစောင့်ပုံနှိပ်တိုက်၊
အမှတ် ၂၀၆၊ ရွှေသစ္စာလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ။ ဦးစောမဲမရီထွန်း (၀၄၄၉၃)၊ ဥက္ကဋ္ဌ၊ သတ္တမနေ့အသင်းတော်
သာသနာအဖွဲ့ချုပ်၊ ၆၈ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

ပထမအကြိမ်

# SABBATH SCHOOL LESSON
# မြန်မာလူကြီးတန်း

# ကျွန်ုပ်တို့ထာဝရဘုရား၏လျှပ်တစ်ပြက်တွေ့မြင်ရသည့်ပုံရိပ်များ

***Jo Ann Davidson*** *ရေးသားသော "**Glimpses of Our God**"*
*စာအုပ်ကို အငြိမ်းစားဆရာကြီးဦးစောဂေးလ်ဘတ်ဂျီးက မြန်မာပြန်ဆိုသည်။*

**ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ**
**၂၀၂၂ ခုနှစ်**

**(ပထမအကြိမ်)**

Sabbath School Lesson

## မြန်မာလူကြီးတန်း

# ကျွန်ုပ်တို့ထာဝရဘုရားသခင်၏လျှပ်တစ်ပြက် တွေ့မြင်ရသည့်ပုံရိပ်များ

ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ
၂၀၁၂ ခုနှစ်

ပထမအကြိမ်

F-1

## မာတိကာ


၁။ သုံးပါးတစ်ဆူတည်းဟူသောထာဝရဘုရားသခင်------၆
၂။ အစအဦး၌----------------------------၁၄
၃။ ရွေးနုတ်သူအဖြစ်ထာဝရဘုရားသခင်------------၂၂
၄။ တရားစီရင်ခြင်းနှင့်ကျေးဇူးကရုဏာရှင်ဘုရား--------၃၀
၅။ ထာဝရဘုရားသခင်၏သန့်ရှင်းခြင်း--------------၃၈
၆။ ပညတ်တရားပေးသည့်ထာဝရဘုရားသခင်---------၄၆
၇။ သတ္တမနေ့ကိုအစိုးရသောဘုရားသခင်------------၅၄
၈။ ဖန်ဆင်းခြင်းအရာများကိုပြုစုစောင့်ရှောက်ခြင်း------၆၃
၉။ ကျမ်းစာတော်မြွတ်နှင့်သမိုင်း-------------------၇၂
၁၀။ ဆုတောင်းခြင်း၏ကတိတော်-------------------၈၁
၁၁။ အနုပညာသည်ဖြစ်သည့်ထာဝရဘုရားသခင်--------၈၉
၁၂။ မေတ္တာပုံပြင်များ---------------------------၉၆
၁၃။ သခင်ယေရှုပြန်လည်ကြွလာမည့်ကတိတော်--------၁၀၅

## ကျွန်ုပ်တို့၏ထာဝရဘုရားသခင်အားသိရှိခြင်း

လူတစ်ဦးသည် (Hubble Space Telescope) အဝေးကြည့်မှန်ပြောင်းမှရိုက်ကူးထားသည့် ရုပ်ပုံများကိုကြည့်ရှုပါက စကြဝဠာကြီး၏အလှအပကို မအံ့သြဘဲမနေနိုင်ပါ။

ပို၍အံ့သြဖွယ်ကောင်းသည်မှာ ၎င်းစကြဝဠာကို ဖန်ဆင်းသောအရှင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် စကြဝဠာထက်ကြီးမြတ်သောသူသည်သာလျှင် ဤအရာကိုပြုလုပ်နိုင်စွမ်းရှိသောကြောင့်သာဖြစ်၏။

ဟုတ်မှန်ပေ၏။ ကျွန်ုပ်တို့ကိုးကွယ်သောထာဝရဘုရားသခင်သည် ဤစကြဝဠာနှင့်ခပ်သိမ်းသောအရာတို့ကို ပြုလုပ်ခဲ့သူဖြစ်သည်။

ယခု (၃) လတွင် ကျွန်ုပ်တို့ကိုးကွယ်သောထာဝရဘုရားသခင်၏အကြောင်းကို လေ့လာမည်ဖြစ်သည်။ ကျွန်ုပ်တို့ယုံကြည်ကိုးကွယ်သည့်ဘုရားသခင်၏အကြောင်းကို ကျွန်ုပ်တို့သိရှိရန် အရေးကြီးပါသည်။ ကျွန်ုပ်တို့သည် သူ့အားချစ်ရန် ဤကဲ့သို့ပြောဆို၏။ "သင်၏ဘုရားသခင်ထာဝရဘုရားကို စိတ်နှလုံးအကြွင်းမဲ့ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့်ချစ်လော့" (လုကာ ၁၀း၂၇)။

[3]ဤကြာတာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုပြသည့် ၎င်း၏ခြားနားသည့်ပုံရိပ်များအကြောင်းကို ပိုမိုသိရှိနားလည်ရန် လေ့လာမည်ဖြစ်သည်။ ထိုနောက် ဤအရာများသည် ဘယ်ကဲ့သို့အနက်ရှိသည်ကိုလည်း လေ့လာမည်ဖြစ်သည်။ အခြေခံအကြောင်းဖြစ်သည့် "သုံးပါးတစ်ဆူ" ဘုရားသခင်အကြောင်းကို စတင်လေ့လာမည်ဖြစ်သည်။ ထာဝရဘုရားသခင်သည် "သုံးပါးတစ်ဆူ" တစ်ဆူတည်းသောဘုရားဖြစ်ပြီး သုံးဦးဖြင့်ပေါင်းစည်းပါဝင်သည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းသည့်သွန်သင်ခြင်းဖြစ်၏။ ထိုနောက် ကျွန်ုပ်တို့သည် ၎င်းအား ဖန်ဆင်းရှင်အဖြစ် အာရုံစိုက်လေ့လာမည်ဖြစ်သည်။ ဤသဘောတရားသည် ကျွန်ုပ်တို့ယုံကြည်ခြင်းအရာခပ်သိမ်း၏အခြေခံသဘောဖြစ်သည်။ ၎င်းနောက် ၎င်း၏ရွေးနုတ်ခြင်းအလုပ်အကြောင်းကို လေ့လာမည်ဖြစ်သည်။ အပြစ်ကြောင့် ကျဆုံးသောကမ္ဘာသည် ဖန်ဆင်းခြင်းခံရသည်နှင့် လုံလောက်မှုမရှိပါ။ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုအပြစ်မှပြန်လည်ရွေးနုတ်လာရန်လည်း လိုအပ်သည်။ ဘုရားသခင်သည် ကျေးဇူးကရုဏာနှင့်သော်လည်းကောင်း၊ တရားစီရင်တော်မူသည့် ဘုရားသခင်ဖြစ်သည်ကိုလည်း လေ့လာမည်ဖြစ်၏။ ထိုနောက် ၎င်း၏သန့်ရှင်းခြင်း၊ ပညတ်တရား (Sabbath) အကြောင်းကိုလည်း လေ့လာမည်ဖြစ်၏။ ဤသွန်သင်ချက်အကြောင်းအရာအားလုံးသည် ဘယ်ကဲ့သို့ပုဂ္ဂိုလ်ဖြစ်ကြောင်း ၎င်း၏စရိုက်မှ ကျွန်ုပ်တို့နားလည်ရန် ကူညီခြင်းဖြစ်သည်။



၎င်းနောက် ကျွန်ုပ်တို့မစဉ်းစားမိသည့်ဘုရားသခင်၏ပုံရိပ်အစိတ်အပိုင်းများဖြစ်သည့် လုပခြင်း၊ သမိုင်း၊ စိတ်ကူးယဉ်အချစ်ဇာတ်လမ်းသခင်ဖြစ်ကြောင်းကိုလည်း လေ့လာမည်ဖြစ်သည်။ အခြားသောအကြောင်းမှာ သူသည် သဘာဝနှင့်ဆုတောင်းသည့်ဘုရားသခင်ဖြစ်ကြောင်းကိုလည်း လေ့လာမည်ဖြစ်သည်။ ဘုရားသခင်ကို ကျွန်ုပ်တို့ဘယ်ကဲ့သို့အစေခံရမည်ကိုလည်း လေ့လာရမည်ဖြစ်သည်။ ထိုနောက် သမိုင်း၏အဆုံးနှင့်အပြစ်၏နိဂုံးကို ဒုတိယကြွလာခြင်းဖြင့်အဆုံးသတ်မည့်အကြောင်းကိုလည်း လေ့လာရမည်ဖြစ်သည်။

ထာဝရဘုရားသခင်သည် ကြီးမြတ်ပေ၏။ သူသည် (Sombrero Galaxy) စကြဝဠာကိုလည်း ဖန်ဆင်းခဲ့သူဖြစ်သည်။ ကျွန်ုပ်တို့သည်

အလွန်သေးငယ်၏။ ထို့ကြောင့် ဘုရားသခင်ကျွန်ုပ်တို့ကိုပေးသည့် သေးငယ်သောအလင်းအတွက် ကျွန်ုပ်တို့သည် အဘယ်မျှကျေးဇူး တင်သင့်ပါသနည်း။ ဤအလင်းအကြောင်းကို ကျွန်ုပ်တို့လေ့လာ မည်ဖြစ်ပြီး ထိုအလင်းထဲ၌ သစ္စာရှိစွာဖြင့် လျှောက်လှမ်းကြရန် ကျွန်ုပ်တို့တစ်ဦးစီအပေါ် မူတည်ပေ၏။

–၀–



သင်ခန်းစာ (၁)

## သုံးပါးတစ်ဆူတည်းဟူသောထာဝရဘုရားသခင်

ဒီဇင်ဘာ ၃၁ – ဇန်နဝါရီ ၆

**သတ္တမနေ့မွန်းလွဲပိုင်း** **ဒီဇင်ဘာ ၃၁**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** တရား ၆း၄။ ဖိလိပ္ပိ ၂း၆။ မဿဲ ၂၈း၁၉။ က ၁း၂၆၊၂၇။ ယော ၁၄–၁၆။

**အလွတ်ကျမ်းချက်**

**"ချစ်သူတို့၊ သင်တို့သည် မိမိတို့အလွန်သန့်ရှင်းသော ယုံကြည်ခြင်းအပေါ်မှာ မိမိတို့ကိုတည်ဆောက်လျက်၊ သန့်ရှင်း သောဝိညာဉ်တော်အားဖြင့် ဆုတောင်းပတ္ထနာပြုလျက်၊ ဘုရား သခင်ကို ချစ်ခြင်းမေတ္တာ၌ ကိုယ်ကိုကိုယ်စောင့်ရှောက်၍ ထာဝရ အသက်အလို့ငှါ ငါတို့သခင်ယေရှုခရစ်၏ကရုဏာတော်ကို မျှော်လင့်၍နေကြလော့။" (ယုဒ ၂၀၊၂၁)။**

သုံးပါးတစ်ဆူထာဝရဘုရားဟူ၍ သမ္မာကျမ်းစာတော်မြွက် တွင် ရေးသားဖော်ပြထားခြင်းမရှိပါ။ သို့သော် ၎င်း၏သွန်သင်ခြင်း ၌ရှိ၏။ သုံးပါးတစ်ဆူ၏သဘောတရားသည် ထာဝရဘုရားသည် တစ်ဆူတည်းဖြစ်ပြီး ပုဂ္ဂိုလ်သုံးဦးဖြင့်ပါဝင်ခြင်းဖြစ်သည်။ ဤအချက် သည် အလွန်အရေးကြီးသည်။ အဘယ်ကြောင့်ဆိုသော် ထာဝရဘုရား သခင်သည် မည်သူမည်ဝါဖြစ်ကြောင်း၊ မည်ကဲ့သို့ကိစ္စအလုပ်များကို ဆောင်ရွက်ကြောင်း၊ လောကနှင့်ဘယ်ကဲ့သို့ဆက်စပ်မှုရှိကြောင်းကို

ကျွန်ုပ်တို့အား ပြောကြားပြသခြင်းကြောင့်ဖြစ်သည်။ အရေးကြီးဆုံးအချက်မှာ သုံးပါးတစ်ဆူထာဝရဘုရား၌ တစ်ပါးဖြစ်သည့်ခရစ်တော်သည် ကယ်တင်ခြင်းစီမံကိန်း၌ အလွန်အရေးပါသောပုဂ္ဂိုလ်တစ်ဦးဖြစ်ခြင်းကြောင့်ဖြစ်သည်။

ရှေးဦး Adventist များသည် ဤသဘောတရားကို နားလည်ရန် ရုန်းကန်ခဲ့ရသည်။ သို့သော် ယနေ့ကျွန်ုပ်တို့၏အသင်းတော်သည် ဤသွန်သင်ချက်၌ ခိုင်မြဲစွာရပ်တည်နေပြီးဖြစ်သည်။ ကျွန်ုပ်တို့၏အခြေခံယုံကြည်ချက်အမှတ်စဉ် (၂) အရ "ထာဝရဘုရားသခင်သည် တစ်ဆူတည်းရှိသည်။ ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော် ထာဝရပုဂ္ဂိုလ်သုံးဦးပေါင်းစပ်ကာ တညီတညွတ်တည်းဖြစ်သည်။

## တနင်္ဂနွေ ဇန်နဝါရီ ၁

## ကျွန်ုပ်တို့၏ဘုရားသခင်သည် တစ်ဆူတည်းဖြစ်သည်။ (ထွက် ၃း၁၃–၁၅)။

ထာဝရဘုရားသခင်သည် မိမိကိုယ်ကို (ထွက် ၃း၁၃–၁၅) တွင် ဘယ်ကဲ့သို့ဖော်ပြထားသနည်း။ ဤကျမ်းပိုဒ်များသည် ဘုရားတစ်ဆူတည်းရှိကြောင်း ဘယ်ကဲ့သို့ပြသနည်း။

ဘုရားတစ်ဆူတည်းဖြစ်ကြောင်းကို (တရား ၆း၄) တွင်လည်း ဖော်ပြထားသည်ကိုတွေ့ရသည်။ ထာဝရဘုရားသည် တစ်ဆူတည်းဖြစ်ကြောင်းကို ဣသရေလအမျိုးတို့သည် ၎င်းတို့၏သားသမီးများအား ယုံကြည်ရန်နှင့်သွန်သင်ရန် မိန့်မှာထားရှိသည်။



(တရား ၆း၄) ကို (က ၂း၂၄) နှင့်နှိုင်းယှဉ်ဖတ်ပါ။ "ထိုသူတို့သည် တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်" သည် ဘာကိုဆိုလိုသနည်း။

(က ၂း၂၄) တွင် ယောကျ်ားနှင့်မိန်းမသည် 'တစ်သားတစ်ကိုယ်တည်းဖြစ်ရလိမ့်မည်' ဆိုသည့်အချက်မှာ (တရား ၆း၄) တွင် ဘုရားသည် တစ်ဆူတည်းဖြစ်သကဲ့သို့ဖြစ်၏။

(ယာကုပ် ၂း၁၉ နှင့် ၁ကော ၈း၄) တို့တွင် ဘုရားသခင်တစ်ဆူတည်းဖြစ်ကြောင်း ဘယ်ကဲ့သို့ပြောဆိုထားသနည်း။

## တနင်္လာ ဇန်နဝါရီ ၂

## ခရစ်တော်၏ဘုရားသခင်ဖြစ်မှု။ (ဖိလိပ္ပိ ၂း၆)။

တစ်ချိန်၌ ဖါရိရှဲအစစ်ဖြစ်သည့်ပေါလုသည် (ဖိလိပ္ပိ ၂း၆) တွင် ခရစ်တော်၏ဘုရားသခင်ဖြစ်မှုကို ဘယ်ကဲ့သို့ပြောဆိုသနည်း။

ဧဝံဂေလိမှတ်တမ်းများဖြစ်သည့် (မဿဲ ၁၄း၃၃။ ၂၈း၉။ လုကာ ၂၄း၅၀–၅၂ နှင့် ယော ၉း၃၅–၃၈) တွင် သခင်ယေရှုသည် သူများတို့၏ဝတ်ပြုကိုးကွယ်ခြင်းကို ဘယ်ကဲ့သို့လက်ခံခဲ့သည်ကို ပြန်လည်လေ့လာပါ။ (တမန် ၁၄း၈–၁၈) တွင် ပေါလုနှင့်နှိုင်းယှဉ်ကြည့်ပါ။ ဤဝတ်ပြုကိုးကွယ်ခြင်းအရာအားလုံးကို သခင်ယေရှုလက်ခံခြင်းသည် ခရစ်တော်သည် ထာဝရဘုရားသခင်ဖြစ်မှုကို ဘယ်ကဲ့သို့ပြသသနည်း။

သခင်ယေရှုအား တရားစီရင်ချိန်၌ လူတစ်ဦးသည် သခင်ယေရှုအား ဘုရားသခင်၏သားတော်ဖြစ်ကြောင်း မိမိကိုယ်ကိုပြောဆိုသည်ဟု စွပ်စွဲခဲ့သည်။ (ယော ၁၉း၇။ မဿဲ ၂၆း၆၃–၆၅)။ အကယ်၍

သခင်ယေရှုသည် မိမိကိုယ်ကိုဘုရားသခင်မဟုတ်ကြောင်း ခံယူပါက ဤအချိန်၌ မှားယွင်းသောသဘောကိုပြင်ရန် သခင်ယေရှုအတွက် အကောင်းဆုံးသောအခွင့်ထူးဖြစ်လိမ့်မည်။ သို့သော် သူသည် မည်ကဲ့သို့မျှပြန်လည်ပြောဆိုခြင်းမရှိပါ။ ပြင်ရန်လည်း ဘာမျှမရှိပါ။ ယဇ်ပုရောဟိတ်မင်းကြီးကာယဖရှေ့၌ သခင်ယေရှုသည် ဘုရားသခင်ဖြစ်ကြောင်းကို ကိုယ်တိုင်ဝန်ခံခဲ့သည်။ ထိုကြောင့် ဤနေရာတွင် ခရစ်တော်၏ဘုရားသခင်ဖြစ်မှုသက်သေသည် သမ္မာကျမ်း၌ ဖေါ်ပြထားသည်ကိုတွေ့ရ၏။

သခင်ယေရှု၏အသက်တာအကြောင်းအချိန်ယူပြီး စဉ်းစားပါ။ သခင်ယေရှုသည် စကြဝဠာကို ဖန်ဆင်းတော်မူသောသူဖြစ်ကြောင်းကို လေးနက်စွာစဉ်းစားပါ။ သူ၏ဘုရားသခင်ဖြစ်ခြင်းသည် ဘုရားသခင်လောကိုချစ်ခြင်းအကြောင်း ဘယ်ကဲ့သို့ကျွန်ုပ်တို့အားပြောသနည်း။ ဤအံ့ဖွယ်ကောင်းလှသောဖြောင့်မတ်ခြင်းတရားသည် သင့်အား အဘယ်ကြောင့် နှစ်သိမ့်ခြင်းနှင့်မျှော်လင့်ခြင်းကိုပေးသနည်း။

**အင်္ဂါ** **ဇန်နဝါရီ ၃**

**သန့်ရှင်းသောဝိညာဉ်တော်။ (က ၁း၂)။**

သမ္မာကျမ်းစာတော်မြွတ်၌ ရှေးဦးစွာပေါ်လာသည့်သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်အကြောင်းကို (က ၁း၂) တွင် ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။

(မဿဲ ၂၈း၁၉) တွင် သုံးပါးတစ်ဆူထာဝရဘုရား၌ ပါဝင်သည့်ပုဂ္ဂိုလ်များအကြောင်း ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။



ယုံကြည်သူအသစ်တို့သည် ဗတ္တိဇံကိုခံယူသည့်အခါ၌ သခင်ယေရှုသည် ထာဝရဘုရားသခင်၌ ပါဝင်သည့်ပုဂ္ဂိုလ်သုံးဦးအား ဖေါ်ပြခဲ့သည်။ ဤဗတ္တိဇံခံယူခြင်းအစီအစဉ်သည် ယနေ့ခရစ်ယာန်အများစုက ကျင့်သုံးလျက်ပင်ရှိသည်။ ခရစ်တော်နောက်သို့လိုက်ရန် ရွေးချယ်သောသူသည် ဘုရားသခင်၏နာမတော်၌ ဗတ္တိဇံကိုခံယူရသည်။ သုံးပါးတစ်ဆူတည်းဟူသောဘုရားသခင်သည် တစ်ဦးတည်းအဖြစ် အလုပ်လုပ်သည်။

သခင်ယေရှုဗတ္တိဇံခံယူစဉ်အချိန်၌ တစ်ဆူတည်းဘုရားဝင်သုံးဦးလုံးပါဝင်တည်ရှိနေခဲ့သည်။ (မာကု ၁း၉–၁၁) ကိုဖတ်ပါ။ ကောင်းကင်သည် "ကွဲ၍" ဟု မာကုဖေါ်ပြထားသည်ကိုတွေ့ရသည်။ သုံးပါးတစ်ဆူတွင် ပါဝင်သည့်အဖွဲ့ဝင်သုံးဦးကို အံ့ဖွယ်ကောင်းစွာဖြင့် ထာဝရဘုရားသခင်ကို ဖေါ်ပြထားခြင်းဖြစ်သည်။

(တမန် ၅း၁–၁၁) ကိုဖတ်ပါ။ သုံးပါးတစ်ဆူတွင် ပါဝင်သည့်သန့်ရှင်းသောဝိညာဉ်တော်အကြောင်းကို ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။

**ဗုဒ္ဓဟူး** **ဇန်နဝါရီ ၄**

**တန်းတူတညီတညွတ်တည်းတည်ရှိခြင်း။ (က ၁း၂၆၊၂၇)။**

သုံးပါးတစ်ဆူဘုရားသခင်အကြောင်း (က ၁း၂၆၊၂၇) တွင် ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။

သုံးပါးတစ်ဆူဘုရားသခင်အကြောင်းကို (က ၁၁း၇၊၈) တွင် ဗာဗုလုန်ရဲတိုက်တည်ဆောက်ရာ၌ ဖေါ်ပြထားသည်ကိုလည်းတွေ့ရှိနိုင်သည်။ ဤနေရာ၌ ထာဝရဘုရားသခင်စကားပြောရာတွင် ဗဟုဝုစ်ကိုအသုံးပြုထားသည်ကို တွေ့ရှိရသည်။

(ဟေရှာယ ၆း၈) ၌လည်း သုံးပါးတစ်ဆူဘုရားသခင် အကြောင်းဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။

ပင်တေကုတ္တေပွဲတော်၌ ပေတရုသည် ခရစ်တော်ကိုသုံးပါး တစ်ဆူဘုရားသခင်အဖွဲ့ဝင်ဖြင့် ဘယ်ကဲ့သို့ဂုဏ်ပြုချီးမြှောက်သနည်း။ (တမန် ၂း၃၃) ကိုဖတ်ပါ။ သုံးပါးတစ်ဆူတည်းကို ယုံကြည်သည့် သစ္စာရှိဂျူးလူမျိုးပေတရုသည် ကောင်းကင်၌ ယခုရှိနေသောခရစ်တော်၏အခန်းကဏ္ဍကို ဟောပြောသွန်သင်၏။ ယုံကြည်သူဂျူးလူမျိုးတို့ ထံသို့ ပေးစာတွင်ပေတရုသည် သုံးပါးတစ်ဆူဘုရားသခင်ဖြစ်ကြောင်း ကို သက်သေပြပြန်သည်။ (၁ပေ ၁း၁-၃)။

(၂ကော ၁း၂၀-၂၂) တွင် ပေါလုသည် ကယ်တင်ခြင်း စီမံကိန်းအကြောင်းရှင်းပြရာ၌ သုံးပါးတစ်ဆူဘုရားသခင်အကြောင်း ကို ဘယ်ကဲ့သို့ပြသနည်း။ (၂ကော ၁၃း၁၄) ကိုလည်းဖတ်ပါ။

## ကြာသပတေး ဇန်နဝါရီ ၅

**သုံးပါးတစ်ဆူဘုရားသခင်နှင့်ကယ်တင်ခြင်း။ (ယော ၁၄-၁၆)။**

ယောဟန် (၁၄-၁၆) ကိုဖတ်ပါ။ ခရစ်တော်၏ဆုတောင်း ပတ္ထနာပြုခြင်း၌ သုံးပါးတစ်ဆူဘုရားသခင်ကို ဘယ်နှစ်ကြိမ်မျှပါသည် ကိုရေတွက်ပါ။ ဤအရေးကြီးသည့်ဖြောင့်မတ်ခြင်းတရားသည် အမှန် တကယ်ဖြစ်သည်ကို ဤကျမ်းပိုဒ်များက ကျွန်ုပ်တို့နားလည်ရန် ဘယ်ကဲ့သို့ကူညီသနည်း။

ယောဟန်ခရစ်ဝင်ကျမ်း၌ ဤကျမ်းပိုဒ်များသည် သုံးပါး တစ်ဆူထာဝရဘုရားသခင်သည် ပုဂ္ဂိုလ်သုံးဦးတန်းတူတညီတညွတ် တည်းတည်ရှိနေမှုကိုပြသောအကောင်းဆုံးဥပမာများဖြစ်သည်။ သုံးပါး တစ်ဆူဘုရားသခင်၏သဘောသည် ကျမ်းစာထဲ၌ ခိုင်လုံသည့် ကျမ်းပိုဒ်များစွာမှ အခြေခံထားခြင်းဖြစ်သည်။

သုံးပါးတစ်ဆူဘုရားသခင်တွင် ခရစ်တော်၏အခန်းကဏ္ဍ သည် အထူးအရေးကြီးသည်။ အကယ်၍ ခရစ်တော်သည် ဘုရား သခင်အမှန်အပြည့်အဝမဖြစ်ခဲ့သော် ထာဝရဘုရားသခင်သည် ကျွန်ုပ် တို့အပြစ်၏ဒဏ်ခတ်ခြင်းကို သူကိုယ်တိုင်မခံယူဘဲ အခြားသူတစ်ဦး ကိုခံယူစေသည်ဟု အဓိပ္ပါယ်ပေါ်မည်ဖြစ်သည်။

အသေအချာစဉ်းစားကြည့်ပါ။ သခင်ယေရှုခရစ်သည် ဘုရား သခင်မဟုတ်ဘဲ ဖန်ဆင်းခြင်းခံရသည့်လူတစ်ဦးသာဖြစ်မည်ဆိုပါက သူသည် ကျွန်ုပ်တို့အား ထာဝရဘုရားသခင်အပြစ်ဒဏ်ခတ်မှုကို ဘယ်ကဲ့သို့အပြည့်အဝခံယူနိုင်မည်နည်း။ ထာဝရဘုရားသခင်၏ သန့်ရှင်းသောပညတ်တရားကို ချိုးဖေါက်သည့်ကျိန်ဆဲခြင်းကို ခံရ သည့်လူသားများအား သူသည် မည်မျှပင်ကျော်ကြားကြီးမြတ်သည် ဖြစ်စေ၊ ဖန်ဆင်းခံသူတစ်ဦးဖြစ်ပါက အဘယ်ကဲ့သို့ကယ်တင်နိုင် မည်နည်း။

ခေတ္တခဏအချိန်ယူစဉ်းစားပါ။ စကြဝဠာဖန်ဆင်းရှင်သည် ၎င်း၌ကတိတော်ရှိသည့်ထာဝရအသက်ရစေခြင်းငှါ သင့်အတွက် အသေခံခဲ့ပြီ။ ဤအံ့ဖွယ်ကောင်းသည့်အမှန်တရားသည် သင့်အား မည်ကဲ့သို့မျှော်လင့်ခြင်းပေးနိုင်သနည်း။ ဤမျှော်လင့်ခြင်းအပြင် မည်သည့်အရာသည်လည်းအရေးကြီးပါသနည်း။

**သောကြာ** **ဇန်နဝါရီ ၆**

**ထပ်ဆင့်လေ့လာရန်။**

"---သူ၏အမည်ကို ဧမာနွေလဟု မှည့်ရကြမည်။ ---ငါတို့နှင့်အတူရှိသောဘုရားသခင်--- 'ဘုရားသခင်၏ဘုန်းတော်ကို သိသောပညာအလင်း' သည် 'ခရစ်တော်၏မျက်နှာတော်၌ ထင်ရှားလျက်ရှိ၏။' ထာဝစဉ်ကာလအဆက်ဆက်မှ သခင်ယေရှုခရစ်သည် ခမည်းတော်နှင့်အတူ တည်ရှိခဲ့သည်။ သူသည် သခင်ဘုရား၏ သဏ္ဍာန်ထာဝရဘုရားအဖြစ် ၎င်း၏ဘုန်းတော်ကို ကျော်လွန်ထွန်းတောက်သည့်ကြီးမားသောတန်ခိုးပိုင်ရှင်ဖြစ်၏။ ဤဘုန်းတန်ခိုးကိုပြရန် သခင်ယေရှုသည် ကျွန်ုပ်တို့၏ကမ္ဘာသို့ ကြွလာတော်မူခြင်းဖြစ်သည်။" *E.G.White, DA, p. 19* မှကောက်နုတ်သည်။

-ဝ-

**သင်ခန်းစာ (၂)**

## အစအဦး၌

ဇန်နဝါရီ ၇ - ၁၃

**သတ္တမနေ့မွန်းလွဲပိုင်း** **ဇန်နဝါရီ ၇**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** မဿဲ ၁၉း၄။ ယောဘ ၃၈း၄-၇။ တရားဟော ၃၂း၁၀၊၁၁။ ဆာလံ ၁၉။ ယောဟန် ၁း၁-၁၃။ ရောမ ၅း၁၂။ ဟေရှာယ ၆၆း၂၂။

**အလွတ်ကျမ်းချက်**

**"အကြောင်းမူကား၊ ထိုသားတော်သည် ကောင်းကင်ပေါ်၊ မြေကြီးပေါ်မှာရှိသမျှသောရူပအရာ၊ အရူပအရာ၊ ရာဇပလ္လင်ဖြစ်စေ၊ အစိုးရခြင်းတန်ခိုးဖြစ်စေ၊ အထွတ်အမြတ်ဖြစ်စေ၊ အာဏာစက်ဖြစ်စေ၊ ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ထိုသခင်အားဖြင့်လည်းကောင်း၊ ထိုသခင်အဖို့အလို့ငှါလည်းကောင်း ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းလျက်ဖြစ်ကြ၏။" (ကောလောသဲ ၁း၁၆)။**

ကျွန်ုပ်တို့၏ဓာတ်မြစ်မူလအစသဘောတရားနှစ်ရပ်ဖြစ်သည့်ဖန်ဆင်းခြင်း (Creation)နှင့် ဆင့်ကဲဆင့်ကဲတဖြည်းဖြည်းဖြစ်ပေါ်လာခြင်း (evolution)တို့သည် အဘယ်ကြောင့် အလွန်ကွဲပြားခြားနားသည်ကို စဉ်းစားရန် ခက်မည်ဖြစ်၏။ ဖန်ဆင်းခြင်းသည် သခင်ဘုရားမှ သေချာစွာစီမံထားသည်ကို ကျမ်းစာတော်မြတ်က

သွန်သင်ထားပါသည်။ သူသည် အဘယ်သို့သောအရာကိုမျှ အမှတ်မထင်ထားခဲ့ခြင်းမရှိပါ။

ယခုအပတ်၌ ကျွန်ုပ်တို့သည် ကျမ်းစာတော်မြတ်မှ ဖန်ဆင်းခြင်းသဘောတရားအကြောင်းကို လေ့လာမည်ဖြစ်ပြီး ၎င်းအရာသည် ကျမ်းစာ၏ဖြောင့်မတ်ခြင်းတရားအားလုံး၏အခြေခံအုတ်မြစ်ဖြစ်သည်ကိုသင်ကြားမည်ဖြစ်သည်။ ဖန်ဆင်းခြင်းကို မှားယွင်းစွာကျွန်ုပ်တို့နားလည်ခဲ့သော် အခြားများစွာသောအရာများလည်း မှားယွင်းသွားမည်ဖြစ်ကြောင်း သေချာသည်။ ဤသွန်သင်ချက်သည် မည်မျှအရေးကြီးသည်ကို (Seventh-day Adventist) ခရစ်ယာန်များအနေဖြင့် ယုံကြည်သည်။

**တနင်္ဂနွေ** **ဇန်နဝါရီ ၈**

**ဖန်ဆင်းခြင်းရက်သတ္တတစ်ပတ်။ (က ၁း၁)။**

သခင်ဘုရားသည် ဖန်ဆင်းရှင်အဖြစ် စတင်လုပ်ဆောင်နေကြောင်းဖြင့် ကမ္ဘာဦးကျမ်းကို စတင်ဖွင့်သည်ကိုတွေ့ရ၏။

(က ၁း၁) သည် Darwin ၏ evolution နှင့် မတူညီသည်ကို ကျမ်းစာတော်မြတ်က ဘယ်ကဲ့သို့ပြသသနည်း။

ဘုရားသခင်သည် ၎င်း၏လှပသောကျွမ်းကျင်မှုဖြင့် ဖန်ဆင်းခြင်းကို ပြုလုပ်ခဲ့သည်။ ကျမ်းအတွေးအခေါ်ရှင်များက ညွှန်ပြခဲ့သည်။ ကျမ်းစာထဲတွင် ဖန်ဆင်းခြင်းကို ဘယ်ကဲ့သို့ဖော်ပြထားသည်ကိုလည်း ညွှန်ပြသည်။ (က ၁း၂) တွင် ဘုရားသခင်သည် အရာများကို ဘယ်ကဲ့သို့ဖွဲ့စည်းသည်ကို ဖော်ပြသည်။ **"မြေကြီးသည် အဆင်းသဏ္ဌာန်မရှိ၊ လွတ်လပ်လဟာဖြစ်၏။"** ပထမ (၃) ရက်တွင်



သူသည် **"အဆင်းသဏ္ဌာန်မရှိ"** သည်ကို အဆင်းသဏ္ဌာန်ရှိအဖြစ်ဖန်ဆင်းလိုက်သည်။ နောက် (၃) ရက်တွင် လွတ်လပ်လဟာဖြစ်ခြင်းကို ဖြည့်ဆည်းပေးလိုက်သည်။ အရေးကြီးသည့်အချက်သည် ဘယ်အရာမျှမတော်တဆဖြင့် ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ အရာခပ်သိမ်းတို့သည် စနစ်တကျစီစဉ်ထားခြင်းဖြစ်သည်။

(မဿဲ ၁၉း၄။ ထွက် ၂၀း၈–၁၁။ ၁တိ ၂း၁၃ နှင့် ဟေရှာယ ၄၀း၂၆) အရ ကျမ်းစာထဲမှ ဖန်ဆင်းခြင်းပုံပြင်ကို ကျမ်းစာထဲမှ ယုံကြည်သောသူအချို့ကား ဘယ်သူများနည်း။

**တနင်္လာ** **ဇန်နဝါရီ ၉**

**ဖန်ဆင်းရှင်၏နှလုံးသား။ (ယောဘ ၃၈း၄–၇)။**

(ယောဘ ၃၈း၄–၇) အရ စိတ်လှုပ်ရှားဖွယ်ကောင်းသည့်ကမ္ဘာမြေဖန်ဆင်းခြင်းအချို့တို့ကို ယောဘအား ဘုရားသခင်ဘယ်ကဲ့သို့ပြသနည်း။

ဖန်ဆင်းခြင်းပထမအပတ်၌ ဖန်ဆင်းရှင်၏နှလုံးသားဝမ်းမြောက်သည့်အရိပ်အမြွက်ကို (က ၁း၂) တွင် တွေ့ရှိနိုင်သည်။ "ဘုရားသခင်၏ဝိညာဉ်တော်သည် ရေမျက်နှာပြင်ပေါ်မှာ လှုပ်ရှားတော်မူ၏" ဟုဆိုသည်ကိုတွေ့ရ၏။

(တရားဟော ၃၂း၁၀၊၁၁) တွင် မောရှေသည် ထိုစကားရပ်ကိုဒုတိယအကြိမ်ဖြင့် ဘယ်ကဲ့သို့အသုံးပြုထားသနည်း။

ရွှေလင်းတသည် မိမိ၏ကလေးငယ်များအတွက် အသိုက်ကို ယုယစွာပြင်ဆင်တည်ဆောက်နေသည်ကို စဉ်းစားပါ။ ထိုနောက် ၎င်း၏သားငယ်တို့အပေါ် အတောင်ကိုဖြန့်လျက် လှုပ်ရှားကာ အစာ

ကျွေးခြင်း၊ ဘယ်ကဲ့သို့ပျံ့ရမည်ကို သင်ကြားခြင်းတို့ပြုလုပ်သည်ကို မြင်ယောင်ကြည့်ပါ။ မောရှေသည် သိုးများကိုအနှစ် (၄၀) ပတ်လုံး ကြည့်လာခဲ့ရာ နှစ်စဉ်ထိုအခြင်းအရာတို့ဖြစ်နေသည်ကို တွေ့မြင်ရမည်ဖြစ်၏။ ထိုနောက် ဘုရားသခင်၏ချစ်နှစ်သက်ဖွယ်ကောင်းသည့် ယုယမှုကို ပြန်လည်စဉ်းစားမိမည်ဖြစ်၏။ ထိုနည်းတူလူသားတို့၏ "အသိုက်" (ကမ္ဘာမြေကြီး) ကိုပြုလုပ်စဉ် သန့်ရှင်းသောဝိညာဉ်တော်၏စိတ်လှုပ်ရှားခံစားမှုကို မောရှေဤကဲ့သို့ပင် မြင်ယောင်မည်ဖြစ်၏။

သဘာဝ၏အံ့ဖွယ်ရာများကို စဉ်းစားကြည့်ပါ။ ထိုအရာ၌ ဘုရားသခင်၏အံ့ဖွယ်ကောင်းသည့်ချစ်ခြင်းမေတ္တာတော်ကို သင်ဘယ်ကဲ့သို့မြင်သနည်း။

## အင်္ဂါ — ဇန်နဝါရီ ၁၀

**မိုးကောင်းကင်သည် ဘုရားသခင်၏ဘုန်းအသရေကို ကြားပြော၏။ (ဆာလံ ၁၉)။**

ဆာလံကျမ်း၌ ဖန်ဆင်းရှင်၏ဂုဏ်တော်ကို ချီးမွမ်းသည့် သီချင်းမြောက်မြားစွာရှိသည်။ ဆာလံကျမ်းရေးသားသူတို့သည် သခင်ဘုရား၏ကြီးမြတ်သောအလုပ်အကြောင်းကို ဝမ်းမြောက်ခြင်းကြီးစွာဖြင့် မှန်မှန်ပြောဆိုလျက်ရှိသည်။

**ဆာလံ (၁၉)။** ဤဆာလံကျမ်း၏တွေးခေါ်လမ်းကြောင်းသည် ထင်ရှားပြတ်သားသည်။ ဦးစွာဒါဝိဒ်သည် နေမင်းကြီး၏မီးတောက်မီးလျှံများအပါအဝင် ကောင်းကင်နှင့်အာကာသတို့၏အလှအပကို ရေးသားဖေါ်ပြထားသည်ကို တွေ့ရ၏။ နေ၏တောက်ပသည့်စွမ်းအား





ကို မင်္ဂလာဆောင်လုလင်ကဲ့သို့လည်းကောင်း၊ ခွန်အားကြီးအပြေးသမားကဲ့သို့လည်းကောင်း နှိုင်းယှဉ်ရေးသားထားသည်။ ထိုနောက် နေမင်း၏ဘုန်းတန်ခိုးကို သခင်ဘုရား၏ပညတ်တရားဖြင့်လည်းကောင်း၊ ပညတ်တရားများ၏တန်ခိုးဖြင့်လည်းကောင်း တူသည်ဟုဆိုသည်။ သခင်ဘုရား၏ကြီးမြတ်သောဖန်ဆင်းခြင်းအလုပ်တို့သည် ပညတ်တရားများနှင့် ဆက်နွယ်လျက်ရှိသည်။ (ငယ် ၇–၁၁)။

**ဆာလံ (၉၂)။** "ဤ (Sabbath) နေ့အဖို့ ဆာလံသီချင်း" သည် လက်တော်ဖြင့် ဖန်ဆင်းခြင်းအရာတို့ကိုပြုလုပ်ခြင်း၊ သစ္စာရှိခြင်း၊ ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ကျေးဇူးတင်သောနှလုံးသားမှချီးမွမ်းထောမနာပြုခြင်းဖြင့် ဖွင့်သည်ကိုတွေ့ရ၏။ သခင်ဘုရား၏ဖန်ဆင်းခြင်းအကြောင်းကို ပိုမိုသင်ကြားလေ၊ အံ့ဖွယ်ကောင်းသည့်ဖန်ဆင်းခြင်းတန်ခိုးကို ပိုမိုထင်ရှားစွာတွေ့မြင်နိုင်လေဖြစ်၏။

ကျွန်ုပ်တို့၏ကမ္ဘာကြီးသည် အပြစ်နှင့်ဖျက်ဆီးခြင်းကိုခံခဲ့ရသည်။ သို့သော် အပြစ်၏ဖျက်ဆီးခြင်းရောဂါသည် သဘာဝတွင်မြင်ရသည့်ချစ်ခြင်း၊ ကောင်းမြတ်ခြင်းတို့ကို ပယ်ရှား၍ မရနိုင်ပါ။ ထိုချစ်ခြင်းနှင့်ကောင်းမြတ်ခြင်းအရာတို့သည် ဖန်ဆင်းရှင်၏ကောင်းမြတ်ခြင်းကို ပြသနေခြင်းဖြစ်သည်။

## ဗုဒ္ဓဟူး — ဇန်နဝါရီ ၁၁

**ဖန်ဆင်းခြင်းနှင့်ကပ်တိုင်။ (ယော ၁း၁–၁၃)။**

(ယော ၁း၁–၁၃) တွင် ကပ်တိုင်နှင့်ဖန်ဆင်းခြင်းကို ယောဟန်ဘယ်ကဲ့သို့နည်းဖြင့် ဆက်စပ်ထားသနည်း။ အဘယ်ကြောင့် ဤသွန်သင်မှုနှစ်ရပ်သည် ဆက်စပ်နေပါသနည်း။

အကယ်၍ (evolution)ဆင့်ကဲဆင့်ကဲဖြစ်ပေါ်လာမှုသည် မှန်သည်ရှိသော် သခင်ဘုရားသည် လူသဏ္ဍာန်ကိုဖြစ်ရန် မျောက်မှဆင့်ကဲဆင့်ကဲပြုလုပ်ခဲ့သည်ဟု အဓိပ္ပါယ်ပေါက်မည်။ နောက်ဆုံးရန်သူ သေမင်းကိုဖယ်ရှားရန် (evolution)၏ကြောက်မက်ဖွယ်ကောင်းသည့် ပြောင်းလဲခြင်းကို ဖြစ်စေသည်ဟု အနက်ဆောင်မည်ဖြစ်၏။ (၁ကော ၁၅း၂၆)။ ထိုသို့ဖြစ်သော် (evolution)အရ လူကိုဖန်ဆင်းရန် ဘုရားသခင်သည် ဤနည်းကိုအသုံးပြုခဲ့သော် သေခြင်းသည် အဘယ်ကဲ့သို့ ရန်သူဖြစ်နိုင်မည်နည်း။ အကယ်၍သာ ဤသို့မှန်ကန်သော် သခင်ဘုရားသည် ၎င်း၏သဏ္ဍာန်နှင့်တူသော လူတစ်ဦးကို ဖန်ဆင်းနိုင်ရန် လူသေမြောက်မြားစွာကို အသုံးပြုရမည်ဖြစ်၏။ သခင်ယေရှုခရစ်သည် လူသားများကို လာရောက်ကယ်တင်ခြင်းသည်လည်း ဖန်ဆင်းရှင်အနေဖြင့် လူကိုအစမူလက ဖန်ဆင်းခဲ့သည့်နည်းမှ ကယ်တင်ရန်ဖြစ်မည်ဟု အနက်သက်ရောက်မည်ဖြစ်၏။ ဤအရာကိုမဖြစ်နိုင်ရာ မိုက်မဲသည်ဟုထင်ပါက အမှန်တကယ်ပင်မိုက်မဲခြင်းသာဖြစ်သည်။

(ရောမ ၅း၁၂) သည် ကမ္ဘာဦးကျမ်းဖန်ဆင်းခြင်းပုံပြင်သည် ကယ်တင်ခြင်းစီမံကိန်းတစ်ခုလုံးအတွက် အဘယ်မျှအရေးကြီးသည်ကိုကျွန်ုပ်တို့နားလည်ရန် ဘယ်ကဲ့သို့ကူညီသနည်း။

**ကြာသပတေး ဇန်နဝါရီ ၁၂**

**ဖန်ဆင်းခြင်းနှင့်အသစ်ပြန်လည်ဖန်ဆင်းခြင်း။ (ဟေရှာယ ၆၅း၁၇)။**

(ဟေရှာယ ၆၅း၁၇) တွင် မည်သည့်အံ့သြဖွယ်ကောင်းသည့် ကတိတော်များကို တွေ့ရှိနိုင်သနည်း။ (ဟေရှာယ ၆၆း၂၂။ ၂ပေ



၃း၁၃။ ဗျာ ၂၁း၄) ၌လည်း ကမ္ဘာဦးကျမ်းအဖွင့်အခန်းကြီးများ၌ ပြသသည့်ဖန်ဆင်းခြင်းပုံပြင်နှင့် ဘယ်ကဲ့သို့ဆက်စပ်နေသနည်း။

ခရစ်ယာန်များအားလုံး၏မျှော်လင့်ခြင်းသည် ကောင်းကင်သစ်နှင့်မြေကြီးသစ်ကတိတော်များအပေါ်၌သာ မှီခိုလျက်ရှိသည်။ အပြစ်၏ပျက်စီးမှုမှကင်းသော ကောင်းကင်နှင့်မြေကြီးဖြစ်သည်။ ထိုမျှော်လင့်ခြင်း (သို့မဟုတ်) ထိုကတိတော်မရှိခဲ့သော် ကျွန်ုပ်တို့သည် အမှန်တကယ်မျှော်လင့်ခြင်းကား မရှိတော့ပြီ။

ဤဖြောင့်မတ်ခြင်းတရားများသည် အလွန်စိတ်ပါဝင်စားဖွယ်ကောင်းသည့်မေးခွန်းများသို့ ပို့ဆောင်သည်။ (က ၁ နှင့် ၂) တွင် ဖန်ဆင်းခြင်းပထမအပတ်တွင် ဘယ်ကဲ့သို့အလုပ်လုပ်သည်ကိုလည်းကောင်း၊ အစအဦးအကြောင်းနှင့်သော်လည်းကောင်း ဘယ်ကဲ့သို့ဖြစ်သည်ကို သိကောင်းစရာပင်ဖြစ်သည်။ မေးခွန်းမှာဘုရားသခင်သည် ကမ္ဘာဦးကျမ်းတွင် ဖေါ်ပြထားသကဲ့သို့ ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ၎င်း၏စုံလင်သောအမိန့်ဖြင့် ပြန်လည်ဖန်ဆင်းမည်လော။

သို့တည်းမဟုတ် ဖန်ဆင်းခြင်းဖြစ်စဉ်သည် ဆင့်ကဲဆင့်ကဲဖြစ်ခြင်းဖြင့် နှစ်သန်းပေါင်းများစွာကြာပြီးမှ နောက်ဆုံးစုံလင်သည့်ကမ္ဘာမြေကြီးသစ်ဖြစ်ပေါ်လာမည်လော။ (၂ပေ ၃း၁၃)။

**သောကြာ ဇန်နဝါရီ ၁၃**

**ထပ်ဆင့်လေ့လာရန်။**

“(Evolution) ဆင့်ကဲဆင့်ကဲတဖြည်းဖြည်း အရာများဖန်တီးလာခြင်းသဘောသည် အလွန်ဆိုးယုတ်သောသစ္စာမဲ့ခြင်းတစ်မျိုးဖြစ်သည်။

ဖန်ဆင်းခြင်းကို ယုံကြည်သည်ဟု ခံယူသည့်များစွာသောသူတို့သည် အမှန်တကယ်မယုံကြည်ဘဲလျက် ၎င်းတို့၏သစ္စာမဲ့ခြင်းကို ဖုံးကွယ်ထားခြင်းပင်ဖြစ်သည်။" E.G.White, The Signs of the Times, March 20, 1879 မှကောက်နုတ်သည်။

"သခင်ဘုရားသည် ကမ္ဘာမြေကြီးကို ခြောက်ရက်တွင် ဖန်ဆင်းပြီး သတ္တမနေ့တွင် ငြိမ်ဝပ်စွာနေသည်ကို ကြေညာခဲ့သည်။ နေဝင်၊ နေထွက်ဖြင့် (၂၄) နာရီတစ်ရက်ဟု သူအမှန်တကယ်သတ်မှတ်ခဲ့သည်ကို ဆိုလိုခြင်းဖြစ်သည်။" Testimonies to Ministers and Gospel Workers, p. 136 မှကောက်နုတ်သည်။

–၀–



## သင်ခန်းစာ (၃)
## ရွေးနုတ်သူအဖြစ်ထာဝရဘုရားသခင်
ဇန်နဝါရီ ၁၄ – ၂၀

**သတ္တမနေ့မွန်းလွဲပိုင်း** **ဇန်နဝါရီ ၁၄**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (ရောမ ၁း၁၈။ က ၃း၁၅။ ရောမ ၁၆း၂၀။ ၁ပေ ၁း၁၉။ မာကု ၁၀း၃၂–၄၅။ မဿဲ ၂၇း၄၆)။

**အလွတ်ကျမ်းချက်**

**"အသေသတ်ခြင်းကိုခံခဲ့ပြီးသောသိုးသငယ်သည် တန်ခိုး၊ စည်းစိမ်၊ ပညာ၊ အစွမ်းသတ္တိ၊ ဂုဏ်အသရေ၊ ဘုန်းအာနုဘော်၊ ကောင်းချီးမင်္ဂလာကိုခံထိုက်တော်မူ၏ဟု ကြီးသောအသံနှင့် ပြောဆိုကြ၏။" (ဗျာ ၅း၁၂)။**

ထာဝရဘုရားသခင်သည် ကျွန်ုပ်တို့၏ဖန်ဆင်းရှင်ဖြစ်၏။ ရွေးနုတ်သူလည်းဖြစ်၏။ အပြစ်သည် အလွန်ဆိုးသွမ်းသည်ဖြစ်ရာ ဖန်ဆင်းရှင်ကိုယ်တိုင် ထိုပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထိုသို့လည်း ခရစ်တော်အနေဖြင့် ပြုလုပ်ခဲ့သည်။

အသင်းတော်ကို ပေါလုပြောရာ၌ **"အကြောင်းမူကား၊ ဆုံးရှုံးခြင်းသို့ရောက်သောသူတို့၌ လက်ဝါးကပ်တိုင်တော်တရားသည် မိုက်သောတရားဖြစ်၏။ ကယ်တင်ခြင်းသို့ရောက်သောငါတို့၌ ထိုတရားသည် ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏။"** (၁ကော ၁း၁၈)။ လူသားတို့၏အတွေး၌ ကပ်တိုင်သည် မိုက်မဲသည်ဟု

ထင်ရ၏။ ကျွန်ုပ်တို့၏သန့်ရှင်းသောဖန်ဆင်းရှင်၊ ထာဝရဘုရားသခင်သည် မစုံလင်သောလူသားတို့၏ဝိညာဉ်နှင့် ၎င်း၏ရန်သူများအတွက် ပင်လျှင် ပူဇော်ရာယဇ်ဖြစ်ခဲ့သည်။ လူတို့၏အပြစ်ဒဏ်ကို ၎င်းတို့ကိုယ်တိုင်မခံရရန်အတွက် ၎င်းတို့၏အပြစ်ဒဏ်ကို သူကိုယ်တိုင်ခံယူခဲ့သည်။ ပူဇော်ခြင်းအရာသည် အလွန်နက်ရှိုင်းသဖြင့် နားလည်ရန်ခက်၏။ နားလည်နိုင်စွမ်းမရှိသည့်အခါ၌ ဝတ်ပြုကိုးကွယ်ရန်သာရှိတော့သည်။

## တနင်္ဂနွေ ဇန်နဝါရီ ၁၅

**ကပ်တိုင်၌။ (ရောမ ၅း၈)။**

(ရောမ ၅း၈) သည် ကျွန်ုပ်တို့အား ဘာကိုပြောနေသနည်း။

ကပ်တိုင်၌ သခင်ဘုရားသည် ရန်သူအပေါ် အောင်ပွဲခံခဲ့သည်။ ချစ်ခြင်း၊ စီရင်ခြင်းနှင့်ကရုဏာသည် အံ့သြစွာဖြင့် အတူတကွပေါင်းစည်းခဲ့သည်။ ဘုရားသခင်သည် အပြစ်၏အခကို ပေးဆပ်ခဲ့ပြီး ၎င်းအပြစ်၏ဒဏ်ခတ်မှုကိုလည်း မိမိကိုယ်၌ခံယူခြင်းဖြင့် အပြစ်သားတို့ကို ခွင့်လွှတ်ခြင်းပေးခဲ့သည်။ ခွင့်လွှတ်ခြင်းသည် အဘယ်မျှအဖိုးထိုက်သည်ကို ကပ်တိုင်ပေါ်၌ ဘုရားသခင်ပြခဲ့သည်။

ပေါလုသည် သခင်ဘုရား၏အမျက်တော်ကိုဆွေးနွေးရန် ကြောက်ရွံ့ခြင်းမရှိပါ။ (ရောမ ၁း၁၈) တွင် ပေါလုဘယ်ကဲ့သို့ရှင်းပြသနည်း။

ပေါလု၏ပြင်းထန်သည့်ပြောကြားချက်သည် အပြစ်၏သြဇာလွှမ်းမိုးမှုအဘယ်မျှလေးနက်ကြောင်း ရှင်းလင်းဖော်ပြရန် လမ်းဖွင့်ပေးလိုက်သည်။ အဘယ်မျှလေးနက်မှုရှိသည်ကို အပြစ်အကြောင်းဆွေးနွေးခြင်းကို နောက်အခန်း (၂) ခုတွင် ဆက်ဦးမည်ဖြစ်သည်။ (ရောမ ၃း၂၀)။



ဧဝံဂေလိမှအံ့အားသင့်စေသည့်အရာသည် အပြစ်အပေါ်တိုက်ပွဲ၌ ဘုရားသခင်သည် အပြစ်ကိုအောင်မြင်ပြီး တစ်ချိန်တည်းမှာပင် ဝေဒနာခံစားခဲ့ရခြင်းဖြစ်သည်။ သခင်ဘုရားသည် စစ်ကိုနိုင်ပြီး ဝေဒနာကိုခံစားရသဖြင့် သူသည် ယုံကြည်သူအပြစ်သားများနှင့် ကတိတော်ကို ပြုလုပ်နိုင်သည်။ သခင်ဘုရား၏ချစ်ခြင်းမေတ္တာသည် ခွန်အားနည်းသည့်အတွက် အပြစ်နှင့်ဒုစရိုက်ကိုလက်ခံရသည်မဟုတ်၊ ၎င်းတို့အပေါ် ကြီးစွာသောအောင်မြင်ခြင်းကြောင့်သာဖြစ်သည်။

သင်၏အသက်တာ၌ အပြစ်ကိုအဘယ်မျှလေးနက်စွာခံယူသနည်း။ ထိုနောက် သင်၏ဆုံးဖြတ်ချက်များပြုလုပ်ရာ၌ ဘယ်ကဲ့သို့သောအကြောင်းပြချက်ဖြင့် အသုံးပြုသနည်း။

## တနင်္လာ ဇန်နဝါရီ ၁၆

**ဓမ္မဟောင်းကျမ်းမှဧဝံဂေလိတရား။ (က ၃း၁၅)။**

(က ၃း၁၅) အရ ကယ်တင်ခြင်း၏ပထမဦးဆုံးကတိတော်သည် ဘယ်အချိန်၌ ပေးသနည်း။ ဘယ်ကဲ့သို့အနက်ရှိသနည်း။

ပေါလုသည် (က ၃း၁၅) မှ ခွန်အားယူခဲ့သည်။ (ရောမ ၁၆း၂၀) တွင် သူဘယ်ကဲ့သို့ရှင်းပြသနည်း။ ပေါလုသည် မည်သည့်အချက်ကို ညွှန်ပြနေသနည်း။

(က ၂၂း၁–၁၉) ၌လည်း မောရှေသည် အလွန်သြဇာခွန်အားကောင်းသည့်ပူဇော်ခြင်းအကြောင်းပြောခဲ့သည်။ ဤပုံပြင်မှခရစ်တော်

၏အနာဂတ်ပူဇော်ခြင်းအကြောင်းကို ကျွန်ုပ်တို့ဘယ်ကဲ့သို့ သင်ကြားရယူမည်နည်း။

အာဗြဟံနှင့်ဣဇာက်ပုံပြင်တွင် အာဗြဟံအား "အဘ" ဟူ၍လည်းကောင်း၊ ဣဇာက်ကို "သား" ဟူ၍လည်းကောင်း ဘယ်နှစ်ကြိမ်မျှခေါ်သည်ကို သတိပြုပါ။

သူတို့သည် ယဇ်ပူဇော်ရာအရပ်သို့ ဘယ်ကဲ့သို့အတူတကွသွားသည်ကို သတိပြုပါ။ သားသည် ထင်းကိုသယ်ဆောင်ပြီး အဘသည် ယဇ်ပူဇော်ရာတို့ကို သယ်ဆောင်သွားသည်။ ဣဇာက်သည် ၎င်း၏ဖခင်ထက်ငယ်ရွယ်သည်ဖြစ်ရာ အာဗြဟံအား တောင်ပေါ်၌ အနိုင်ယူနိုင်သည်။ ထိုသို့အံ့ဖွယ်ကောင်းသည့်နိမိတ်လက္ခဏာနှစ်ရပ်ကို ကျွန်ုပ်တို့တွေ့ရှိသည်။ ဖခင်သည် သားကိုပေးရန် အလိုဆန္ဒရှိသကဲ့သို့ သားသည်လည်း မိမိ၏အသက်ကိုစွန့်လွှတ်ရန် အလိုဆန္ဒရှိသည်ကို တွေ့ရသည်။

ကျွန်ုပ်တို့အတွက် ခရစ်တော်၏ကြီးမားသောပူဇော်ခြင်းသာဓကပင်ဖြစ်၏။ သို့သော် ဤအချိန်၌သားတော်အစား မည်သည့်သတ္တဝါမျှပူဇော်ရန်မရှိပါ။ သားတော်ကိုယ်တိုင်ယဇ်ပလ္လင်ပေါ်၌ အသေခံမည်ဖြစ်သည်။ အဖခမည်းတော်သည်လည်း သားတော်ကို အမှန်တကယ်ပေးဆပ်မည်ဖြစ်၏။ ထိုနောက် သားတော်သည် မိမိကိုယ်ကိုပေးအပ်မည်ဖြစ်၏။

**အင်္ဂါ** **ဇန်နဝါရီ ၁၇**

**ဟေရှာယကျမ်း၌ကယ်တင်ခြင်း။ (ဟေရှာ ၅၃)။**

ဧမောက်ရွာသို့ စိတ်ပျက်လျက်ရှိသောတပည့်တော်နှစ်ယောက်ခရီးသွားနေစဉ် သခင်ယေရှုသည် သူတို့နှစ်ယောက်အား



အပြစ်အတွက် ဆက်ကပ်ခြင်းအကြောင်းကို ပြောပြခဲ့သည်။ ဤအကြောင်းကို "မောရှေ၏ကျမ်းစာမှစ၍ ပုရောဖက်တို့၏ကျမ်းစာများ၌" ရှိသမျှအချက်ကို အနက်ရှင်းလင်းဖော်ပြခဲ့သည်။ (လုကာ ၂၄း၂၇)။ ၎င်း၏ဆက်ကပ်အပ်နှံခြင်းအကြောင်းတွင် မည်သည့်ပုရောဖက်ကိုပြောသောစကားများကို သခင်ယေရှုထည့်ပြောနိုင်ဖွယ်ရှိသနည်း။

ထိုသို့သခင်ယေရှုပြောရာ၌ ပုရောဖက်ဟေရှာယအကြောင်းလည်းပါနိုင်ဖွယ်ရှိသည်။

"နာကြည်းခြင်းဝေဒနာနှင့် အကျွမ်းဝင်သောသူ" အကြောင်းကို ဟေရှာယ (၅၃) တွင် ဖတ်ပါ။ ခရစ်တော်၏အံ့ဖွယ်ကောင်းသောဆက်ကပ်ခြင်းကို ပိုမိုနားလည်ရန် အသေးစိတ်ဖော်ပြထားသည်ကိုလေ့လာပါ။

အကယ်၍ ကျွန်ုပ်တို့၏အကျင့်အားဖြင့် သခင်ဘုရားနှင့်ကျွန်ုပ်တို့သင့်မြတ်စွာရှိနိုင်ပါက ခရစ်တော်သည် ကျွန်ုပ်တို့အတွက်လာရောက်အသေခံရန် လိုအပ်မည်မဟုတ်ပါ။ သို့သော် သူ၏သေခြင်းမှအပ ဘယ်အရာမျှ အပြစ်၏အခကို ပေးဆပ်နိုင်စွမ်းမရှိသည့်အတွက်သူသည် ကျွန်ုပ်တို့အတွက် လာရောက်အသေခံခဲ့ရသည်။

(၁ပေ ၁း၁၉ နှင့် ၁ပေ ၂း၂၁–၂၅) ကိုဖတ်ပါ။ ပေတရုသည် ခရစ်တော်ကျွန်ုပ်တို့အတွက် ဆက်ကပ်အပ်နှံခြင်းအကြောင်းဟေရှာယ (၅၃) ကို ဘယ်ကဲ့သို့အသုံးပြုပြီး ရှင်းပြသနည်း။

ဟေရှာယ (၅၃) ကိုဖတ်ပြီး ခရစ်တော်၏နောက်ဆုံးအသက်တာ၏မြင်ကွင်းကို စဉ်းစားပါ။ ထိုသို့ပြုလုပ်စဉ် ထိုသူသည် ကျွန်ုပ်တို့၏ဘုရားသခင်၊ ကျွန်ုပ်တို့၏ဖန်ဆင်းရှင်၊ သုံးပါးတစ်ဆူဘုရား

တစ်ပါးဖြစ်တော်မူသည်ကို စိတ်တွင်း၌ထားပါ။ ဤအံ့ဖွယ်ကောင်းလှသောဖြောင့်မတ်ခြင်းတရားကို ကျွန်ုပ်တို့ဘယ်ကဲ့သို့အပြည့်အဝပိုမိုနားလည်နိုင်မည်နည်း။

### ဗုဒ္ဓဟူး ဇန်နဝါရီ ၁၈

### ကပ်တိုင်နှင့်ဧဝံဂေလိတရား။ (မာကု ၁၀း၃၂–၄၅)။

(မာကု ၁၀း၃၂–၄၅) အရ သခင်ယေရှုသည် လာမည့်၎င်း၏သေခြင်းအကြောင်းကို ဘယ်ကဲ့သို့ရှင်းပြသနည်း။ ယာကုပ်နှင့်ယောဟန်သည် သခင်ယေရှုအား ဘာကိုတောင်းခံသနည်း။ ဤသို့တောင်းခံခြင်းသည် အဘယ်ကြောင့် မှားသနည်း။ သခင်ယေရှု၏အဖြေကား ဘယ်ကဲ့သို့နည်း။

သခင်ယေရှုအသေသတ်ခြင်းကိုမခံမီ တစ်ရက်အလိုညနေ၌သူ၏တပည့်တော်များနှင့် ပသခါပွဲတော်ကို ကျင်းပခဲ့သည်။ ထိုနောက်သခင်ယေရှုသည် သူမပြန်ကြွလာသည်တိုင်အောင် ဤပွဲတော်ကိုကျင်းပသွားရန် တပည့်တော်တို့ကိုမှာကြားခဲ့သည်။ ပွဲတော်မင်္ဂလာသည် သခင်ဘုရားကိုယ်တော်တိုင် စတင်ကျင်းပခဲ့သည်။ ဤပွဲတော်တစ်ခုတည်းကိုသာ အသင်းတော်တို့အား ကျင်းပပြုလုပ်ရန် မိန့်ကြားခဲ့သည်။ ဤပွဲတော်မင်္ဂလာသည် သူ၏နိမိတ်လက္ခဏာ (သို့မဟုတ်) သူသည် လူသားအဖြစ် မွေးဖွားခြင်းကို ဂုဏ်ပြုခြင်းမဟုတ်။ သူ၏သွန်သင်ချက်များနှင့် သင်ခန်းစာပေးပုံပြင်များကို ဂုဏ်ပြုခြင်းလည်းမဟုတ်။ သူ၏သေခြင်းအတွက်ကိုသာ ကျင်းပခြင်းဖြစ်သည်။ ခရစ်တော်သည် အရာခပ်သိမ်းတို့ထက် ၎င်း၏သေခြင်းကိုသာ သတိရစေလိုသောဆန္ဒရှိသည်။



သင်၏အသက်တာ၏အပြစ်များ၊ အမှားများနှင့် အတိတ်အကြောင်းတို့ကို ပြန်လည်စဉ်းစားပါ။ သင်ပြုခဲ့သမျှသောအရာများကို သင်ကိုယ်တိုင်ပယ်ဖျက် (သို့မဟုတ်) ခွင့်လွှတ်ခြင်းရရှိရန် ပြုလုပ်နိုင်မည်ဟု သင်ရိုးသားစွာထင်ပါသလား။ ထိုနောက် အဘယ်ကြောင့်ခရစ်တော်သင့်အတွက် အသေခံခြင်းသည် သင်၏အသက်တာတွင်အရေးအကြီးဆုံးအရာဖြစ်သနည်း။ ထိုကဲ့သို့မဖြစ်ခဲ့လျှင် သင်မည်ကဲ့သို့သောမျှော်လင့်ခြင်းရှိမည်နည်း။

### ကြာသပတေး ဇန်နဝါရီ ၁၉

### ကပ်တိုင်၌ကြွေးကြော်သံ။ (မဿဲ ၂၇း၄၆)။

ကပ်တိုင်ပေါ်၌ သခင်ယေရှုသည် “အကျွန်ုပ်၏ဘုရားသခင်၊ အကျွန်ုပ်၏ဘုရားသခင်၊ အဘယ်ကြောင့် အကျွန်ုပ်ကိုစွန့်ပစ်တော်မူသနည်း” ဟု ကြီးသောအသံနှင့်ကြွေးကြော်ခဲ့သည်။ ဤအချက်ကိုကျွန်ုပ်တို့ဘယ်ကဲ့သို့နားလည်နိုင်မည်နည်း။ သခင်ယေရှုဘာကိုပြောနေသနည်း။ အဘယ်ကြောင့်နည်း။ ဤကြွေးကြော်သံသည် ကျွန်ုပ်တို့ကိုအပြစ်မှကယ်တင်ရန် အဘယ်မျှအဖိုးထိုက်သည်ကို နားလည်ရန် ဘယ်ကဲ့သို့ကူညီသနည်း။

သခင်ယေရှုဆုတောင်းရာ၌ ယခင်ကအမြဲ “အဖခမည်းတော်” ဟု ခေါ်သော်လည်း ယခုမှာမူ “အကျွန်ုပ်၏ဘုရားသခင်” ဟုခေါ်သည်။ ခရစ်တော်ကပ်တိုင်ပေါ်၌ ကြွေးကြော်ခြင်းသည် သူကျော်ဖြတ်သွားသည့်ဒုက္ခများဖြင့် ကျွန်ုပ်တို့ကိုချစ်ကြောင်း ပြသယုံမျှမကပါ။ ကျွန်ုပ်တို့၏အနာဂတ်သည် ထာဝရသေခြင်း၌ အဆုံးမသတ်ရန် သခင်ဘုရားသည် မိမိကိုယ်ကိုသေခြင်း၌ အပ်နှံခဲ့ခြင်းဖြစ်သည်။

ဤကဲ့သို့ကျွန်ုပ်တို့ကျော်ဖြတ်သွားရန်အတွက် မလိုအပ်ရန် သခင်ဘုရားကိုယ်တော်တိုင်မိမိကိုယ်ကို အသေခံခြင်းဖြစ်သည်။ ခရစ်တော်သည် ကျွန်ုပ်တို့အတွက် ကပ်တိုင်ပေါ်၌ ကျွန်ုပ်တို့ကိုယ်စားအသေမခံခဲ့သော် ဤသေခြင်းကို အပြစ်သည် ကျွန်ုပ်တို့ထံသို့ ယူဆောင်လာမည်ဖြစ်၏။

**သောကြာ** **ဇန်နဝါရီ ၂၀**

**ထပ်ဆင့်လေ့လာရန်။**

"အကန့်အသတ်မရှိသော သခင်ယေရှု၏ချစ်ခြင်းနှင့်ကရုဏာတော်၊ ကျွန်ုပ်တို့အတွက် ပေးဆပ်ခဲ့သည့်ယဇ် အစရှိသည်တို့ကို ကျွန်ုပ်တို့လေးနက်စွာစဉ်းစားရန် လိုအပ်မည်။ ကျွန်ုပ်တို့ချစ်နှစ်သက်သည့် ကယ်တင်ရှင်၏စရိုက်ကို လေးနက်စွာဆင်ခြင်သင့်သည်။ ---သခင်ဘုရားနှင့်ယေရှုခရစ်တို့၏လေးနက်သောအရာတို့ကို စဉ်းစားစဉ် ကျွန်ုပ်တို့ယုံကြည်ခြင်းနှင့် ချစ်ခြင်းသည် ပို၍ခိုင်မြဲစွာကြီးထွားလာမည်ဖြစ်၏။ ထိုနောက် ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည်လည်း သခင်ဘုရားပို၍လက်ခံလာမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် ယုံကြည်ခြင်းနှင့်ချစ်ခြင်းတို့ဖြင့် ပို၍ရောယှက်ပါဝင်သည့်အတွက်ကြောင့်ဖြစ်သည်။ ပညာဉာဏ်နှင့် နွေးထွေးမှုကိုလည်း ခံစားရမည်ဖြစ်၏။ နေ့စဉ်သခင်ယေရှု၌ ယုံကြည်ခြင်းပိုမိုခိုင်မြဲလာကာ ၎င်းမှတစ်ဆင့် သခင်ဘုရားထံလာရောက်သောသူတို့အား ကယ်တင်နိုင်သောတန်ခိုးကို သက်ရှင်တွေ့ကြုံခံစားရမည်ဖြစ်၏။" E.G.White, Steps to Christ, p.89 မှကောက်နုတ်သည်။

-၀-



## သင်ခန်းစာ (၄)
## တရားစီရင်ခြင်းနှင့်ကျေးဇူးကရုဏာရှင်ဘုရား

ဇန်နဝါရီ ၂၁ - ၂၇

**သတ္တမနေ့မွန်းလွဲပိုင်း** **ဇန်နဝါရီ ၂၁**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ၁ကော ၃:၁၃။ ၂ကော ၅:၁၀။ က (၃)။ က (၆)။ ယော ၃:၁၇-၂၁။ ဗျာ ၁၄:၆၊၇။

**အလွတ်ကျမ်းချက်**

**"အကြောင်းမူကား၊ ဘုရားသခင်သည် ခပ်သိမ်းသောဝှက်ထားခြင်းမှစ၍ အလုံးစုံသောအမှု၊ ကောင်းမကောင်းရှိသမျှတို့ကိုစစ်ကြော၍ တရားသဖြင့် စီရင်တော်မူလတ္တံ့သတည်း။" (ဒေသနာ ၁၂:၁၄)။**

သေနတ်ဖြင့် အပစ်သတ်ခံရတော့မည့်အသက်အရွယ်ကြီးရင့်သူအနား၌ စစ်သည်ရဲဘော်သည် ရပ်လျက်နေသည်။ အသက်ကြီးရင့်သူသည် "မှားယွင်း" သည့်လူမျိုးနှင့် ဘာသာတရားအပြစ်ကို ကျူးလွန်သူဖြစ်သည်။ စစ်သည်ရဲဘော်သည် ၎င်း၏သေနတ်နှင့် ပစ်ရန် ချိန်ရွယ်လိုက်သည့်အခါ အသက်ကြီးရင့်သူသည် ဤကဲ့သို့ ပြော၏။ "ဒီအရာအားလုံးကိုမြင်တဲ့ ဘုရားတစ်ဆူကောင်းကင်မှာရှိတယ်ဆိုတာမင်းသိလား၊ သူဟာ တစ်နေ့ကျရင် မင်းရဲ့လုပ်ရပ်ကို တရားစီရင်လိမ့်မယ်။

ထိုနောက်စစ်သည်ရဲဘော်သည် အဘိုးအိုကို သေနတ်နှင့်ပစ်သတ်လိုက်သည်။

ကျမ်းစာတော်မြတ်၏သွန်သင်ပြောဆိုချက်အရ အဘိုးအိုပြောသည်မှာမှန်၏။ ကောင်းကင်တွင် ဘုရားသခင်ရှိသည်။ သူသည် အရာခပ်သိမ်းကိုသိတော်မူပြီး တစ်နေ့ကျသော် တရားစီရင်မည်ဖြစ်သည်။

တရားစီရင်ရာ၌ သခင်ဘုရားသည် အံ့ဖွယ်ကောင်းလှသော ၎င်း၏ကျေးဇူးတော်ကိုပြသည့် ၎င်း၏အရေးကြီးသောစရိုက်အကြောင်းကိုလေ့လာမည်ဖြစ်သည်။

## **တနင်္ဂနွေ** **ဇန်နဝါရီ ၂၂**

**တရားစီရင်သောနေ့။ (ဗျာ ၁၄း၆၊၇)။**

ကျမ်းစာတော်မြတ်တစ်လျှောက်လုံး၌ သခင်ဘုရား၏တရားစီရင်ခြင်းအကြောင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။ တရားစီရင်ခြင်းသည် ကယ်တင်ခြင်းနှင့်ဧဝံဂေလိတရားကို ဆန့်ကျင်ခြင်းမရှိပါ။

အောက်ဖော်ပြပါကျမ်းပိုဒ်များကိုဖတ်ပါ။ ၎င်းတို့သည် မည်သည့်အကြောင်းကို ပြောသနည်း။ မည်သူသည် တရားစီရင်ခြင်းခံရသနည်း။ ဤတရားစီရင်ခြင်း၌ မည်သည့်အရာများဖြစ်ပျက်သနည်း။ ဤကျမ်းပုဒ်များသည် သခင်ဘုရား၏တရားစီရင်ခြင်းအကြောင်းကို ဘယ်ကဲ့သို့သွန်သင်ပြသပြီး မည်မျှအမှန်တကယ်ဖြစ်သနည်း။ (ဒေသနာ ၁၂း၁၃၊၁၄။ ၁ကော ၃း၁၃။ ၂ကော ၅း၁၀။ ဟေဗြဲ ၁၀း၃၀။ မဿဲ ၁၆း၂၇။ ဗျာ ၂၀း၁၂။ ၂၂း၁၂။ မဿဲ ၁၂း၃၆၊၃၇။ ၁ပေ ၄း၁၇။ ဗျာ ၁၄း၆၊၇)။



ဤကျမ်းပိုဒ်များသည် တရားစီရင်ခြင်းအကြောင်းရှင်းလင်းစွာသွန်သင်ပြသသောနမူနာအနည်းငယ်မျှသာဖြစ်သည်။ ရှင်းလင်းသည့်တရားစီရင်ခြင်းကျမ်းပိုဒ်များသည် (New Testament) တွင်များစွာတွေ့ရှိရသည်။ ဤအချက်သည် တရားစီရင်ခြင်းသဘောသည် ပဋိညာဉ်အသစ်၌ သခင်ဘုရား၏ကျေးဇူးတော်သဘောနှင့်ခြားနားသည်ဆိုသည်မှာ လုံးဝမဟုတ်ပါ။ ထာဝရဘုရားသခင်၏ကျေးဇူးတော်အကြောင်းကိုလည်း (New Testament) တွင် ရှင်းလင်းစွာဖော်ပြထားသည်။ ဤသွန်သင်ချက်ကို ကျွန်ုပ်တို့နားလည်သင့်သည်မှာ ကျေးဇူးတော်နှင့်တရားစီရင်ခြင်းတို့သည် အတူတကွအလုပ်လုပ်သည့် ဖြောင့်မတ်ခြင်းတရားများဖြစ်ခြင်းပေတည်း။ ဤအရာနှစ်ခုကို တစ်ခုနှင့်တစ်ခုခွဲခြားလိုက်ပါက ယခင်အပတ်က လေ့လာသကဲ့သို့ ဧဝံဂေလိတရားကို ပြည့်စုံစွာနားလည်မှုမှားမည်သာဖြစ်၏။

## **တနင်္လာ** **ဇန်နဝါရီ ၂၃**

**ဧဒင်ဥယျာဉ်၌ကျေးဇူးတော်နှင့်တရားစီရင်ခြင်း။ (က၊ ၃)။**

လူတို့၏ကျရှုံးခြင်းအကြောင်းကို (က၊ ၃) တွင် ဖတ်ပါ။ ကျေးဇူးတော်နှင့်တရားစီရင်ခြင်းခေါင်းစဉ်နှစ်ခုစလုံးသည် မည်သည့်နည်းဖြင့် ဤနေရာ၌ပြသနည်း။

အာဒံနှင့်ဧဝကျရှုံးသည်နှင့်တစ်ပြိုင်နက် သခင်ဘုရားသည် ၎င်းတို့အား လာရောက်ရှာဖွေခဲ့သည်။ “သင်သည် အဘယ်မှာရှိသနည်း” ဟု သခင်ဘုရားက ၎င်းတို့ကိုခေါ်တော်မူသည်။ ဤခေါ်ဆိုခြင်းသည် ၎င်းတို့အား အပြစ်တင်စွပ်စွဲရန် ခေါ်ဆိုခြင်းမဟုတ်ပါ။ ထိုသို့ဖြစ်မည့်အစား ၎င်းတို့ကိုဖန်ဆင်းပြီး ၎င်းတို့အား ချစ်တော်မူ

သောသခင်သည် သူ့ထံသို့ပြန်လာရန် ဖိတ်ကြားခြင်းပင်ဖြစ်သည်။ သခင်ဘုရားသည် ၎င်းတို့အား စုံစမ်းမေးမြန်းပြီးနောက် ပထမဦးဆုံး ပြုလုပ်သည့်အရာသည် စာတန်အား တရားစီရင်ချက်ချခြင်းပင်ဖြစ်သည်။

အခန်းငယ် (၁၅) သည် ပထမဦးဆုံးဧဝံဂေလိကတိတော် ဖြစ်သည်။ တရားမစီရင်မီမှာပင် လက်ခံသောသူတို့အား ကျေးဇူးတော်ကတိကို ပေးတော်မူခဲ့သည်။ သခင်ဘုရားသည် အပြစ်ကိုစီရင်ပြီး ဒဏ်ခတ်ရမည်ဖြစ်၏။ သို့သော် ကျေးဇူးတော်ကတိသည် အစဉ်ရရှိနိုင်သည်။

"သင်အဘယ်မှာရှိသနည်း" ဟု သခင်ဘုရားသည် သင့်အား ဘယ်ကဲ့သို့သောနည်းဖြင့် ခေါ်နေမည်နည်း။ သင်သည် ပုန်းအောင်းနေရန် ဘာအကြောင်းကြောင့် ဖြစ်သနည်း။ သူ၏ခေါ်သံသည် စာတန်နှင့်ဝေးကွာပြီး သူနှင့်နီးကပ်လာစေရန် အဘယ်ကြောင့် ကျေးဇူးတော်ကို နားလည်ခြင်းသည် အရေးကြီးသည့်ပထမခြေလှမ်းဖြစ်သနည်း။

## အင်္ဂါ ဇန်နဝါရီ ၂၄

**ရေလွှမ်းမိုးခြင်း။ (က၊ ၆း၁၄–၂၂)။**

ကမ္ဘာမြေကြီးပေါ်မကြာမီဖြစ်လတ္တံ့သောတရားစီရင်ခြင်းကို (က၊ ၆း၅) ၌ပါသည့် ရေလွှမ်းမိုးခြင်းပုံပြင်သည် ဘယ်ကဲ့သို့အကြောင်းပြသနည်း။





ဖြစ်လတ္တံ့သောတရားစီရင်ခြင်းကတိတော်၌ပင်လျှင် (က၊ ၆း၁၄–၂၂) တွင် ဖော်ပြသည့်ရေလွှမ်းမိုးခြင်းပုံပြင်မှသခင်ဘုရား၏ ကျေးဇူးတော်ကို ဘယ်ကဲ့သို့ပြသနည်း။

သဘောင်္ဆောက်လုပ်ခြင်းဖြင့် နောဧသည် ကမ္ဘာမြေကြီးကို တရားစီရင်မည့်အကြောင်း သတိပေးလျက်ရှိသည်။ E.G.White ရေးသားသည်မှာ "အကယ်၍ လူတို့သည် ရေမလွှမ်းမိုးမီ သတိပေးချက်ကိုယုံပြီး ၎င်းတို့ဆိုးသွမ်းသောလုပ်ရပ်များမှ နောင်တရခဲ့သော် သခင်ဘုရားသည် ရေလွှမ်းမိုးစေမည်မဟုတ်ပါ။" Patriarchs and Prophets, p.97 မှကောက်နုတ်သည်။

ဖြစ်လာမည့်ပျက်စီးခြင်းအန္တရာယ်မှလွတ်ကင်းရန် သင်္ဘောဆောက်လုပ်ခြင်းသည် လွတ်မြောက်ရာလမ်းဖြစ်ခဲ့သည်။ တရားစီရင်ခြင်းသည် သေချာလာမည်မှာ မေးရန်မရှိပါ။ သို့သော် အလွန်မနောက်ကျမီ ကျေးဇူးတော်သည် လက်ခံသူတိုင်းအတွက် ကမ်းလှမ်းခဲ့သည်။ ထိုနောက် ကရုဏာတံခါးသည် ပိတ်လေတော့သည်။

သင်သည် သခင်ဘုရား၏ကျေးဇူးတော်ဖြင့် ခရစ်တော်၏ပုံသဏ္ဌာန်အဖြစ်သို့ပြောင်းရန် မိမိကိုယ်ကိုဘယ်ကဲ့သို့ပိုမိုကောင်းအောင်အပ်နှံရန် သင်ကြားရယူမည်နည်း။

## ဗုဒ္ဓဟူး ဇန်နဝါရီ ၂၅

**စီရင်ချက်ချခြင်းနှင့်ကျေးဇူးတော်။ (ယော ၃း၁၇–၂၁)။**

တရားစီရင်ခြင်းအကြောင်း (ယော ၃း၁၇–၂၁) တွင် ဘယ်ကဲ့သို့ပြောသနည်း။ ကျေးဇူးတော်အကြောင်း ဘယ်ကဲ့သို့ပြောသနည်း။

ကျေးဇူးတော်နှင့်တရားစီရင်ခြင်းနှစ်ရပ်သည် အတူတကွလုပ်ဆောင်ကြသည်ကို ဤကျမ်းပိုဒ်များမှ ဘယ်ကဲ့သို့ပြသနည်း။

သခင်ဘုရားသည် ကမ္ဘာမြေကြီးကို တရားစီရင်မည်ဖြစ်ကြောင်းကို ကျမ်းစာတော်မြတ်၌ ကျမ်းပိုဒ်များစွာဖြင့် ရှင်းလင်းစွာဖော်ပြထားသည်။ ဤကျမ်းပိုဒ်တွင် ခေါင်းစဉ်နှစ်ခုပေါ်လာသည်။ ကျေးဇူးတော်နှင့်တရားစီရင်ခြင်း၊ ၎င်းတို့နှစ်ခုသည် နီးကပ်စွာဆက်စပ်လျက်ရှိသည်။ အပြစ်၊ မှောင်မိုက်နှင့် ဒုစရိုက်၏ကျူးလွန်ခြင်းအမှုတို့ကိုစီရင်ရန်၊ တရားမျှတသည့်သခင်ဘုရားသည် တရားသူကြီးအဖြစ် လုပ်ဆောင်ရန်လိုအပ်လာသည်။ သို့သော် သခင်ဘုရား၏ကျေးဇူးတော်သည် အပြစ်ရှိသူတို့အား လွတ်မြောက်ရာလမ်းကိုဖွင့်ထားပေးသည်။ ဤလွတ်မြောက်ရာလမ်းသည် သခင်ယေရှုခရစ်၌ယုံကြည်ခြင်းဖြင့်ရရှိနိုင်သည်။

သခင်ယေရှုကို ယုံကြည်သောသူတို့သည် စီရင်ခြင်းကိုခံရမည်မဟုတ်ဟု ကျမ်းပိုဒ်သည် ရှင်းလင်းစွာဖော်ပြထားသည်။ ခရစ်တော်၏စုံလင်သန့်ရှင်းသောအသက်တာသည် ယုံကြည်သူတစ်ဦးစီကိုလွှမ်းခြုံကာ ယခုနှင့်စီရင်ခြင်းအချိန်၌ ထိုယုံကြည်သူသည် အပြစ်ကင်းမဲ့စွာဖြင့် ရပ်တည်နေမည်ဖြစ်၏။

(ယော ၃း၁၇–၂၁) တွင် တရားစီရင်ရန် မည်သည့်အကြောင်းပြချက်များပေးထားသနည်း။

## ကြာသပတေး ဇန်နဝါရီ ၂၆

**တရားစီရင်သည့်အချိန်။ (မဿဲ ၁၀း၂၆)။**

(ဗျာ ၁၄း၆၊၇) တွင် ပဌမကောင်းကင်တမန်၏သတင်းစကားကိုဖတ်ပါ။ ဤကျမ်းပိုဒ်များသည် သခင်ဘုရား၏ကျေးဇူးတော်နှင့်တရားမျှတမှုတို့သည် ဘယ်ကဲ့သို့ဆက်နွှယ်နေကြောင်းပြသနည်း။ ဤကျမ်းပိုဒ်များသည် (က၊ ၃) တွင် ဖော်ပြသောကျေးဇူးတော်နှင့်တရားစီရင်ခြင်းတို့၏ဆက်စပ်မှုနှင့်ဘယ်ကဲ့သို့တူညီမှုရှိသနည်း။

ကောင်းကင်တမန်သည် “တရားစီရင်သောအချိန်ရောက်ပြီ” ဟု သတိမပေးမီက “ထာဝရဧဝံဂေလိတရား” ကို ဟောကြားနေပြီဖြစ်ကြောင်း တွေ့ရှိရသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်း၏။ သတိပေးခြင်းသည် တရားမစီရင်မီပေးရမည်ဖြစ်၏။ ထိုကဲ့သို့မဟုတ်သော် တရားစီရင်ခြင်းသည် လူတိုင်းကိုအပြစ်တွေ့ရှိနိုင်ပြီး ဖျက်ဆီးခြင်းခံရမည်ဖြစ်၏။ လူတိုင်းသည် အပြစ်ကျူးလွန်သူများဖြစ်သဖြင့် မည်သူမျှလွတ်မြောက်ရန် အခွင့်ရမည်မဟုတ်ပါ။ လူတို့အားလုံးသည် သခင်ဘုရား၏ပညတ်တရားကို ကျူးလွန်သူများဖြစ်ကြသည်။ ဤနေရာ၌ ကမ္ဘာမြေကြီးကိုနောက်ဆုံးသတိပေးချိန်၌ သခင်ဘုရား၏ကျေးဇူးတော်ကိုဟောကြားပြီးဖြစ်သည်။ ထိုသို့မဟုတ်လျှင် တရားစီရင်ခြင်းသည် လူတိုင်းကို ဆင်ခြင်ပေးခွင့်မရှိဘဲ စီရင်ချက်ပြစ်ဒဏ်ကို ပေးခံရမည်ဖြစ်သည်။ ကျေးဇူးတော်မရှိလျှင် သခင်ဘုရားသည် ကျွန်ုပ်တို့ကိုအပြစ်ပေးဖျက်ဆီးမည့်သတင်းအပြင် အခြားပြောကြားရန်ရှိမည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့သည် ကောင်းချီးခံစားရ၏။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာမြေကြီးကို နောက်ဆုံးဘုရားသခင်၏သတင်းစကားသည် “ထာဝရဧဝံဂေလိတရားဖြင့်” စသောကြောင့်ဖြစ်၏။

သင်သည် ကျေးဇူးတော်နှင့်တရားစီရင်ခြင်းသတင်းစကားကို ကူညီဖြန့်ဖြူးရန် မည်သည့်အခန်းကဏ္ဍ၌ ပါဝင်သနည်း။ ပိုမို၍ဖြန့်ဖြူးနိုင်ရန် သင်ဘယ်ကဲ့သို့ကူညီနိုင်မည်နည်း။

**သောကြာ** **ဇန်နဝါရီ ၂၇**

**ထပ်ဆင့်လေ့လာရန်။**

“ကျေးဇူးတော်အောက်၌ရှိသောသူတို့အား သခင်ယေရှုသည် တောင်းပန်လျက်ရှိသည်။ သို့သော် စာတန်သည် သူတို့အား သခင်ဘုရားရှေ့တော်၌ ဒုစရိုက်ကျူးလွန်သူများဟု ပြစ်တင်ပြောဆိုသည်။ သခင်ဘုရား၏လူတို့တွင် သံသယစိတ်ဝင်ရန် စာတန်သည် ကြိုးစားလုပ်ဆောင်လျက်ရှိသည်။ စာတန်သည် သူတို့အား သခင်ဘုရား၌ ယုံကြည်ခြင်းဆုံးရှုံးရန်သော်လည်းကောင်း၊ ၎င်း၏ချစ်ခြင်းမေတ္တာတော်နှင့်ခွဲခြားရန်သော်လည်းကောင်း၊ ၎င်း၏ပညတ်တရားကို ကျူးလွန်ရန်သော်လည်းကောင်း ကြိုးစားလုပ်ဆောင်လျက်ရှိသည်။

“သခင်ယေရှုသည် လူတို့၏အပြစ်အတွက် ဆင်ခြင်ပေးမည်မဟုတ်။ သို့သော် ၎င်းတို့၏နောင်တရခြင်းနှင့်ယုံကြည်ခြင်းကို မှတ်တော်မူသည်။ ထိုနောက် ၎င်းတို့ကိုလည်း ခွင့်လွှတ်ကြောင်းကြေညာသည်။ ဒဏ်ရာရရှိထားသည့်အမာရွတ်လက်များကို အဖခမည်းတော်နှင့်သန့်ရှင်းသောကောင်းကင်တမန်များရှေ့ဝယ် မြှောက်ကာ ဤသို့ဆို၏ ” သူတို့ကိုတစ်ဦးချင်းနာမည်နဲ့သိတယ်။ ငါ၏လက်ဝါးနှစ်ဘက်၌ အက္ခရာတင်ထားပြီ” E.G.White, The Great Controversy, p. 484 မှကောက်နုတ်သည်။

–ဝ–



## သင်ခန်းစာ (၅)
## ထာဝရဘုရားသခင်၏သန့်ရှင်းခြင်း

ဇန်နဝါရီ ၂၈ – ဖေဖော်ဝါရီ ၃

**သတ္တမနေ့မွန်းလွဲပိုင်း** **ဇန်နဝါရီ ၂၈**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (မဿဲ ၁၁း၁၀။ မာကု ၁း၂။ က ၂း၃။ ယောဘ ၄၂း၅၊၆။ လုကာ ၅း၁–၁၁။ လုကာ ၄း၃၁–၃၆။ ဟေရှာယ ၆း၁–၃။ ဗျာ ၄း၈၊၉)။

**အလွတ်ကျမ်းချက်**

**“ငါတို့၏ဘုရားသခင်ထာဝရဘုရားကို ချီးမြှောက်ကြလော့။ သန့်ရှင်းသောတောင်တော်မှာ ပျပ်ဝပ်ကိုးကွယ်ကြလော့။ အကြောင်းမူကား၊ ငါတို့၏ဘုရားသခင်ထာဝရဘုရားသည် သန့်ရှင်းတော်မူသတည်း။” (ဆာလံ ၉၉း၉)။**

ကျမ်းစာတော်မြတ်ကိုရေးသည့်ပုဂ္ဂိုလ်များအရေးကြီးဆုံးသောယုံကြည်ချက်များအနက် လက်ခံယုံကြည်သည့်အချက်တစ်ခုသည် ကောင်းကင်၌ ထာဝရဘုရားသခင်သည် အမှန်တကယ်ရှိခြင်းပင်ဖြစ်သည်။ ဤအချက်ကိုသံသယရှိသည့်ကျမ်းရေးသည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှမရှိပါ။ ကောင်းကင်၌ ထာဝရဘုရားသခင်ရှိသည်ကို ကျွန်ုပ်တို့လက်ခံခြင်းသည် အမှန်တရားပင်ဖြစ်သည်။

ကျမ်းစာတော်မြတ်မှ ကျမ်း (၆၆) အုပ်တို့တွင်တွေ့ရှိသည့်များစွာသောသာဓကများသည် ထာဝရဘုရားသခင်သည် ဘယ်ကဲ့သို့

သူဖြစ်ကြောင်းနှင့်ကျရှုံးလေပြီးသောလူသားတို့အား ကယ်တင်ရန် ဘယ်ကဲ့သို့ဆောင်ရွက်သည်တို့ကို ဖော်ပြထားခြင်းဖြစ်သည်။

ယခုအပတ်သင်ခန်းစာသည် ကျမ်းစာတော်မြတ်ထဲ၌ အလွန်အရေးကြီးသည့်ထာဝရဘုရားသခင်၏သဘာဝစရိုက်ဖြစ်သည့်၎င်း၏သန့်ရှင်းခြင်းအကြောင်းကို လေ့လာမည်ဖြစ်သည်။

ထာဝရဘုရားသခင်သည် သန့်ရှင်းသည်ဟုဆိုရာ၌ ဘယ်ကဲ့သို့အနက်ရှိသနည်း။ ကျမ်းစာတော်မြတ်၌ ၎င်း၏သန့်ရှင်းခြင်းကို ဘယ်ကဲ့သို့ဖော်ပြသနည်း။ ထိုနောက် မသန့်ရှင်းသောကျွန်ုပ်တို့သည် ထိုကဲ့သို့သောထာဝရဘုရားသခင်ကို ဘယ်ကဲ့သို့ကိုးကွယ်မည်ကို လေ့လာမည်ဖြစ်သည်။

**တနင်္ဂနွေ ဇန်နဝါရီ ၂၉**

**"ထာဝရဘုရားသခင်မိန့်တော်မူသည်ကား" (ယေရမိ ၇း၁–၁၃)။**

(ယေရမိ၇း၁–၁၃) ၌ (Old Testament) ပုရောဖက်များ ထပ်ခါတလဲလဲအသုံးပြုသည့်စကားသည် မည်သည့်စကားဖြစ်သနည်း။

"ထာဝရဘုရားမိန့်တော်မူသည်ကား" ဆိုသည့်စကားရပ်ကို (Old Testament) ပုရောဖက်များသည် အကြိမ်ပေါင်းမြောက်မြားစွာသုံးခဲ့သည်ကိုတွေ့ရှိရသည်။ ပုရောဖက်တို့သည် ဘုရားသခင်အကြောင်းကိုပြောနေသည်သာမဟုတ်ဘဲ ထာဝရဘုရားသခင်ကိုယ်တော်တိုင် မိမိအကြောင်းကို ပုရောဖက်များမှပြောကြားသည်ကို ကျွန်ုပ်တို့သတိရစေသည်။

တစ်ချိန်တည်း၌ပင် (New Testament) ထဲတွင် (Old Testament) မှ ရည်ညွှန်းပြောဆိုသောကောက်နုတ်ချက်များစွာတို့ကိုလည်းတွေ့ရှိရသည်။ အမှန်မှာ (New Testament) ထဲတွင် ထာဝရဘုရားသခင်၏အကြောင်းသွန်သင်ချက်များသည် (Old Testament) နှင့်အလွန်နီးကပ်စွာဆက်နွှယ်လျက်ရှိသည်။ သာဓကအားဖြင့် (Old Testament) မှ ယဇ်ပူဇော်ခြင်းစနစ်တစ်ခုလုံးကို သခင်ယေရှု၏ဆက်ကပ်ခြင်းနှင့် ဘယ်ကဲ့သို့ခွဲခြား၍ ရရှိနိုင်မည်နည်း။ (New Testament) ကို (Old Testament) မှ ခွဲခြားနုတ်ယူနိုင်စရာ ဘယ်ကဲ့သို့သောအကြောင်းမျှမရှိပါ။ ကျမ်းစာတော်မြတ်တစ်အုပ်လုံးသည် ဘုရားသခင်ဝိညာဉ်တော်၏မှုတ်သွင်းသောအရာဖြစ်သည်။ (၂တိ ၃း၁၆)။

အောက်ဖော်ပြပါကျမ်းပိုဒ်များကိုဖတ်ပါ။ (မဿဲ ၄း၄။ မဿဲ ၁၁း၁၀။ မာကု ၁း၂။ ၇း၆။ ယော ၁၂း၁၄၊၁၅။ တမန် ၁၃း၃၃။ ရောမ ၃း၁၀။ ဂလာတိ ၃း၁၃။ ၁ပေ ၁း၁၆။ ၁ကော ၅း၇။) ဤကျမ်းပိုဒ်များသည် (NT)နှင့် (OT)တို့စပ်ကြားဆက်နွှယ်မှုဘယ်ကဲ့သို့ရှိသည်ကို ကျွန်ုပ်တို့နားလည်ရန် ကူညီသနည်း။ သခင်ယေရှုခရစ်နှင့် (NT) ရေးသူများသည် (OT) အကြောင်းဘယ်ကဲ့သို့ ထင်မြင်သုံးသပ်သနည်း။

**တနင်္လာ ဇန်နဝါရီ ၃၀**

**သီးခြားထားခြင်း။ (က ၂း၃)။**

(က ၂း၃) အရ သန့်ရှင်းခြင်းသည် ဘယ်အရာဖြစ်သည်ကို ကျွန်ုပ်တို့နားလည်ရန် ကျမ်းစာတော်မြတ်ထဲတွင် ပထမဦးစွာဖော်ပြထားခြင်းကား အဘယ်နည်း။

ကျမ်းစာတော်မြတ်ထဲ၌ အချိန်သည် သန့်ရှင်းခြင်းအဖြစ် ပထမဦးစွာဖော်ပြထားခြင်းသည် အဘယ်မျှအရေးကြီးပါသနည်း။

သန့်ရှင်းခြင်းအကြောင်း ကျွန်ုပ်တို့သိရှိနားလည်ရန် ပထမဦးဆုံးပေးသည့်ကျမ်းပိုဒ်ဖြစ်သည်။ အချိန်ကိုသီးခြားထားရှိကြောင်း ဖေါ်ပြထားခြင်းဖြစ်သည်။ သတ္တမနေ့သည် နေဝင်၊ နေထွက် (၂၄) နာရီသည် အခြားသောရက်များနှင့်ဘယ်ကဲ့သို့မျှအချိန်သည် ကွာခြားမှုမရှိပါ။ ထိုကြောင့် ဘယ်အရာသည် ကွာခြားနေသနည်း။ ဘုရားသခင်သည် ကောင်းချီးပေး၍ သန့်ရှင်းစေသည်။ အခြားသောရက်များမှသီးခြားထားရှိခြင်းဖြစ်သည်။

သန့်ရှင်းခြင်းသည် မသန့်ရှင်းသောအရာများမှသီးခြားခွဲထားခြင်းဖြစ်သည်ဟု နားလည်ရသည်။ တစ်စိတ်တစ်ပိုင်းအားဖြင့် ဘုရားသခင်၏သန့်ရှင်းခြင်းသဘောကို ကျွန်ုပ်တို့နားလည်ရန် ထောက်ကူခြင်းဖြစ်သည်။ ဘုရားသခင်သည် ဖန်ဆင်းခြင်းအရာဟူသမျှဖြင့် သီးခြားတည်ရှိခြင်းဖြစ်သည်။ ကျွန်ုပ်တို့အမှန်တကယ်လုပ်နိုင်သမျှနှင့် နားလည်နိုင်သမျှအရာအားလုံး၏အထက်၌ အလွန်ဝေးကွာလျက် တည်ရှိသည်။ သန့်ရှင်းခြင်းသည် သတ္တမနေ့ကဲ့သို့ ထူးခြားသောနည်းဖြင့် ခြားနားခြင်းဖြစ်သည်။

**အင်္ဂါ** **ဇန်နဝါရီ ၃၁**

**မြေမှုန့်နှင့်မီးဖိုပြာ၌ထိုင်၍ နောင်တရခြင်း။ (ယောဘ ၄၂း၅၊၆)။**

လူသားတို့၏အပြစ်ရှိခြင်းနှင့်ဘုရားသခင်၏သန့်ရှင်းခြင်းသည် အဘယ်မျှခြားနားကြောင်း ယောဘ၏စကားသည် ဘယ်ကဲ့သို့ဆိုသနည်း။ (ယောဘ ၄၂း၅၊၆)။ ယောဘသည် ၎င်းတွေ့ကြုံခံစားရသည့်အကြောင်းကို ကျွန်ုပ်တို့အား ပြောပြနေခြင်းဖြစ်သည်။ ယောဘ၏ခံစားချက်သည် ဧဝံဂေလိတရားကို ဘယ်ကဲ့သို့သောနည်းဖြင့် ပြောဟောနေသနည်း။



ဒံယေလသည် ကောင်းကင်၌ ၎င်းအားချစ်သည်ဟု မကြာခဏပြောဆိုခြင်းခံခဲ့ရသည်ဟုဆိုသည်။ (ဒံ ၁၀း၅-၈) တွင် ဒံယေလသည် (Vision) ကိုမြင်တွေ့ရသည့်အခါ သူသည်ဘယ်ကဲ့သို့ပြုမူသနည်း။ ဤကျမ်းပိုဒ်၌ဖေါ်ပြသည့်အတိုင်း ဒံယေလအဘယ်ကြောင့်လုပ်သည်ဟု သင်ထင်သနည်း။

ဤလူငယ်များသည် သစ္စာရှိသည်၊ ဘုရားတရားရှိသည်၊ ဖြောင့်မတ်သန့်ရှင်းသည်။ ၎င်းတို့သည် ပုရောဖက်များဖြစ်ကြသည်။ သို့သော် ဘုရားသခင်၏ရှေ့တော်၌ ၎င်းတို့သည် ကြောက်ရွံ့တုန်လှုပ်ကာ ဝတ်ပြုကိုးကွယ်ကြသည်။ ဘုရားသခင်၏သန့်ရှင်းသောရှေ့တော်၌၎င်းတို့သည် မိမိတို့၏အပြစ်နှင့်ထိုက်တန်မှုမရှိကြောင်းကို ခံစားရခြင်းကြောင့် ဤကဲ့သို့ပြုသည်မှာ ယုံမှားသံသယရှိမည်မဟုတ်ပါ။ ဤကျမ်းပိုဒ်များသည် သန့်ရှင်းသောဘုရားသခင်နှင့် ကျွန်ုပ်တို့ကဲ့သို့ ကျရှုံးလေပြီးသောအပြစ်သားများစပ်ကြား၌ ခွဲခြားနေသည့်ကွာဟချက်ကို ကျွန်ုပ်တို့ကိုယ်စားတံတားခင်းပေးရန် ကယ်တင်ရှင်လိုအပ်ကြောင်းကို ပြသခြင်းဖြစ်သည်။ ထိုတံတားသည် သခင်ယေရှု၌ရှိသည် ဖြစ်ခြင်းကြောင့် သခင်ဘုရားကိုကျေးဇူးတင်၏။

သင်သည် ဖေါ်ပြပါပုဂ္ဂိုလ်များနည်းတူ တွေ့ကြုံခံစားရသည်ဟု သင့်ကိုယ်ကိုစိတ်ကူးယဉ်ကြည့်ပါ။ သင်ဘယ်ကဲ့သို့ပြုမူမည်ဟုထင်သနည်း။ အဘယ်ကြောင့်နည်း။

**ဗုဒ္ဓဟူး** **ဖေဖေါ်ဝါရီ ၁**

**အကျွန်ုပ်ဆီမှကြွသွားတော်မူပါ။ (လုကာ ၅း၁-၁၁)။**

ထာဝရဘုရားသခင်၏သန့်ရှင်းခြင်းအကြောင်းကို (New Testament) ကျမ်းရေးပုဂ္ဂိုလ်များက ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။

(လုကာ ၅း၁–၁၁) ကိုဖတ်ပါ။ ထာဝရဘုရားသခင်၏သန့်ရှင်းခြင်းကို (OT) နှင့် (NT) ကျမ်းနှစ်အုပ်လုံး၌ သွန်သင်ချက်သည် အတူတူပင်ဖြစ်သည်ကို ဘယ်ကဲ့သို့ပြသနည်း။

ဤတံငါသည်တို့သည် ညလုံးပေါက်အလုပ်လုပ်သော်လည်း အလုပ်မဖြစ်ပါ။ အလုပ်ကြိုးစားလုပ်ဆောင်သောတပည့်တော်များအား သခင်ယေရှုသည် ငါးများစွာဖမ်းမိသောနိမိတ်လက္ခဏာကို ပြုလုပ်သည်။ ထိုသို့ပြုပြီးနောက် တပည့်တော်များသာမန်လုပ်ရိုးလုပ်စဉ်အရ နိမိတ်လက္ခဏာအတွက် ကျေးဇူးတင်ရန်ဖြစ်သည်။ သို့သော် ရှိမုန်သည် ခြားနားစွာလုပ်ဆောင်ခဲ့သည်။ သူ၏လုပ်ဆောင်ခြင်းသည် (OT) တွင် ဘုရားသခင်ကို ကြောက်ရွံ့သောသူတို့၏လုပ်ရပ်နှင့်တူသည်။

အဘယ်ကြောင့် ရှိမုန်ပေတရုသည် ဤကဲ့သို့ခံစားရသနည်း။ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် ဧဒင်ဥယျာဉ်ထဲတွင် မရှိနေတော့သဖြင့်ဖြစ်သည်။ ထိုနေရာ၌ အာဒံနှင့်ဧဝသည် ညနေအေးသည့်အချိန်၌ သခင်ဘုရားကို လာရောက်ရန်ကြိုဆိုဖိတ်ကြားသည်။ သို့သော် ဤနီးကပ်ရင်းနှီးမှုသည် ၎င်းတို့ကျရှုံးပြီးနောက် လျင်မြန်စွာပြောင်းလဲသွားကာ ၎င်းတို့သည် ပြေးပုန်းအောင်းရသောအခြေသို့ဆိုက်ရောက်ခဲ့သည်။ ဤကဲ့သို့ပြုမူလုပ်ဆောင်ခြင်းသည် ကျမ်းစာတော်မြတ်တစ်လျှောက်လုံး ဤကဲ့သို့ကျန်ရစ်သည်ကိုတွေ့ရှိရသည်။ လူသားတို့သည် အသက်ရှင်သည့်ထာဝရဘုရားသခင်နှင့် ရင်ဆိုင်တိုင်း ၎င်းတို့၏အပြစ်သည် အဘယ်မျှအထိလေးနက်ပြီး၊ ကြောက်ဖွယ်ကောင်းသည်ကိုနားလည်ပြီး အမြဲဤကဲ့သို့တွေ့ကြုံခံစားရ၏။



**ကြာသပတေး** **ဖေဖော်ဝါရီ ၂**

**နတ်ဆိုးစကားပြောသောအခါ။ (လုကာ ၄း၃၁–၃၆)။**

(လုကာ ၄း၃၁–၃၆) တွင် ခရစ်တော်၏သန့်ရှင်းခြင်းအကြောင်း ဘယ်ကဲ့သို့သက်သေခံထားသနည်း။ သက်သေခံသောသူသည် ဘယ်ကဲ့သို့အရေးကြီးသနည်း။ ထာဝရဘုရားသခင်၏သန့်ရှင်းခြင်းအကြောင်း ဤပုံပြင်မှဘယ်ကဲ့သို့သင်ကြားရယူနိုင်မည်နည်း။

(ဗျာ ၄း၈၊၉) အရ ပလ္လင်ပတ်လည်ရှိကောင်းကင်သားတို့ဘာပြောနေသည်ကို ယောဟန်ကြားသနည်း။

ထာဝရဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏။ ထိုနောက် ကောင်းကင်သားတို့သည် သူ့အားဝတ်ပြုကိုးကွယ်ကြ၏။ သို့သော် ထာဝရဘုရားသခင်၏ပလ္လင်တော်ပတ်လည်၌ **"ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏"** ဟု ဝတ်ပြုကိုးကွယ်ခြင်း၌ မပြောပါ။ ကောင်းကင်သားတို့သည် **"ဘုရားသခင်သည် ကောင်းမြတ်တော်မူ၏"** ဟုလည်း သီဆိုခြင်းမပြုပါ။ ထိုသို့ဖြစ်မည့်အစား **"ဘုရားသခင်သည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏ဟု နေ့ညဥ့်မပြတ်ငြိမ်၍မနေဘဲ ပြောဆိုကြ၏"** ဟု တွေ့ရှိရ၏။ အဘယ်ကြောင့်နည်းဟုဆိုသော် လောကသို့ ဘုရားသခင်၏ကယ်တင်ခြင်းနှင့်ချစ်ခြင်းအမှုတော်၌ ကောင်းကင်သားများအားလုံးပါဝင်ခြင်းကြောင့်ဖြစ်သည်။ ထိုကြောင့် သခင်ဘုရား၏ပလ္လင်ပတ်လည်၌ ရပ်လျက်ရှိသောသူတို့သည် နေ့ညဥ့်မပြတ် ထာဝရဘုရားသခင်၏သန့်ရှင်းခြင်းကို ချီးမွမ်းသီဆိုကြ၏။ အပြစ်ကင်းမဲ့သောသူများဖြစ်သည့်အတွက် ၎င်းတို့သည် သခင်ဘုရား

၏သန့်ရှင်းခြင်းကို လေးနက်သည့်ရိုသေသမှုကိုပြသည်။ ကျရှုံးခဲ့သော လူသားများကဲ့သို့ ကြောက်ရွံ့ခြင်းဖြင့် ပြေးပုန်းခြင်းမဟုတ်ပါ။

အကယ်၍ ထာဝရဘုရားသခင်၏သန့်ရှင်းခြင်းသည် ကျွန်ုပ်တို့နှင့်အချိန်တိုင်းတွင်တည်ရှိနေကြောင်း သတိပြုခံစားရပါက ကျွန်ုပ်တို့အသက်တာနှင့်အပြုအမူအပြောအဆိုတို့သည် အဘယ်မျှခြားနားခြင်းရှိမည်နည်း။

## သောကြာ ဖေဖော်ဝါရီ ၃

**ထပ်ဆင့်လေ့လာရန်။**

ဗိမာန်တော်အတွင်းရှိ ပရိသတ်ရှေ့ဝယ် သခင်ယေရှုသည် ရပ်လျက်ရှိရာ "ရောင်းဝယ်ဖေါက်ကားခြင်းနှင့်ဈေးဆစ်သံတို့သည် ငြိမ်သက်သွားလေတော့သည်။ တိတ်ဆိတ်ငြိမ်သက်ခြင်းသည် ပရိသတ်တို့အပေါ်ဝယ် ကြောက်ရွံ့ရိုသေခြင်းသို့ လွှမ်းခြုံခဲ့၏။ သူတို့သည် ခရစ်တော်ကို မော်ကြည့်ရာ သူ၏လူ့ခန္ဓာကိုယ်မှ ဘုရားသခင်၏ တန်ခိုးတော်အလင်းသည် ထွက်ပေါ်လာသည်ကိုမြင်ကြရ၏။ ၎င်း၏ မျက်နှာတော်၌ ကောင်းကင်၏အလင်းသည် တောက်ပလျက်ရှိသည်။ သူ၏စကားပြောသံသည် ဗိမာန်တော်တစ်ခုလုံး၌ ရှင်းလင်းစွာကြားရ၏။ "**ဤဥစ္စာကိုယူသွားကြ၊ ငါ့အဘ၏အိမ်တော်ကို ပွဲတဲမလုပ်ကြနှင့်ဟု မိန့်တော်မူ၏။**" (ယော ၂း၁၆)။ E.G.White, DA, p. 158 မှကောက်နုတ်သည်။

–o–



# သင်ခန်းစာ (၆)
# ပညတ်တရားပေးသည့်ထာဝရဘုရားသခင်

ဖေဖော်ဝါရီ ၄ – ၁၀

## သတ္တမနေ့မွန်းလွဲပိုင်း ဖေဖော်ဝါရီ ၄

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** ဟေဗြဲ ၁၂း၂၁။ ရောမ ၇း၈–၁၃။ ယောဘ ၂၄း၁၄၊၁၅။ ထွက် ၁၆း၄–၃၀။ ဟေဗြဲ ၈း၁၀။ ၁၀း၁၆။ ရောမ ၁၃း၈–၁၀။

**အလွတ်ကျမ်းချက်**

**"အကြောင်းမူကား၊ ထာဝရဘုရားသည် ငါတို့၏တရားသူကြီးဖြစ်တော်မူ၏။ ထာဝရဘုရားသည် ငါတို့၏ပညတ်တရားရှင်ဖြစ်တော်မူ၏။ ထာဝရဘုရားသည် ငါတို့၏ရှင်ဘုရင်ဖြစ်၍ ငါတို့ကိုကယ်တင်တော်မူလိမ့်မည်။" (ဟေရှာယ ၃၃း၂၂)။**

Seventh-day Adventist အနေဖြင့် ပညတ်တရားသည် ထာဝရဘုရားသခင်၏စရိုက်ကို ဖေါ်ပြသည့်စုံလင်သောသာဓကေဖြစ်သည်ဟု သင်ကြားခဲ့ရကြသည်။ သခင်ဘုရားသည် ပြောင်းလဲခြင်းမရှိသည့်အတွက် ပညတ်တရားသည်လည်း ပြောင်းလဲခြင်းရှိမည်မဟုတ်ကြောင်းကို ဆိုလိုခြင်းပင်ဖြစ်သည်။ သို့သော် ပညတ်တရားသည် ထာဝရဘုရားသခင်၏စရိုက်ကို ဖေါ်ပြသည့်သာဓကေဆိုသည်ကားအဘယ်နည်း။

သမိုင်းတွင်အဆိုးဝါးဆုံးသော ဘုရင်များအကြောင်းကို စဉ်းစားပါ။ သူတို့သည် ဘယ်ကဲ့သို့သောသူများဖြစ်ကြောင်း ၎င်းတို့ ထုတ်ပြန်သည့်ဥပဒေသတို့က ပြသနည်း။

ပညတ်တရားသည် ပညတ်ပေးသူ၏စရိုက်ကိုဖေါ်ပြသည်။ ထို့ကြောင့် ဘုရားသခင်၏ပညတ်သည် ၎င်း၏အကြောင်းကို ဘယ်ကဲ့သို့ဖေါ်ပြသနည်း။ ထာဝရဘုရားသခင်၏ပညတ်သည် ကျွန်ုပ်၏ ကောင်းကျိုးအတွက် အကာအကွယ်ပေးသည်ကို နားလည်သည့်အခါ ဘုရားသခင်သည် ဘယ်ကဲ့သို့ဖြစ်သည်ကို ကျွန်ုပ်တို့ပိုမိုနားလည်မည်ဖြစ်၏။

ယခုအပတ်၌ ကျွန်ုပ်တို့သည် ပညတ်တရားနှင့်ပညတ်တရားပေးသူတို့အကြောင်းကို လေ့လာမည်ဖြစ်၏။

## တနင်္ဂနွေ ဖေဖေါ်ဝါရီ ၅

## သိနာတောင်၌ပညတ်တရား။ (ထွက် ၁၉း၁၈၊၁၉)။

(ထွက် ၁၉း၁၈၊၁၉။ ထွက် ၂၀း၁၈။ တရားဟော ၅း၂၂ နှင့် ဟေဗြဲ ၁၂း၂၁) ကိုဖတ်ပါ။ သိနာတောင်တွင် ပညတ်တရားကို ပေးသည့်အခါ၌ ဣသရေလအမျိုးတို့သည် အဘယ်ကြောင့် ကြောက်ရွံ့ခြင်းနှင့်ပြည့်နေသနည်း။ ၎င်းတို့သည် အဘယ်မှုအပြစ် ရှိသည်ကို ပညတ်တရားက ပြသခြင်းကြောင့် သူတို့သည် ကြောက်ရွံ့ကြ၏။

(ရောမ ၇း၈–၁၃) သည် ဤအရေးကြီးသည့်အမှန်တရားကိုဘယ်ကဲ့သို့ပြသနည်း။ ပညတ်တရားဘာပြုလုပ်သည်ကို ပေါလုပြောသနည်း။ (ဆာလံ ၁၁၉း၆) ကိုလည်းဖတ်ပါ။



ဤကျမ်းပိုဒ်၌ ပေါလုပြောနေခြင်းသည် သိနာတောင်တွင် ဖြစ်ပျက်သည့်အရာများကို E.G.White ပြောသည့်အကြောင်းများ ဖြစ်သည်။ ပြဿနာသည် ဘုရားသခင်၏ပညတ်တရားမဟုတ်ပါ။ ပြဿနာသည် ကျွန်ုပ်တို့ကဲ့သို့ပညတ်တရားကို ကျူးလွန်သောအပြစ်သားများဖြစ်သည်။ ပညတ်တရားသည် ဧဝံဂေလိတရားနှင့် နီးကပ်စွာဆက်နွယ်ကြောင်း ပေါလုပြောပြနေခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် မည်မျှအပြစ်နှင့်ပြည့်ဝနေသည်ကို ပေါလုညွှန်ပြနေခြင်းဖြစ်သည်။

ပညတ်တရားရှေ့၌ သင်သည် တုန်လှုပ်လျက်ရှိနေသည်ကို တွေ့ရသလား။ သင့်မှာအပြစ်ရှိသည်ဟု သင်ခံစားရပါသလား။

(ထွက် ၂၀း၁–၁၇) တွင် ပညတ်တရားအကြောင်းကို သင်ဖတ်နေစဉ် သင်၏စိတ်လှုပ်ရှားခြင်းတို့ကို ၎င်းနှင့်ဆိုင်သည့် ပညတ်တရားများနှင့်နှိုင်းယှဉ်ကြည့်ပါ။

## တနင်္လာ ဖေဖေါ်ဝါရီ ၆

## သိနာတောင်မတိုင်မီပညတ်တရား။ (ယောဘ ၂၄း၁၄၊၁၅)။

သိနာတောင်မတိုင်မီ အမှားနှင့်အမှန်ရှိသည်ကို ကျွန်ုပ်တို့ နားလည်ရန် (ယောဘ ၂၄း၁၄၊၁၅) သည် ဘယ်ကဲ့သို့ဆိုသနည်း။

အာဗြဟံသည် စာရာနှင့်ပတ်သက်ပြီး အဘိမလက်အား လိမ်လည်ပြောခဲ့သည်ကို ဘုရားသခင်သည် အာဗြဟံအား ဆုံးမတော်မူသည်။ အဘိမလက်သည် ဂေရာမြို့မှမင်းကြီးဖြစ်ပြီး သူသည် ဂျူးလူမျိုးမဟုတ်ပါ။ ထိုအချိန်၌ ပညတ်တော်ဆယ်ပါးမပေးရသေးသော်လည်း ထိမ်းမြားခြင်းမင်္ဂလာကို ပညတ်တော်ဆယ်ပါး၏စံအရ သန့်ရှင်းရန် ဘုရားသခင်သည် အဘိမလက်တာဝန်ရှိသည်ဟုဆို၏။

ထိုနောက်စာရာကို အာဗြဟံထံပြန်လည်အပ်နှံရန် မိန့်တော်မူသည်။ (က ၂၀း၉)။

(က ၂၆း၄၊၅) အရ ဘုရားသခင်သည် ဣဇာက်ကို ၎င်း၏ အဖေအား ဘယ်ကဲ့သို့ပြောသနည်း။

အာဗြဟံသည် ဘုရားသခင်စီရင်မှာထားသောပညတ်အမျိုးမျိုးတို့ကို စောင့်ရှောက်ကြောင်း (က ၂၆း၅) တွင် ဖော်ပြထားသည်ကိုတွေ့ရ၏။ ပညတ်တော်ဆယ်ပါးလည်း ပါမည်မှာသေချာသည်။

သိနာတောင်မတိုင်မီ ပညတ်တရားမရှိဟု ဆိုသည့်သဘောသည် အဓိပ္ပါယ်ကင်းမဲ့သောစကားဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အသက်တာနှင့်ပညတ်တရားအကြောင်းကို သိနာတောင်မတိုင်မီက ကျမ်းစာတော်မြတ်၏သွန်သင်မှုရှိခြင်းကြောင့်ဖြစ်သည်။

**အင်္ဂါ** **ဖေဖော်ဝါရီ ၇**

## သိနာတောင်မတိုင်မီ (Sabbath) (က ၂း၁–၃)။

(က၊ ၂း၁–၃) သည် သိနာတောင်မတိုင်မီ (Sabbath) အကြောင်း ကျွန်ုပ်တို့အား ဘယ်ကဲ့သို့သွန်သင်သနည်း။

(ထွက် ၅း၁–၅) ၌ အာရုန်နှင့်မောရှေသည် ဣသရေလ အမျိုးတို့အား လွှတ်ပေးရန် ဖော်ပြထားသည်။ အခန်းငယ် (၅) သည် အလွန်စိတ်ဝင်စားဖွယ်ရာကောင်းသည်။

(ထွက် ၅း၅) တွင် (Sabbath) အကြောင်း ဘယ်ကဲ့သို့ အရိပ်အမြွက်ပြထားပါသနည်း။

ဖါရောဘုရင်ပြန်ပြောသည်မှာ "အမှုမထမ်းစေခြင်းငှါ သင်တို့သည် အခွင့်ပေးကြသည်တကား" ဟုဆိုသည်။ မူလဘာသာစကားတွင်





အနားပေးသည် (သို့မဟုတ်) ငြိမ်သက်စွာနေရန် ဆိုသည့်သဘောပါသည်။ ဤကြိယာများသည် (Sabbath) အပေါ်ဆောက်တည်ထားခြင်းဖြစ်သည်။ မောရှေနှင့်အာရုန်တို့ကို ဖါရောဘုရင်၏မူလစကားသည် ဤသို့ဆိုသည်။ "အမှုမထမ်းစေခြင်းငှါ သင်တို့သည် ၎င်းတို့အား (Sabbath) ပေးသည်။" ဤအချက်သည် သိနာတောင်မတိုင်မီ (Sabbath) ငြိမ်သက်ခြင်း၏ဖြောင့်မတ်ခြင်းတရားကို အရိပ်အမြွက်ပြခြင်းပင်ဖြစ်သည်။

(ထွက် ၁၆း၄–၃၀) သည် သိနာတောင်မတိုင်မီကပင် သတ္တမနေ့ (Sabbath) စတင်ခဲ့သည်ကို ဘယ်ကဲ့သို့သက်သေပြသနည်း။

သင်၏ (Sabbath) တွေ့ကြုံခံစားမှုသည် ဘယ်ကဲ့သို့ရှိသနည်း။ သင်သည် (Sabbath) ကိုနှစ်သက်ပါသလား။ ထိတ်လန့်ကြောက်ရွံ့မှုရှိပါသလား၊ (သို့မဟုတ်) ဘယ်ကဲ့သို့မျှခံစားမှုမရှိဘဲ သာမန်နေ့များနှင့် အတူတူပဲထင်ပါသလား။ သခင်ဘုရားပေးတော်မူသောငင်း၏ (Sabbath day) လက်ဆောင်ကို ပိုမိုလေးနက်ပြီး ကြွယ်ဝသောတွေ့ကြုံခံစားမှုရှိရန် သင်ဘယ်ကဲ့သို့ပြုလုပ်မည်နည်း။

**ဗုဒ္ဓဟူး** **ဖေဖော်ဝါရီ ၈**

## ပညတ်တရားနှင့်ပုရောဖက်များ။ (ဟောရှာယ ၄၈း၁၇၊၁၈)။

(ဟောရှာယ ၄၈း၁၇၊၁၈။ ဆာလံ ၁၁၉း၆၉–၇၂။ ၁၁၉း၉၇–၁၀၃။ ယေရမိ ၃၁း၃၃) ကျမ်းပိုဒ်များသည် ပညတ်တရားကို ဘယ်ကဲ့သို့ချီးမွမ်းထောမနာပြုသနည်း။ ဘယ်ကဲ့သို့သောသဘောထားမျိုးပြသနည်း။

ဣသရေလအမျိုးတို့သည် ပညတ်တရားကို နှစ်သက်သည်။ သို့သော် ပညတ်တရား၏ရည်ရွယ်ချက်များကို နားလည်သောသူတို့သည် ကယ်တင်ခြင်းရရှိသည့်နည်းဟု ဘယ်သောအခါမျှ မတွေးမိခဲ့ကြပါ။ ဟေဗြဲဘာသာရေးသည် ကျေးဇူးတော်ဘာသာတရားဟု အမြဲတည်ရှိခဲ့သည်။ သို့သော် ရှောလမုန်မင်းကြီးလက်ထက်၌ ပညတ်တရားကို ပွင့်လင်းစွာအလွဲသုံးစားပြုခြင်းမှသည် ခရစ်တော်လက်ထက်၌ ပညတ်တရားဝါဒီများအဖြစ်သို့ ရောက်ရှိလေတော့သည်။

သို့သော် ဣသရေလအမျိုးတို့သည် အဘယ်ကြောင့် ပညတ်တရားကို ဤမျှနှစ်သက်ကြပါသနည်း။ တစ်ဖန် ဣသရေလအမျိုးတို့အနေဖြင့် ပညတ်တရားဆိုသည်မှာ ပညတ်တော်ဆယ်ပါး (Old Testament) သွန်သင်ချက်များအားလုံးအထူးသဖြင့် မောရှေ၏ပထမကျမ်းငါးအုပ်တို့ပါဝင်ခြင်းဖြစ်သည်။ ဖြောင့်မတ်ခြင်းတရားကို ၎င်းတို့အကောင်းဆုံးနားလည်သကဲ့သို့ နှစ်သက်ကြခြင်းဖြစ်သည်။ စည်းမျဉ်းများကိုချစ်ခြင်းကြောင့်မဟုတ်ပါ။ ထိုသို့ဖြစ်မည့်အစား လိုက်လျှောက်ပါက ကောင်းချီးမင်္ဂလာနှင့်ကတိတော်များအတွက် လမ်းဖွင့်မည့် လမ်းညွှန်ချက်နှင့် စည်းမျဉ်းတို့ကို နှစ်သက်ခြင်းသာဖြစ်သည်။

သခင်ဘုရား ကျွန်ုပ်တို့ကိုပေးခဲ့သမျှအရာများကို စဉ်းစားကြည့်ပါ။ ကောင်းချီးမင်္ဂလာအဖြစ် ကျွန်ုပ်တို့ရရှိထားသည့်အံ့ဖွယ်ကောင်းလှသောဖြောင့်မတ်ခြင်းတရားဖြင့် ဘယ်ကဲ့သို့ပိုမိုကောင်းမွန်သောအသက်တာကို ကျွန်ုပ်တို့နေထိုင်နိုင်မည်နည်း။



**ကြာသပတေး ဖေဖော်ဝါရီ ၉**

**ပဋိညာဉ်အသစ်၌ ပညတ်တရား။ (ဟေဗြဲ ၈း၁၀)။**

(ဟေဗြဲ ၈း၁၀ နှင့် ဟေဗြဲ ၁၀း၁၆) တွင် ဘုရားသခင်၏ပညတ်တရားကို ဘယ်ကဲ့သို့ဖော်ပြထားသနည်း။ ထိုပညတ်တရားသည် ကျွန်ုပ်တို့အတွက် ယနေ့တိုင်အသုံးဝင်ဆဲဖြစ်ပါသလား။ သို့တည်းမဟုတ် ကျေးဇူးတော်ဖြင့်ပယ်ဖျက်လိုက်ပြီလော။

ယနေ့ မကြာခဏလူတို့သည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်ကျေးဇူးတော်ကို ပညတ်တရားအထက်၌ထားရှိရန် ကြိုးစားကြသည်။ ရေပန်းစားသည့်အတွေးသဘောကား သင်သည် အမှန်တကယ်သခင်ဘုရားကိုချစ်သော် ပညတ်တရားကို နားထောင်ရန် မလိုအပ်တော့ဘဲ ပယ်ဖျက်သွားပြီဟု ဆိုကြသည်။ သို့သော် အမှန်မှာ သခင်ဘုရားနှင့်အခြားလူတို့ကို အမှန်တကယ်ချစ်သောသူတို့သည် ပညတ်တရား၏မှန်သောစည်းမျဉ်းများကို ပြသခြင်းပင်ဖြစ်သည်။ ထိုကြောင့် ပညတ်တရားကိုပယ်ရှားရန်၊ ဘယ်ကဲ့သို့သောဆင်ခြင်ချက်များပေးရန်မလိုအပ်တော့ပြီ။ ချစ်ခြင်းမေတ္တာသည် ပညတ်တရားကို စုံလင်စေသည်။ ချစ်ခြင်းမေတ္တာသည် ပညတ်တရား၏အကောင်းဆုံးအသွင်ကိုပြသခြင်းဖြစ်သည်။ ပညတ်တရားသည် ရည်ရွယ်ချက်ရှိသည်။ ၎င်း၏ရည်ရွယ်ချက်သည် အကောင်းဆုံးချစ်ခြင်းမေတ္တာ၏သာဓကများဖြစ်သည်။ ဘုရားသခင်ကိုချစ်ခြင်းနှင့် အခြားသူတို့ကိုချစ်ခြင်းတို့ဖြစ်သည်။

(ရောမ ၁၃း၈–၁၀။ ဂလာတိ ၅း၁၄။ ယာကုပ် ၂း၈။ ၁ယော ၅း၂၊၃) ကျမ်းပိုဒ်များသည် ချစ်ခြင်းမေတ္တာနှင့် ပညတ်တရားတို့၏ဆက်နွှယ်မှုဘယ်ကဲ့သို့ရှိသည်ကို ကျွန်ုပ်တို့အား ဘယ်ကဲ့သို့နားလည်စေသနည်း။

ဘုရားသခင်၏ချစ်ခြင်းနှင့် ပညတ်တရားတို့၏ဆက်စပ်မှု အကြောင်းကို လေးနက်စွာစဉ်းစားပါ။ ချစ်ခြင်းမေတ္တာမရှိဘဲနှင့် ပညတ်တရားစောင့်ခြင်းကား ဘယ်ကဲ့သို့ဖြစ်မည်နည်း။ ပညတ်တရား စောင့်ပြီး ချစ်ခြင်းမရှိပါက ဘယ်ကဲ့သို့ဖြစ်မည်နည်း။

**သောကြာ** **ဖေဖော်ဝါရီ ၁၀**

**ထပ်ဆင့်လေ့လာရန်။**

"ကယ်တင်ခြင်းအလုပ်၌ အတင်းအဓမ္မအင်အားအသုံးပြုခြင်းမရှိပါ။ ဘုရားသခင်၏သန့်ရှင်းသောဝိညာဉ်တော်၏သြဇာအောက်၌ လူတို့သည် မည်သည့်အရာကို အစေခံရန် လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိသည်။ လူတစ်ဦးသည် မိမိကိုယ်ကိုခရစ်တော်၌ အပ်နှံလိုက်သည့်အခါ ရရှိလာသောပြောင်းလဲခြင်းသည် အမြင့်ဆုံးသောလွတ်လပ်မှုကို ခံစားရသည်။---မှန်ပေ၏။ ကျွန်ုပ်တို့သည် စာတန်ထိန်းချုပ်မှုအောက်မှ မိမိကိုယ်ကိုလွတ်မြောက်ရန် ခွန်အားမရှိပါ။ သို့သော် ကျွန်ုပ်တို့သည် အပြစ်မှလွတ်ရန် ဆန္ဒရှိပြီး ကျွန်ုပ်တို့အထက်၌ ရှိသောတန်ခိုးကို တောင်းခံပါက ကျွန်ုပ်တို့၏ဝိညာဉ်သည် သန့်ရှင်းသောဝိညာဉ်တော်၏ခွန်အားနှင့် ပြည့်လျက်ရှိမည်ဖြစ်၏။ ဤခွန်အားသည် ဘုရားသခင်၏အလိုဆန္ဒအတိုင်း လိုက်နာမည်ဖြစ်၏။" *E.G. White, DA, p. 466* မှကောက်နုတ်သည်။

–ဝ–



## သင်ခန်းစာ (၇)
## သတ္တမနေ့ကိုအစိုးရသောဘုရားသခင်
ဖေဖော်ဝါရီ ၁၁ – ၁၇

**သတ္တမနေ့မွန်းလွဲပိုင်း** **ဖေဖော်ဝါရီ ၁၁**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (က ၂း၁–၃။ ထွက် ၂၀း၈–၁၂။ တရားဟော ၅း၁၂–၁၅။ မဿဲ ၁၂း၁–၁၃။ ယော ၉။ ၁၉း၃၀)။

**အလွတ်ကျမ်းချက်**

**"ထိုမှတစ်ပါး ဥပုသ်နေ့သည် လူအဖို့ဖြစ်၏။ လူသည် ဥပုသ်နေ့အဖို့ဖြစ်သည်မဟုတ်။ သို့ဖြစ်၍ လူသားသည် ဥပုသ်နေ့ကိုပင်အစိုးရသည်ဟု မိန့်တော်မူ၏။" (မာကု ၂း၂၇၊၂၈)။**

**"အစအဦး၌ နှုတ်ကပတ်တော်ရှိ၏။ နှုတ်ကပတ်တော်သည် ဘုရားသခင်နှင့်အတူရှိ၏။ နှုတ်ကပတ်တော်သည်လည်း ဘုရားသခင်ဖြစ်တော်မူ၏။ ထိုနှုတ်ကပတ်တော်သည် အစအဦး၌ ဘုရားသခင်နှင့်အတူရှိ၏။ ထိုနှုတ်ကပတ်တော်သည် ခပ်သိမ်းသောအရာတို့ကို ဖန်ဆင်းတော်မူ၏။ ဖန်ဆင်းတော်မူခြင်းနှင့် ကင်းလွတ်လျက်ဖြစ်သော အရာတစ်စုံတစ်ခုမျှမရှိ။ ထိုနှုတ်ကပတ်တော်၌ အသက်ရှိ၏။ ထိုအသက်သည်လည်း လူတို့၏အလင်းဖြစ်၏။" (ယော ၁း၁–၄)။**

ဤကျမ်းပိုဒ်များသည် သခင်ယေရှုအား ခပ်သိမ်းသော အရာတို့ကိုဖန်ဆင်းတော်မူသောသခင်အဖြစ်လည်းကောင်း၊ သူ့အား ယုံကြည်သောသူအပေါင်းတို့အား ကယ်တင်ခြင်းပေးမည်ကိုလည်းကောင်း ညွှန်ပြသည့်ကျမ်းပိုဒ်များဖြစ်သည်။ တစ်နည်းအားဖြင့် ဤကျမ်းပိုဒ်များသည် သခင်ယေရှုအား ဖန်ဆင်းရှင်နှင့်ကယ်တင်ရှင်ဖြစ်ကြောင်း ညွှန်ပြခြင်းဖြစ်သည်။ ထိုနောက် သန့်ရှင်းသောကျမ်းစာတော်မြတ်ကျွန်ုပ်တို့ကို ပြသည့်အတိုင်း ဤအရေးကြီးသည့်သခင်ယေရှု၏အခန်းကဏ္ဍနှစ်ရပ်နှင့် ကျွန်ုပ်တို့အတွက် ပြုလုပ်ခဲ့သောအရာများသည် ဥပုသ်ပညတ်တွင်တွေ့ရှိရခြင်းဖြစ်၏။

**တနင်္ဂနွေ** **ဖေဖော်ဝါရီ ၁၂**

**ကမ္ဘာဦးကျမ်း၌ (Sabbath) (က၊ ၂း၁–၃)။**

သခင်ဘုရားသည် (Sabbath) ကိုဖန်ဆင်းရာ၌ မည်သည့်၎င်း၏လုပ်ဆောင်ချက် (၄) ရပ်ကို (က၊ ၂း၁–၃) တွင် မှတ်တမ်းတင်ထားသနည်း။

ဘုရားသခင်၏လုပ်ဆောင်ချက် (၄) ရပ်မှာ နေ့ရက်တစ်ရက်ကိုဖန်ဆင်းခြင်း၊ ၎င်းနေ့ရက်တွင် ငြိမ်ဝပ်စွာနေတော်မူခြင်း၊ ထိုသတ္တမနေ့ကိုကောင်းချီးပေးခြင်းနှင့် သန့်ရှင်းစေတော်မူခြင်းတို့ဖြစ်သည်။ ဘုရားသခင်သည် သတ္တမနေ့ကိုသန့်ရှင်းစေပြီး သန့်ရှင်းခြင်းအတွက် အသုံးပြုရန် သီးခြားထားရှိသည်ဟု အနက်အဓိပ္ပါယ်ရှိသည်။

ဘုရားသခင်ကိုယ်တော်တိုင် သတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူသည်မှာ အလွန်ပင်စိတ်ဝင်စားဖွယ်ဖြစ်၏။ ဘုရားသခင်သည် ၎င်း၏



ဥပုသ်နေ့ကို သန့်ရှင်းစွာထားရန် အလိုရှိကြောင်း ကျွန်ုပ်အားပြသခြင်းဖြစ်သည်။ သူကိုယ်တိုင်ထိုနေ့၌ အနားယူခြင်းဖြစ်သည်။

ထိုနေ့မတိုင်မီတစ်ရက်တွင် ဘုရားသခင်သည် သတ္တဝါအပေါင်းနှင့်လူကိုကောင်းချီးပေးသကဲ့သို့ (က၊ ၁း၂၂၊၂၈)။ ဖန်ဆင်းရှင်သည် သတ္တမနေ့ကို ကောင်းချီးပေးကြောင်း (က၊ ၂း၃) တွင် ရှင်းလင်းစွာဖော်ပြထားသည်။ (Sabbath) နေ့၏ကောင်းချီးမင်္ဂလာအကြောင်းကို ဘုရားသခင်သည် ၎င်း၏စတုတ္ထပညတ်တွင် ဖော်ပြထားသည်။ ဤအချက်သည် ဖန်ဆင်းခြင်း (Sabbath) နှင့်အပတ်စဉ် (Sabbath) ကို ထာဝရဆက်သွယ်ထားလိုက်ခြင်းဖြစ်သည်။

(က၊ ၂း၁–၃) တွင် "သတ္တမနေ့" ဘယ်နှစ်ကြိမ်ပါရှိသည်ကိုမှတ်သားပါ။ ဤအရာသည် ဘာကိုဆိုလိုသနည်း။

(၃) ကြိမ်တိုင် ဤအထူးနေ့ကို ရေးသားထားသည်ကိုတွေ့ရသည်။ သတ္တမနေ့ (Sabbath) သည် မည်မျှအရေးကြီးသည်ကိုပြသခြင်းဖြစ်သည်။ သတ္တမနေ့ (Sabbath) ကို ရက်သတ္တပတ်အတွင်း သီးခြားထားသည်ကိုရှင်းလင်းစွာဖော်ပြထားခြင်းဖြစ်သည်။

**တနင်္လာ** **ဖေဖော်ဝါရီ ၁၃**

**ထွက်မြောက်ရာကျမ်း၌ (Sabbath) (ထွက် ၂၀း၈–၁၁)။**

(ထွက် ၂၀း၈–၁၁) တွင် ကျွန်ုပ်တို့ဘာကိုပြုလုပ်ရန် ဘုရားသခင်မိန့်မှာတော်မူသနည်း။ အဘယ်အကြောင်းကြောင့် ကျွန်ုပ်ပြုလုပ်ရမည်ကို ပြောနေပါသနည်း။

ပညတ်တော်ကို အောက်ပါအတိုင်း ရှင်းပြထားသည်။

(က) နိဒါန်း။ **(Sabbath)** ကိုအောက်မေ့ရန်။

(ခ) အမိန့်။ ခြောက်ရက်ပတ်လုံးအလုပ်မျိုးကို ကြိုးစား၍လုပ်ဆောင်လော့။

(ဂ) အကြောင်းပြချက်။ သတ္တမနေ့သည် **(Sabbath)** ဖြစ်သည်။

(ခ–၁) အမိန့်။ ထိုနေ့၌အလုပ်မလုပ်ရ။

(ဂ–၁) အကြောင်းပြချက်။ ထာဝရဘုရားသခင်သည် မိုးကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာအရပ်ရပ်၌ရှိသမျှတို့ကို ခြောက်ရက်တွင် ဖန်ဆင်း၍ သတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူသည်။

(ဃ) နိဂုံး။ ထိုကြောင့် ထာဝရဘုရားသခင်သည် သတ္တမနေ့ရက်ကို ကောင်းချီးပေး၍ သန့်ရှင်းစေတော်မူ၏။

(က) တွင် **(Sabbath)** ပညတ်၏အရေးကြီးသည့်စည်းမျဉ်းကို အဖွင့်ဝါကျ၌ ဖော်ပြထားသည်။

(ခ) တွင်ခြောက်ရက်လုံးအလုပ်ကို ကြိုးစားလုပ်ဆောင်ရန် အမိန့်ပေးထားသည်။

(ခ–၁) တွင် **(Sabbath)** နေ့တွင် မည်သည့်အလုပ်ကိုမျှမလုပ်ရန် ထပ်မံအမိန့်ပေးထားသည်။

(ဂ) နှင့်(ဂ–၁) တွင် အမိန့်ပေးရသည့်အကြောင်းရင်းကို ဖော်ပြသည်။

(ဂ) ၌ ခြောက်ရက်၊ ခုနစ်ရက်အချိန်အကြောင်းကို ပြောသည်။



(ဂ–၁) တွင် အဘယ်ကြောင့် ငြိမ်ဝပ်စွာနေရမည့်အကြောင်းပြခြင်းဖြစ်သည်။

(ဃ) သည် (က၊ ၂း၃) တွင် **(Sabbath)** နေ့ကို ဘုရားသခင်သန့်ရှင်းစေခြင်းနှင့် ကောင်းချီးပေးခြင်းအကြောင်းဖြစ်သည်။

**အင်္ဂါ ဖေဖော်ဝါရီ ၁၄**

**တရားဟောရာကျမ်း၌ (Sabbath) (တရား ၅း၁၂–၁၅)။**

(တရား ၅း၁၂–၁၅) နှင့် (ထွက် ၂၀း၈–၁၁) ကို နှိုင်းယှဉ်ကြည့်ပါ။ ၎င်းတို့သည် ဘယ်ကဲ့သို့တူညီပြီး ဘယ်ကဲ့သို့ခြားနားသနည်း။ အဘယ်ကြောင့် ဤခြားနားချက်များသည် အရေးကြီးသနည်း။

ပညတ်နှစ်ပါးသည် အများအားဖြင့် တူညီသည်။ သို့သော် တရားဟောရာကျမ်း၌ အပိုဆောင်းထားသည်ကိုတွေ့ရသည်။ ကျမ်းနှစ်ပိုဒ်လုံး၌ အစေခံကျွန်များကိုပါ **(Sabbath)** နေ့တွင် အနားပေးရန် အကြောင်းပြောထားသည်။ သို့သော် တရားဟောရာကျမ်း၌ ပိုမိုပြင်းထန်သည့်အသုံးအနှုန်းကို တွေ့ရှိရသည်။ **(Sabbath)** နေ့တွင် အစေခံကျွန်များသည် အချိန်ပိုအလုပ်ခိုင်းစေခြင်းမှ သခင်များအားတားမြစ်ထားသည်။ ဤအကာအကွယ်ပေးခြင်း၏ရပိုင်ခွင့်သည် ဖန်ဆင်းခြင်းအစကပင် ပညတ်တရားထဲ၌ ပါရှိခြင်းဖြစ်သည်။

**(Sabbath)** နေ့ကို ပထမဦးစွာတည်ဆောက်စဉ်က အပြစ်မရှိသောစုံလင်သည့်ကမ္ဘာ၌ ဖန်ဆင်းခြင်းကို အောက်မေ့သတိရရန်ဖြစ်သည်။

ထို့ကြောင့် (Sabbath) နေ့သည် ဖန်ဆင်းခြင်း၏သင်္ကေတဖြစ်သည်။ အပြစ်ဝင်ရောက်လာပြီးနောက် ဖန်ဆင်းခြင်းနှင့်ကယ်တင်ခြင်း၏သင်္ကေတများဖြစ်လာသည်။ ကယ်တင်ခြင်းသည်ပင်လျှင်အသစ်ပြန်လည်ဖန်ဆင်းခြင်း၏ဥပမာဖြစ်သည်။

ကျွန်ဘဝမှလွတ်မြောက်ရန် ခရစ်တော်ပေးသည့်ကတိတော်အကြောင်းကိုစဉ်းစားပါ။ ခရစ်တော်၌ သင်အဘယ်သို့သောလွတ်မြောက်ခြင်းရှိသနည်း။ ထိုကတိတော်များကိုရယူရန် ဘယ်ကဲ့သို့သင်ကြားပြီး သင်၏အသက်တာ၌ အမှန်တကယ်ဖြစ်ရန် သခင်ဘုရားအား ဘယ်ကဲ့သို့ပြုလုပ်စေမည်နည်း။

**ဗုဒ္ဓဟူး ဖေဖေါ်ဝါရီ ၁၅**

**သခင်ယေရှုနှင့်ငင်း၏ (Sabbath) အပိုင်း (၁) (မဿဲ ၁၂း၁–၁၃)။**

(မဿဲ ၁၂း၁–၁၃) တွင် (Sabbath) နေ့တွင် ရောဂါပျောက်ကင်းခြင်းအကြောင်းကို သေချာလေ့လာဖတ်ရှုပါ။ သင်ဖတ်စဉ်သင့်ကိုယ်ကိုပြန်မေးပါ။ ရောဂါပျောက်ကင်းခြင်း၏နောက်ကွယ်၌မည်သည့်အရာရှိသနည်း။ အဘယ်ကြောင့်သခင်ယေရှုသည် ထိုနေ့၌ပြုလုပ်ရသနည်း။ မည်သည့်အရေးကြီးသောအချက်ကို သခင်ယေရှုရှင်းလင်းစွာပြုလုပ်နေသနည်း။

ကျမ်းအပိုဒ်ငယ် (၇) သည် အရာခပ်သိမ်းကိုရှင်းပြသည့်အရေးကြီးဆုံးကျမ်းပိုဒ်ဖြစ်မည်။ ဤသင်ခန်းစာပေးပုံပြင်သည် လူတို့အကြောင်း၊ ကရုဏာ၊ ကြင်နာခြင်းနှင့် သူတစ်ပါးအား ချစ်ခြင်းအကြောင်းကိုပြသခြင်းဖြစ်သည်။ လိုအပ်သောသူများအတွက်၊ မိမိ



ကိုယ်ကိုအတွက် အလုပ်အခရှာစားသည့်ရက်များထက် (Sabbath) နေ့တွင် ကျွန်ုပ်တို့သည် သူတစ်ပါးအား ကြင်နာခြင်း၊ ချစ်ခြင်းစသည်တို့ကိုပိုမိုပေးနိုင်သည့်အခွင့်အရေးရှိသည်။

ပြဿနာက (Sabbath) နေ့သည် လူတို့ပြုလုပ်သည့်စည်းမျဉ်းများနှင့်ဖိစီးလျက်ရှိခြင်းဖြစ်သည်။ ဤစည်းမျဉ်းများသည် သခင်ဘုရားနှင့်အခြားသောသူတို့အား မေတ္တာပြရန်ရှိသည့်ရည်ရွယ်ချက်မှကျွန်ုပ်တို့ကို လွဲချော်စေသည်။ သန့်ရှင်းသောကျမ်းစာတော်မြတ်၏သွန်သင်ချက်သည် ချစ်ခြင်းမေတ္တာသည် ပညတ်တရားကိုစုံလင်စေသည်ဟုဆို၏။ ချစ်ခြင်းမေတ္တာကို ပညတ်တရားနှင့်ဆန့်ကျင်ရန် ပြုလုပ်သည့်မည်သို့သောအရာမဆို၊ ဖယ်ရှားပစ်ရမည်ဖြစ်၏။ ဂျူးလူမျိုးတို့၏လက်အောက်၌ (Sabbath) သည် ချစ်ခြင်းမေတ္တာကင်းမဲ့သည့်ပညတ်တရားဖြစ်သည်။

မည်သည့်နည်းများဖြင့် ချစ်ခြင်းကင်းမဲ့သည့်ပညတ်တရားကိုပြသနိုင်သနည်း။ ဤကဲ့သို့ပင် သင်သည် ဘယ်ကဲ့သို့အပြစ်ကျူးလွန်နိုင်သနည်း။

**ကြာသပတေး ဖေဖေါ်ဝါရီ ၁၆**

**သခင်ယေရှုနှင့်ငင်း၏ (Sabbath)အပိုင်း (၂) (ယောဟ ၁၉း၃၀)။**

သခင်ယေရှုသည် ဤလောက၌ အသက်ထင်ရှားစဉ် (Sabbath) နေ့တွင် အနားယူရန် အရေးကြီးကြောင်းကို ပြန်လည်ပြုလုပ်သည်။ သို့သော် သူ၏အသေခံခြင်း၌လည်း ဤသို့ပြုလုပ်ခဲ့သည်။

(မဿဲ ၂၇း၅၇–၂၈း၁။ မာကု ၁၅း၄၂–၁၆း၁။ လုကာ ၂၃း၅၂–၂၄း၁။ ယော ၁၉း၃၁–၂၀း၁ ကိုဖတ်ပါ။ ဧဝံဂေလိကျမ်းရေးပုဂ္ဂိုလ်လေးဦးတို့၏တူညီချက်တစ်ခုကား အဘယ်နည်း။ ပို၍အရေးကြီးသည်မှာ (Sabbath) သည် ယနေ့အထိတည်ရှိဆဲအကြောင်း ဘယ်ကဲ့သို့ပြောထားသနည်း။

"အမှုပြီးပြီ" ဟု သခင်ယေရှုသည် မိန့်တော်မူပြီးနောက် ကျွန်ုပ်တို့အတွက် ကယ်တင်ရှင်အဖြစ် ဘယ်အရာကိုပြုလုပ်သနည်း။

သခင်ယေရှုသည် သတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ထိုအရာကိုကျွန်ုပ်တို့မည်သည့်အခါတွင် သတိပြုမိပါသနည်း။ ခြောက်ရက်နေ့နေဝင်ချိန်မှစ၍ သူသည် အနားယူခြင်းဖြစ်သည်။ (က၊ ၂း၁–၃) တွင်တွေ့ရှိနိုင်သည်။ ဖန်ဆင်းခြင်းအလုပ်ကို ဆောင်ရွက်ပြီးနောက် သခင်ဘုရားသည် သတ္တမနေ့၌ ငြိမ်ဝပ်စွာနေတော်မူ၏။ ယခု၌လည်း ၎င်း၏ကယ်တင်ခြင်းအလုပ်ကိုဆောင်ရွက်ပြီးနောက် ထိုနည်းတူ သခင်ယေရှုသည် အနားယူခြင်းဖြစ်သည်။ အကယ်၍ သခင်ယေရှုသည် (Sabbath) နေ့တွင် အနားယူခြင်းကို ပယ်ဖျက်ခဲ့သော် အဘယ်ကြောင့် သူသည် ကပ်တိုင်ပြီးပထမဦးဆုံးပြုလုပ်သော လုပ်ဆောင်ချက်ဖြစ်သနည်း။ ထိုကြောင့် အသက်ရှင်စဉ်နှင့် သေစဉ် အချိန်၌ သခင်ယေရှုသည် (Sabbath) သည် ယနေ့တိုင်အရေးကြီးကြောင်းကို ပြသခြင်းဖြစ်၏။



**သောကြာ** **ဖေဖော်ဝါရီ ၁၇**

**ထပ်ဆင့်လေ့လာရန်။**

"သခင်ဘုရားသည် ခေတ္တခဏမျှပင် အလုပ်မှအနားယူခြင်းမရှိ၊ ထိုသို့ပြုလုပ်ပါက လူသည် အားနည်းကာ သေမည်ဖြစ်သည်။ လူသည်လည်း (Sabbath) နေ့၌ လုပ်ရသောအလုပ်ရှိ၏။ အသက်ရှင်ရေးအတွက်ကို ပြုစုရန်လိုအပ်သည်။ လူနာများကို ကြည့်ရှုရန်နှင့် ဆင်းရဲသူ၊ဆင်းရဲသားတို့ကို ကူညီရန် လိုအပ်မည်ဖြစ်၏။ (Sabbath) နေ့၌ ဝေဒနာခံစားနေရသောသူကို ကူညီမစခြင်းမပြုသောသူသည် မစရန်ပျက်ကွက်ခြင်းဖြင့် အပြစ်ကျူးလွန်၏။ သခင်ဘုရား၏သန့်ရှင်းသော (Sabbath) နေ့သည် လူတို့အဖို့ပြုလုပ်ခြင်းဖြစ်သည်။ ကရုဏာတရားဖြင့် ကူညီခြင်းအမှုသည် (Sabbath) စောင့်ထိန်းခြင်း၏ဥပဒေသများနှင့်စုံလင်စွာကိုက်ညီမှုရှိသည်။ သခင်ဘုရားသည် ၎င်း၏ဖန်ဆင်းထားသောသတ္တဝါများကို (Sabbath) နေ့၌သော်လည်းကောင်း၊ အခြားသောနေ့တစ်ရက်၌သော်လည်းကောင်း တစ်နာရီမျှဝေဒနာခံစားခြင်းမှ သက်သာပျောက်ကင်းအောင်ပြုလုပ်ရန် ဆန္ဒရှိသည်။ E.G.White, DA, pp. 206,207 မှကောက်နုတ်သည်။

–၀–

သင်ခန်းစာ (၈)

## ဖန်ဆင်းခြင်းအရာများကိုပြုစုစောင့်ရှောက်ခြင်း

ဖေဖော်ဝါရီ ၁၈ – ၂၄

**သတ္တမနေ့မွန်းလွဲပိုင်း** **ဖေဖော်ဝါရီ ၁၈**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (ရောမ ၁း၂၅။ ၂ပေ ၃း၁၀–၁၄။ က၊ ၂း၁၅။ နေဟမိ ၁၃း၁၆–၁၉။ ဟေဗြဲ ၁း၃။ ဆာလံ ၁၀၀။ က၊ ၁း၂၆–၂၈)။

**အလွတ်ကျမ်းချက်**

**"ထိုအခါ၊ ထာဝရအရှင်ဘုရားသခင်သည် လူကိုယူ၍ ဧဒင်ဥယျာဉ်ကို ပြုစုစောင့်နေစေခြင်းငှါ ထားတော်မူ၏။" (က၊ ၂း၁၅)။**

သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများအနေဖြင့် ကျွန်ုပ်တို့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဘယ်ကဲ့သို့မြင်သင့်သနည်း။ ဤကမ္ဘာဂြိုဟ်သည် ညစ်ညမ်းနေသည်ကို ကျွန်ုပ်တို့သိ၏။ ဆက်လက်ညစ်ညမ်းမည်ဖြစ်၏။ ထိုနောက် တစ်နေ့သောအချိန်၌ ပျက်စီးမည်ကိုလည်းသိသည်။ သား၊ ငါး၊ ငှက်နှင့်သတ္တဝါများနေထိုင်သည့်နေရာများကို ကျွန်ုပ်တို့ညစ်ညမ်းအောင်ပြုလုပ်နေခြင်းကို ဘယ်ကဲ့သို့ကိုင်တွယ်ရမည်ကို ရှန်းကန်နေခြင်းမှာ တစ်ခါတစ်ရံအံ့သြဖွယ်မဟုတ်ပါ။

ထာဝရဘုရားသခင်ပေးသမျှသောအရာအားလုံးအတွက် ကျွန်ုပ်တို့သည် ဘဏ္ဍာစိုးများအနေဖြင့် ဤကမ္ဘာမြေကြီးကိုလည်း စောင့်ရှောက်ပြုစုရန် တာဝန်ရှိသည်။ ဘုရားသခင်ကိုယ်တော်တိုင် ဖန်ဆင်းခဲ့ပြီး "ကောင်းသည်" ဟုဆိုခဲ့ရာ ဘုရားသခင်သည် ဖန်ဆင်းရှင်ဖြစ်ကြောင်း အထူးသတင်းရှိသူများအနေဖြင့် (ဗျာ ၁၄း၆၊၇)၊ ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်၏ဖန်ဆင်းခြင်းအရာများကို ဘယ်ကဲ့သို့ကိုင်တွယ်ရမည်ဆိုသည့်အကြောင်းနှင့် ပတ်သက်ပြီး အရေးကြီးသည့်အကြောင်းအချက်တို့ကို ပြောဆိုရန်ရှိသင့်သည်။

**တနင်္ဂနွေ** **ဖေဖော်ဝါရီ ၁၉**

**"ပုစွန်တုပ်ကယ်ပါ" လှုပ်ရှားမှု။ (၂ပေ ၃း၁၀–၁၄)။**

မျိုးတုံးတော့မည့်ဘေးကို ရင်ဆိုင်နေရသောပင်လယ်ပုစွန်တုပ်ကြီးများကိုကယ်ရန် လှုပ်ရှားမှုမှအစွန်းရောက်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝင်တစ်ဦးသည် စားသောက်ဆိုင်တစ်ခုမှ ပင်လယ်ပုစွန်တုပ်ကြီးများသိုလှောင်ထားသည့်ကန်တစ်ခုမှ ပုစွန်တုပ်ကြီးတစ်ကောင်ကို ခိုးယူကာ မော်တော်ယဉ်နှင့်ရဟတ်ယဉ်များဖြင့် ပင်လယ်ကမ်းခြေသို့သယ်ဆောင်သွားကာ လွှတ်လိုက်သည့်ဖြစ်ရပ်တစ်ခုလွန်ခဲ့သည့်နှစ်များစွာကဖြစ်ပွားခဲ့သည်။

သခင်ယေရှုသည် များမကြာမီ ပြန်လည်ကြွလာမည်ဖြစ်သည်။ ကျွန်ုပ်တို့၏သတင်းစကားတစ်ခုလုံးသည် ဤကမ္ဘာမြေကြီးသည် ဆုံးခန်းသို့ရောက်မည်ဟူသောသဘောအပေါ် အခြေခံထားပါသည်။ ဤကမ္ဘာမြေကြီးသည် အလွန်ညစ်ညမ်းလာသဖြင့် ကြာရှည်စွာ

ဆက်လက်တည်ရှိနိုင်မည်မဟုတ်ကြောင်းကိုလည်း ကျွန်ုပ်တို့သိသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် ဤကမ္ဘာမြေကြီးအတွက် မည်မျှပင်စိုးရိမ်ပူပန်မှုရှိသင့်သနည်း။

(၂ပေ ၃း၁၀–၁၄။ ဟေရှာယ ၅၁း၆။ ၆၅း၁၇။ ဗျာ ၂၁း၁) ကိုဖတ်ပါ။ ဤကမ္ဘာမြေကြီး၏နောက်ဆုံးကံကြမ္မာကား အဘယ်ကဲ့သို့ဖြစ်မည်ကို သမ္မာကျမ်းစာတော်မြတ်က ဘယ်ကဲ့သို့သွန်သင်ထားသနည်း။ ဤသွန်သင်ချက်သည် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအကြောင်း ကျွန်ုပ်တို့ခံစားချက်ကို ဘယ်ကဲ့သို့ဩဇာသက်ရောက်သင့်သနည်း။

ကျမ်းစာတော်မြတ်၏သွန်သင်ချက်သည် အလွန်ရှင်းသည်။ ဤကမ္ဘာမြေကြီးသည် ကြာရှည်ခံမည်မဟုတ်။ "ကောင်းကင်သစ်နှင့်မြေကြီးသစ်ကို ပြန်လည်ဖန်ဆင်းရန် ကတိပေးသည့်ဘုရားသခင်ကိုယ်တော်တိုင်ဖျက်ဆီးမည်ဖြစ်သည်။ ပတ်ဝန်းကျင်ကိုအလွဲသုံးစားပြုရန် ဆင်ခြေမရှိပါ။ သို့သော် ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးနှင့် ပတ်ဝန်းကျင်ကိုလည်း အကျယ်ချဲ့ရန် မပြုလုပ်ဖို့သတိထားရမည်ဖြစ်သည်။ အစွန်းရောက်သူတို့ကို ကျွန်ုပ်တို့ရယ်မောမည်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့ကိုယ်တိုင်ထိုသို့မဖြစ်စေရန်၊ သတိကြီးစွာထားရန် လိုအပ်မည်ဖြစ်သည်။

ဘုရားသခင်၏ဖန်ဆင်းခြင်းကို ကျွန်ုပ်တို့ဘယ်ကဲ့သို့ပြုရန် (ရောမ ၁း၂၅) မှ မည်သည့်အရေးကြီးသောသတင်းစကားကို ကျွန်ုပ်တို့ယူသင့်သနည်း။





**တနလ်ာ** **ဖေဖော်ဝါရီ ၂၀**

**ဖန်ဆင်းခြင်းအရာများထိန်းသိမ်းပြုစုရန်ပြောဆိုချက်။ (ဟေဗြဲ ၁း၃)။**

သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်ပြီး ဘယ်ကဲ့သို့သဘောထားရှိသနည်း။ ကျွန်ုပ်တို့သည် ပါဝင်ပတ်သက်မှုရှိပြီး ဘယ်ကဲ့သို့ဟန်ချက်ညီအောင် ရပ်တည်ရမည်နည်း။

အသင်းတော်၏ရပ်တည်ချက်နောက်၌ ရှိသည့်အကျိုးအကြောင်းကိုနားလည်ရန် အောက်ဖော်ပြပါကျမ်းပိုဒ်များသည် ကျွန်ုပ်တို့ကိုဘယ်ကဲ့သို့ကူညီသနည်း။

ခရစ်ယာန်များအနေဖြင့် ဤကမ္ဘာလောကကြီး၏ကောင်းသောအရာရှိသမျှတို့သည် သခင်ဘုရားထံမှ ဆုလက်ဆောင်များဖြစ်သည်ဟု ယုံကြည်သည်နှင့်အမျှ ကျွန်ုပ်တို့သည် ဤအရာခပ်သိမ်းတို့ကိုစောင့်ရှောက်ပြုစုရန် ဦးဆောင်သူများဖြစ်သင့်သည်။ အကယ်၍သင်သည် ဤကမ္ဘာလောကကြီးသည် အမှတ်မထင်ဘဲ မတော်တဆအလိုအလျောက်ဖြစ်ပေါ်လာသည်ဟု ထင်ခဲ့သော် သင်၏ကောင်းကျိုးအတွက် အမြတ်ထုတ်ရန် ကြိုးစားပြုလုပ်ခြင်းကို ဆင်ခြေပေးနိုင်မည်ဖြစ်သည်။ သို့သော် ဤကမ္ဘာမြေကြီးကို ဘုရားသခင်ဖန်ဆင်းပြီးထောက်ပံ့သည်ကို ကျွန်ုပ်တို့သိသည်။ ထိုကြောင့် ကျွန်ုပ်တို့သည် တာဝန်ရှိသောမန်နေဂျာများဖြစ်ရန် လိုအပ်မည်ဖြစ်၏။

ပတ်ဝန်းကျင်ကို သင်ကိုင်တွယ်ဆက်ဆံရာ၌ သင်၏တစ်ကိုယ်ကောင်းဆန်မှုသည် အဘယ်မျှဩဇာသက်ရောက်မှုရှိသနည်း။ "ငါကလူတစ်ယောက်ပဲ၊ ငါဘာပဲလုပ်လုပ် ဘာဖြစ်မှာလဲ" ဆိုသည့်သဘောထားကား ဘယ်ကဲ့သို့မှားနေပါသနည်း။

## အင်္ဂါ ဖေဖော်ဝါရီ ၂၁

**ဖန်ဆင်းခြင်းအရာများကိုစောင့်ထိန်းပြုစုခြင်း။ (မဿဲ ၂၂း၃၇-၄၀)။**

ပတ်ဝန်းကျင်အပေါ် ကျွန်ုပ်တို့၏သဘောထားကို (မဿဲ ၂၂း၃၇-၄၀) တွင် ပါရှိသည့်စည်းမျဉ်းများသည် ဘယ်ကဲ့သို့နည်းဖြင့် သြဇာသက်ရောက်နိုင်သနည်း။

ဘုရားသခင်သည် အာဒံအား လောကတွင် လူသားများ၏ ဘဏ္ဍာစိုးတာဝန်ကို ပေးထားသည့်ဥပမာကို ကျမ်းစာတော်မြတ်၏ ဦးစွာအပိုင်း၌ တွေ့ရှိနိုင်သည်။

(က၊ ၂း၁၅) ကိုဖတ်ပါ။ "ထိုအခါ ထာဝရအရှင်ဘုရားသခင်သည် လူကိုယူ၍ ဧဒင်ဥယျာဉ်ကိုပြုစုစောင့်နေစေခြင်းငှါ ထားတော်မူ၏။" လူသားတို့သည် ကမ္ဘာမြေကြီးကို ဘယ်ကဲ့သို့သောနည်းဖြင့် ပြုစုရမည်ဟုဆိုသနည်း။

ဤနေရာ၌ ဆက်ဆံရေးကိုသတိပြုပါ။ ဘုရားသခင်သည် ဤလှပသောပတ်ဝန်းကျင်ကို လူအတွက် ဖန်ဆင်းပေးခဲ့သည်။ သူ့ကို လက်ဆောင်မွန်အဖြစ်ပေးခဲ့သည်။ အာဒံသည် ဘာကိုပြုလုပ်ရမည်ကိုလည်း သတိပြုပါ။ သူသည် ပြုစုစောင့်ရန်ဖြစ်သည်။ "စောင့်နေ" ဆိုသည့်သဘောသည် "ထိန်းသိမ်းရန်" "ကာကွယ်ရန်" ဟုလည်း အနက်ဆောင်သည်။ ထို့ကြောင့် အစအဦးလူသားတို့မကျရှုံးမီကပင် အာဒံသည် ဧဒင်ဥယျာဉ်ကို ဘဏ္ဍာစိုးအနေဖြင့် တာဝန်ပေးအပ်ခြင်းကိုခံခဲ့ရသည်။ အလွဲသုံးစားပြုရန်ကိုသော်လည်းကောင်း၊ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုရန်သော်လည်းကောင်း၊ မိမိအတွက် ရနိုင်သမျှယူရန်ကိုသော်လည်းကောင်း ဘုရားသခင်သည် ထိုသို့မပြုရန်



ပြောခဲ့ပြီဖြစ်၏။ ထိုသို့ပြုမည့်အစား ဘုရားသခင်သည် အာဒံအား ကမ္ဘာမြေကြီးကို ကာကွယ်ပြုစုရန် မိန့်မှာထားခဲ့သည်။

သင့်အနီးရှိပတ်ဝန်းကျင်ကို သင်အဘယ်မျှပြုစုစောင့်ရှောက်သနည်း။ သင်အမှန်တကယ်အဘယ်မျှပင် အရေးစိုက်ပါသနည်း။ သင့်အတွက် အရေးကြီး (သို့မဟုတ်) အရေးမကြီးပါသလား။

## ဗုဒ္ဓဟူး ဖေဖော်ဝါရီ ၂၂

**Sabbath နှင့်ပတ်ဝန်းကျင်။ (သု ၂၇း၂၀)။**

(သု ၂၇း၂၀) ကိုဖတ်ပါ။ ဤကျမ်းပိုဒ်၏အမှန်တရားသည် ပတ်ဝန်းကျင်ကို အလွဲသုံးစားပြုမှုနှင့် ဖန်ဆင်းခြင်းအရာခပ်သိမ်းကို ပြုစုခြင်း၌ ဘယ်ကဲ့သို့တိုက်ရိုက်သြဇာသက်ရောက်မှုရှိသနည်း။

ပတ်ဝန်းကျင်ပြဿနာတစ်ခု၏အကြောင်းရင်းမှာ လူတို့၏ တစ်ကိုယ်ကောင်းဆန်ခြင်းနှင့် လောဘကြီးခြင်းတို့ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် လူတို့သည် ရလေလိုလေဆိုသည့်ဆန္ဒကို မဖြည့်ဆည်းနိုင်ခြင်းကြောင့်ဖြစ်သည်။ ကမ္ဘာမြေကြီး၏သဘာဝသယံဇာတပစ္စည်းများကိုရနိုင်သမျှရအောင် ရယူလိုသည့်ဆန္ဒရှိသည်။

သို့သော် ဤအရာအားလုံးဖြစ်လျက်နှင့် ဘုရားသခင်က ကျွန်ုပ်တို့ကိုပေးသနားတော်မူသော Sabbath သည် ရှိနေဆဲပင်ဖြစ်သည်။

Sabbath နှင့်ဆိုင်သည့်ကျမ်းပိုဒ်များကိုဖတ်ပါ။ (ထွက် ၂၀း၈-၁၁) နှင့် (နေဟမိ ၁၃း၁၆-၁၉)။ ကျွန်ုပ်တို့ခြားနားသည့်နည်းအမျိုးမျိုးမှစဉ်းစားမည်ဖြစ်သည်။

သို့သော် ငွေရရန်စီးပွားရေးလုပ်ငန်းများမှ ရပ်နားရန်နှင့် အခြားအလုပ်များမှရပ်နားရန် အမိန့်ပေးခြင်းသည် ဖန်ဆင်းခြင်းအရာများကိုပြုစုရန် Sabbath စောင့်ခြင်းသည် ဘယ်ကဲ့သို့ကျွန်ုပ်တို့ကို ကူညီသည်ကို စဉ်းစားပါ။ ဤနည်းဖြင့် Sabbath စောင့်ခြင်း၏ သြဇာသည် ပတ်ဝန်းကျင်ကောင်းကျိုးအတွက် ဘယ်ကဲ့သို့သော နည်းဖြင့်ဖြစ်စေသနည်း။

မှန်ပါပေ၏။ Sabbath သည် ကမ္ဘာကိုဘုရားသခင် ဖန်ဆင်းခြင်းကိုအောက်မေ့ရန်ဖြစ်၏။ ဤအချက်သည်လည်း ကမ္ဘာမြေကြီးကို ဘယ်ကဲ့သို့ဆက်ဆံရန်လည်း သတိရစေရန်ဖြစ်၏။ Sabbath ကိုစောင့်ထိန်းခြင်းဖြင့် အသက်တာသည် ငွေရရှိရန်သာ မဟုတ်ကြောင်းကို အပတ်စဉ်သတိရစေရန်နှင့် ကမ္ဘာမြေကြီးကိုပျက်စီးစေနိုင်သည့်အလုပ်မျိုးကို မပြုလုပ်ရန် အောက်မေ့သတိရဖို့ဖြစ်သည်။

Sabbath ကိုစောင့်ခြင်းဖြင့် ပို၍ရလိုသောသင်၏လောဘ ရမ္မက်ဆန္ဒများကို ဘယ်ကဲ့သို့ကျော်လွှားအောင်ကူညီသနည်း။ Sabbath ကိုချိုးဖွဲ့ရန် ငွေရသောအလုပ်သည် သင့်အား မည်မျှစုံစမ်းနှောင့်ယှက်ခဲ့သနည်း။

## ကြာသပတေး ဖေဖော်ဝါရီ ၂၃

**ကမ္ဘာမြေကြီးကိုအုပ်စိုးခြင်း။ (က၊ ၁း၂၆၊၂၈)။**

(က၊ ၁း၂၆၊၂၈) ကိုသေချာစွာဖတ်ပြီး အောက်ဖော်ပြပါ မေးခွန်းများကိုဖြေဆိုပါ။

၁။ ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးကို အဘယ်မျှအထိ ပြီးပြည့်စုံအောင်အုပ်စိုးရမည်နည်း။



၂။ အလုပ်လုပ်ပြီးမြေကြီးပေါ်ရှိ ခပ်သိမ်းသောအရာတို့ကို အုပ်စိုးစေဟု အမိန့်ရှိခြင်းသည် ဘာကိုဆိုလိုသနည်း။ ဤကျမ်းပိုဒ်များ၌ ဖန်ဆင်းခြင်းကို ညစ်ညမ်းစေရန်နှင့် အလွဲသုံးစားပြုရန် အချက်များမပါရှိသနည်း။

၃။ (က၊ ၁း၂၈) တွင် "မြေကြီးကိုပြည့်စေ၍ နိုင်ကြလော့" ဟု ဆိုထားသည်။ ဤအချက်၏အဓိပ္ပါယ်သည် မြေကြီးကို ဘယ်ကဲ့သို့ပြုစုသင့်သည်ကို နားလည်ရန် ဘယ်ကဲ့သို့ကူညီသနည်း။

လူသားများသည် ဘုရားသခင်၏တန်ခိုးနှင့် လမ်းညွှန်ချက်ဖြင့် ကမ္ဘာမြေကြီးကို အုပ်စိုးရမည်မှာ မေးခွန်းထုတ်ရန်မရှိပါ။ ဤကျမ်းပိုဒ်များသည် လူသားများမကျရှုံးမီကပေးထားသည်ကို သတိရရန်လည်း မမေ့ရန်လိုအပ်ပါသည်။ ၎င်းကမ္ဘာသည် အပြစ်သေခြင်းနှင့်ဝေဒနာကင်းမဲ့သည့်ကမ္ဘာဖြစ်သည်။ ထို့ကြောင့် ဤကျမ်းပိုဒ်မှ လောကကိုအုပ်စိုးရန် အမိန့်ရှိသည်မှာ ဆိုးသွမ်းသည့်ကမ္ဘာကို အုပ်စိုးရန်အနက်ရှိမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာမြေကြီးတွင် အပြစ်မဝင်မီ ဤကြောက်မက်ဖွယ်အရာများမရှိသည်မှာ သေချာသည်။ မည်သည့်အရာကို အုပ်စိုးသည်ဖြစ်စေ၊ ကမ္ဘာမြေကြီးကို ပျက်စီးရန် ဆိုလိုသည်မဟုတ်ပါ။

## သောကြာ ဖေဖော်ဝါရီ ၂၄

**ထပ်ဆင့်လေ့လာရန်။**

"အစအဦး၌ ဖန်ဆင်းခြင်းအရာများသည် ဘုရားသခင်ကို ပြသလျက်ရှိသည်။ ခရစ်တော်သည် ကောင်းကင်ကိုဖြန့်လိုက်သူဖြစ်

သည်။ သူသည် မြေကြီး၏အုတ်မြစ်ကို ချခဲ့သူဖြစ်သည်။ သူ၏လက်ဖြင့် မြေကြီးကိုလေဟာနယ်တွင် ဆွဲထားကာ လယ်ပြင်တွင်ပန်းများကို ပြုလုပ်သူလည်းဖြစ်သည်။ "ကိုယ်တော်သည် တန်ခိုးနှင့်ပြည့်စုံသဖြင့် အားကြီး၍တောင်များကို တည်စေတော်မူ၏။" (ဆာလံ ၆၅း၆)။ "ပင်လယ်ကိုလည်း ဖန်ဆင်း၍ ပိုင်တော်မူ၏။" (ဆာလံ ၉၅း၅)။ ကမ္ဘာမြေကြီးကို လှပစေသောအရာများဖြည့်ဆည်းပေးသောသူသည် သခင်ယေရှုဖြစ်၏။ လေထဲတွင်သီချင်းသံများနှင့်ပြည့်စေသောသူသည် သခင်ယေရှုဖြစ်၏။ ထိုနောက်မြေပေါ်၊ ကောင်းကင်ပေါ်နှင့်လေထဲ၌ အဖခမည်းတော်၏ချစ်ခြင်းမေတ္တာကိုပြသရေးသားထားသည်ကိုတွေ့ရ၏။

"ယခုမှာမူ၊ စုံလင်သောဘုရားသခင်၏လုပ်ဆောင်မှုကို အပြစ်သည် ဖျက်ဆီးလိုက်ပြီးဖြစ်သည်။ သို့သော် ၎င်း၏လက်ရေးလက်သားသည် ထင်ရှားလျက်ရှိဆဲပင်။ ယခုပင်လျှင် ဖန်ဆင်းခြင်းအရာများသည် ဘုရားသခင်၏တန်ခိုးတော်ကို ဖေါ်ပြလျက်ရှိသည်။" E.G.White, DA, pp. 20,21 မှကောက်နုတ်သည်။

–၀–



## သင်ခန်းစာ (၉)
# ကျမ်းစာတော်မြတ်နှင့်သမိုင်း
ဖေဖေါ်ဝါရီ ၂၅ – မတ် ၂

**သတ္တမနေ့မွန်းလွဲပိုင်း** **ဖေဖေါ်ဝါရီ ၂၅**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (ဆာလံ ၁၀၄း၁–၉။ ဗျာ ၁း၁–၃။ ၂ပေ ၁း၂၁။ ဒံ ၂။ ဗျာ ၁၂း၇–၁၇။ ရောမ ၁၆း၂၀။ ၂ကော ၅း၁၇–၁၉)။

**အလွတ်ကျမ်းချက်**

**"ငါသည် အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏ဟု အနန္တတန်ခိုးနှင့်ပြည့်စုံတော်မူ၍ ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်ကာလအစဉ်ရှိတော်မူသော ထာဝရအရှင်ဘုရားသခင်မိန့်တော်မူ၏။" (ဗျာ ၁း၈)။**

လူသားတို့၏သမိုင်းသည် အဓိပ္ပါယ်ကင်းမဲ့သည့်အဖြစ်အပျက်များဖြစ်ပါသလား၊ (သို့မဟုတ်) ရည်မှန်းချက်ပန်းတိုင်တစ်ခုသို့ ဗဟိုပြုလျက် စီစဉ်ထားခြင်းဖြစ်ပါသလား။ ဘုရားသခင်သည် သမိုင်းကိုနည်းပေးလမ်းပြပြုလုပ်ပြီး မိမိကိုယ်ကိုသမိုင်းတွင် ဖေါ်ပြသည်ဟုကျမ်းစာတော်မြတ်က ရှင်းလင်းစွာဖေါ်ပြထားပါသည်။

သို့သော်လည်း သမိုင်းအားလုံးသည် ဘုရားသခင်၏အလိုတော်ကိုပြသည်မဟုတ်။ လူသားများသည် ဆိုးဝါးသည့်ရွေးချယ်မှု

များကိုလည်း လွတ်လပ်စွာပြုလုပ်ခွင့်ရှိသည်။ ဤဆိုးဝါးသည့်ရွေးချယ်မှုများသည် သမိုင်းပေါ်ကြီးသက်ရောက်မှုရှိသည်။ ဘုရားသခင်သည် သမိုင်းမှအလုပ်လုပ်ဆောင်သည်ဟုဆိုခြင်းဖြင့် ဖြစ်ပျက်သည့်အရာခပ်သိမ်းကို ဘုရားသခင်က ပြုလုပ်သည်ဟုဆိုလိုခြင်းမဟုတ်ပါ။ ဆိုးသွမ်းသောမကောင်းမှုများဖြစ်ပွားသော်လည်း ဘုရားသခင်သည် ရှိမြဲပင်ဖြစ်၏။

ဘုရားသခင်သည် ကမ္ဘာ့သမိုင်းမှဘယ်ကဲ့သို့လုပ်ကိုင်ဆောင်ရွက်သည်ကို ယခုအပတ်လေ့လာမည်ဖြစ်၏။

## **တနင်္ဂနွေ ဖေဖော်ဝါရီ ၂၆**

## **အတိတ်နှင့်အနာဂတ်။ (၂ပေ ၁း၂၁)။**

ကျမ်းရေးပုဂ္ဂိုလ်များသည် လူသားတို့၏အစနှင့်နိဂုံးသမိုင်းအကြောင်းကို ဘယ်ကဲ့သို့ရေးသားသနည်း။ (က ၁း၁။ ယောဘ ၃၈း၁–၇။ ဆာလံ ၁၀၄း၁–၉။ ဗျာ ၁း၁–၃၊၁၉။ ၂၁း၁–၆) ကိုဖတ်ပါ။

လူသားတို့၏သမိုင်းသည် စက်ဝိုင်းကဲ့သို့သွားသည်မဟုတ်။ အမှန်တကယ်အစရှိပြီး ခမ်းနားကြီးကျယ်သောအနာဂတ်ကိုလည်း ရင်ဆိုင်ရမည်ဖြစ်၏။

ကျွန်ုပ်တို့၏ဘုရားသခင်သည် အနာဂတ်ကိုသိတော်မူသည်။ ထိုကြောင့်သူသည် လူသားတို့လွတ်လပ်စွာရွေးချယ်နိုင်ဖွယ်ရှိသည့် အရာများကိုလည်းသိသည်။ ကျွန်ုပ်တို့ဘယ်ကဲ့သို့ ရွေးချယ်မှုများကို ပြုလုပ်သည်ဖြစ်စေ၊ နောက်ဆုံး၌ ဘယ်ကဲ့သို့အဆုံးသတ်မည်ကို သိတော်မူသည်။



(၂ပေ ၁း၂၁) အရ ဘုရားသခင်၏အနာဂတ်စီမံချက်ကို ကျွန်ုပ်တို့အား ဘယ်ကဲ့သို့ပေးထားသနည်း။

ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ထွက်စကားတော်မြတ်ကို ယုံကြည်ကိုးစားပါက နောက်ဆုံး၌ဖြစ်မည့်အရာကို ကျွန်ုပ်တို့အားပြမည်ကိုသိသည်။ သူသည် အတိတ်နှင့်အနာဂတ်ဘုရားသခင်ဖြစ်တော်မူသည်။ သူသည် အနာဂတ်၏သခင်လည်းဖြစ်သဖြင့် သူပြောသည့်အတိုင်း အနာဂတ်၌ဘာဖြစ်မည်ကို ကျွန်ုပ်တို့ယုံကြည်ကိုးစားနိုင်သည်။

အနာဂတ်ကို ဟောကြားရန် အဘယ်မျှလွယ်ကူသနည်း။ သင်ဘယ်နှစ်ကြိမ်မျှခန့်မှန်းချက်မှားသနည်း။ ကောင်းသည့်သတင်းမှာအနာဂတ်ကိုသိပြီး မည်သည့်အရာများဖြစ်မည်ကိုလည်း သိသည်။ ချစ်နှစ်သက်ဖွယ်ကောင်းသောဘုရားသခင်သည် သင်၏ရှေ့ဖြစ်မည့်အရာများကိုသိခြင်းဖြင့် သင်သည် ဘယ်ကဲ့သို့နှစ်သိမ့်မှုကိုရရှိသနည်း။

## **တနလ်ာ ဖေဖော်ဝါရီ ၂၇**

## **သမိုင်းပညာရှင်များအဖြစ်ပုရောဖက်များ။ (ယေရမိ ၁း၁၄–၁၉)။**

ကျမ်းတစ်လျှောက်လုံး၌ ပုရောဖက်များသည် **“ထာဝရဘုရားသခင်မိန့်တော်မူသည်ကား”** (သို့မဟုတ်) **“ထာဝရဘုရားသခင်၏နှုတ်ကပတ်တော်သည်”** ဟူ၍ သုံးနှုန်းသောစကားများကို တွေ့ရှိရသည်။ တစ်နည်းအားဖြင့်ပြောရသော် **“ငါသည် သင်တို့အား ဤဖြောင့်မတ်ခြင်းတရားများကို ပြောနေသည်မဟုတ်၊ ဘုရားသခင်သည် ငါမှတစ်ဆင့်ပြောနေခြင်းဖြစ်တယ်။ ဒါကြောင့် နားထောင်ရန် အသင့်နေပါ”** ဟုဆိုလိုခြင်းဖြစ်သည်။

ဘုရားသခင်၏နှုတ်ထွက်စကားများ၏တန်ခိုးအကြောင်း ဤဖြောင့်မတ်ခြင်းတရားများသည် (ဟေရှာယ ၁၄း၂၄–၂၇။ နာဟုံ ၁း၅–၁၀)။ ကျွန်ုပ်တို့ကိုဘယ်ကဲ့သို့သတိရစေသနည်း။

လူ့သမိုင်းတွင် အဆုံးမရှိသည့်ဘုရားသခင်၏တန်ခိုးတော်သည် သဘာဝတွင်လည်း ပြသလျက်ရှိသည်။ သာဓကဖြင့် ဆာလံ (၁၀၄) ၌ သဘာဝတရားသည် မိမိအလိုအလျောက်လည်ပတ်လှုပ်ရှားနေခြင်းမဟုတ်ဘဲ အချိန်တိုင်း၌ ဘုရားသခင်၏အမိန့်တော်မြတ်ကို နာခံလျက်ရှိသည်ကိုဖေါ်ပြ၏။ ဘုရားသခင်သည် ကမ္ဘာမြေကြီးကို ဖန်ဆင်းပြီး သဘာဝစည်းမျဉ်းများ၏ထိန်းချုပ်မှုအောက်တွင် ချန်လှပ်ထားခြင်းမဟုတ်သည်ကို ကျမ်းစာတော်မြတ်က ပြသထားသည်။ သဘာဝစည်းမျဉ်းများသည် ကမ္ဘာမြေကြီးဘယ်ကဲ့သို့လှုပ်ရှားရန်အတွက် အသုံးပြုရန် တစ်စိတ်တစ်ပိုင်းအနေဖြင့် ဘုရားသခင်ချထားပေးခြင်းဖြစ်သည်။ ထိုသဘာဝစည်းမျဉ်းဥပဒေသများသည် ဘုရားသခင်ဖန်ဆင်းကာ ဆက်လက်လှုပ်ရှားရန်အတွက် ချထားတော်မူသောကြောင့် တည်ရှိလျက်ရှိခြင်းဖြစ်သည်။

များစွာသောသိပ္ပံပညာရှင်များက ဤကမ္ဘာမြေကြီးသည် မတော်တဆဖြစ်မှုဖြင့် ဖြစ်ပေါ်လာပြီး ထိုကဲ့သို့ပင် အဆုံးသတ်မည်ဟုပြောဆိုထားသည်။ ထိုအရာသည် မမှန်ကန်ကြောင်း သင့်စိတ်ထဲ၌ ဘယ်ကဲ့သို့သိသနည်း။



**အင်္ဂါ** **ဖေဖေါ်ဝါရီ ၂၈**

**ဒံယေလ (၂) နှင့် သမိုင်းတွင် ဘုရားသခင်၏ဦးဆောင်လမ်းပြခြင်း။ (ဒံ၊ ၂)။**

ဒံယေလ (၂) တွင် ကြိုတင်ဟောထားသောအကြောင်းတို့ကိုလေ့လာပါ။ ဘုရားသခင်သည် ရှေ့အနာဂတ်ကို ကြိုတင်သိမြင်ထားခြင်း၏ကြီးမားသောသက်သေဖြစ်ကြောင်း ဤကျမ်းပိုဒ်သည် ဘယ်ကဲ့သို့ပြသနည်း။

ဤကျမ်းပိုဒ်သည် နှစ်ပေါင်း (၂၆၀၀) ကျော်က ရေးသားခဲ့ခြင်းဖြစ်သည်။ ဘုရားသခင်ပြထားသည့်အတိုင်း တစ်သဝေမတိမ်းသမိုင်း၌ ဖြစ်ပျက်ခဲ့သည်။ ဤနည်းဖြင့် ဤကျမ်းပိုဒ်သည် နှစ်ထောင်ပေါင်းများစွာက အသက်ရှင်နေထိုင်ခဲ့သောသူများထက် ကျွန်ုပ်တို့အတွက် ပို၍အဓိပ္ပါယ်ရှိသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့ကျွန်ုပ်တို့သည် သမိုင်းကိုပြန်လည်ကြည့်ခြင်းဖြင့် ပုရောဖက်များကြိုတင်ဟောပြောထားသည့်အတိုင်း အင်ပါယာများဖြစ်ပေါ်ခဲ့သည်ကို မြင်နိုင်ခြင်းကြောင့်ဖြစ်သည်။ အံ့သြဖွယ်ကောင်းသည့်အချက်တစ်ခုကား (ဒံ ၂) တွင် ပြထားသည့်ကြာမြင့်သောအချိန်ကာလ၌ သန်းပေါင်းများစွာသောလူတို့သည် မိမိတို့၏အလိုဆန္ဒအတိုင်း လွတ်လပ်စွာနေထိုင်ခဲ့ခြင်းပင်ဖြစ်သည်။ သို့သော် ဘုရားသခင်သည် နိုင်ငံများဖြစ်ပေါ်ထွန်းကားလာခြင်းနှင့် ပျက်စီးကျဆုံးခြင်းတို့ဖြစ်မည်ကို တိကျစွာကြိုတင်သိမြင်ထားပြီးဖြစ်သည်။

ပုရောဖက်ဒံယေလသည် ဗာဗုလုန်၊ မေဒိပေရသိ၊ ဂရိနှင့်ရောမနိုင်ငံတို့၏အတက်အကျအကြောင်း ကြိုတင်ဟောထားချက်သည် မှန်ကန်၏။ ထို့အပြင် ရောမနိုင်ငံမှပြိုကွဲခဲ့သောနိုင်ငံငယ်များယနေ့

တိုင်ရှိဆဲပင်ဖြစ်၏။ ယနေ့ကျွန်ုပ်တို့သည် သမိုင်းတွင်ရပ်တည်နေသောအချိန်သည် ကျန်ရှိသည့်နောက်ဆုံးသောနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဘုရားသခင်၏ထာဝရနိုင်ငံတစ်ခုတည်းသာကျန်ရှိတော့သည်။ (ဒံ ၂း၄၄)။ ဒံယေလသည် ရှေ့ဖြစ်ခဲ့သောနိုင်ငံများကို မှန်ကန်စွာကြိုပြောနိုင်ရကား နောက်ဆုံးနိုင်ငံကို ဟောကြားရာ၌ ကျွန်ုပ်တို့ယုံကြည်ကိုးစားမှုမရှိပါက အဘယ်မျှမိုက်မဲမည်နည်း။

## ဗုဒ္ဓဟူး ဖေဖော်ဝါရီ ၂၉

**ပဋိပက္ခအငြင်းပွားမှုစစ်ကြီးနှင့်သမိုင်း။ (ဗျာ ၁၂း၇–၁၇)။**

ကမ္ဘာ့သမိုင်းကို အောက်ဖော်ပြပါကျမ်းပိုဒ်များက ကျွန်ုပ်တို့နားလည်ရန် ဘယ်ကဲ့သို့ကူညီသနည်း။ (ဗျာ ၁၂း၇–၁၇။ ယောဘ ၂း၁၂။ ဟေရှာယ ၁၄း၁၂–၁၄။ က ၃း၁၅။ ဧဖက် ၆း၁၂။ ရောမ ၆း၂၀)။

စာတန်သည် အမှန်တကယ်ရှိသည်။ တိုက်ပွဲသည် အမှန်တကယ်ဖြစ်သည်။ ကပ်တိုင်၌သာလျှင် စာတန်သည် အရေးနိမ့်ပြီး ပျက်စီးခြင်းခံရမည်ကို အများကသိကြမည်ဖြစ်သည်။

အဘယ်ကြောင့်စာတန်ကို မဖျက်ဆီးသနည်း။

ကျမ်းစာတော်မြွတ်နှင့် E.G.White ၏သွန်သင်ချက်များအရ ဤလောက၌ ဖြစ်ပျက်သည့်အရာများသည် ဤကြီးသောစစ်ပွဲနှင့်ဆက်စပ်လျက်ရှိသည်။ ခရစ်တော်နှင့်စာတန်စပ်ကြားအငြင်းပွားမှုစစ်ပွဲဖြစ်သည်။ ဤပဋိပက္ခအငြင်းပွားမှုတိုက်ပွဲကြီးသည် လောက၌ဖြစ်သည့်အရာခပ်သိမ်းနှင့် လူ့သမိုင်းတို့၏နောက်ခံအကြောင်းဖြစ်သည်။ အရာခပ်သိမ်းသည် ဤအငြင်းပွားမှုဖြင့် ဘောင်ခတ်ထားသည်။



သို့သော် ကောင်းသောသတင်းကား ကပ်တိုင်နောက်ပိုင်း၌ စာတန်သည် ရှုံးနိမ့်မည်မှာသေချာသည်။ ထိုနောက် ဤအငြင်းပွားမှုတိုက်ပွဲကြီးသည်လည်း ပြီးဆုံးမည်ဖြစ်၏။ ၎င်းနှင့်အတူ နာကျင်မှု၊ ဝေဒနာခံစားမှု၊ အကြမ်းဖက်မှု၊ ကြောက်ရွံ့မှုတို့သည်လည်း အဆုံးသတ်မည်ဖြစ်၏။

## ကြာသပတေး မတ် ၁

**သမိုင်း၌ကပ်တိုင်။ (၂ကော ၅း၁၇–၁၉)။**

ကယ်တင်ခြင်း၏သဘောတရားတစ်ခုလုံးကို ဤဝါကျတစ်ကြောင်းတည်းဖြင့် ပြနိုင်သည်။ ကျွန်ုပ်တို့၏မျှော်လင့်ခြင်းကင်းမဲ့သောသမိုင်းကိုပယ်ဖျက်ပြီး ၎င်း၏နေရာတွင် ဘုရားသခင်၏သမိုင်းကိုထားရှိခြင်းဖြစ်သည်။ အပြစ်၏ကျေးကျွန်အဖြစ် ကျွန်ုပ်တို့၏အသက်တာသမိုင်းကို ခရစ်တော်၌ အဆုံးသတ်ခဲ့လေပြီ။ သူ၌လွန်ခဲ့သောကျွန်ုပ်တို့၏အပြစ်များသည် ကျွန်ုပ်တို့အား စွပ်စွဲခြင်း၊ ညှဉ်းပန်းခြင်း၊ ပြက်ရယ်ပြုခြင်းမရှိတော့ပြီ။ ကျွန်ုပ်တို့ကိုအပြစ်ရှိသည်ဟုစီရင်ချက်ချသည့်ကျွန်ုပ်တို့၏ကိုယ်ရေးကိုယ်တာသမိုင်းသည် သခင်ယေရှု၏စုံလင်သောသမိုင်းဖြင့် ပြန်လည်ထားရှိလိုက်သည်။ ထိုကြောင့် သခင်ယေရှုခရစ်၌ ကျွန်ုပ်တို့သည် အတိတ်မှလွတ်လပ်မှုကို တွေ့ရှိပြီး အနာဂတ်၏အံ့ဩဖွယ်ကောင်းသောကတိတော်ကိုလည်းရရှိ၏။ ကျွန်ုပ်တို့၏သမိုင်းသည် ဘယ်ကဲ့သို့ပင်ဖြစ်စေ၊ (သို့မဟုတ်) ကမ္ဘာ့သမိုင်းသည် ဘယ်ကဲ့သို့ဖြစ်ပျက်ခဲ့သော်လည်း ကျွန်ုပ်တို့နှင့်ကမ္ဘာလောကကြီးအတွက် အသစ်သောဘုန်းတော်နှင့် ပြည့်စုံသောအနာဂတ်ကို ကပ်တိုင်၌ သခင်ယေရှုသည် ကျွန်ုပ်တို့ကိုအာမခံခဲ့ပြီ။

(၂ကော ၅း၁၇–၁၉) အရ သခင်ယေရှုသည် လူတိုင်းအတွက် ဘာကိုပြုလုပ်ခဲ့ကြောင်းပြောသနည်း။ ဤအချက်သည် လူ့သမိုင်းကို ဘယ်ကဲ့ပြောင်းလဲစေသနည်း။

လူသားတို့၏အပြစ်ဝန်ထုပ်အောက်၌ လိုလားစွာအသေခံပြီး ကျွန်ုပ်တို့ကိုကယ်တင်ခြင်းပေးသောသခင်၏ပခုံးပေါ်၌ ကျွန်ုပ်တို့၏ အပြစ်များကို တင်ထားခဲ့ပြီ။ ထိုနောက် လူ့သမိုင်းကိုအဆုံးသတ်သည့်ကတိတော်ဖြင့် သမိုင်းရေးပုဂ္ဂိုလ်သည် ကျွန်ုပ်တို့အား ထာဝရသမိုင်းကိုပေးမည်ဖြစ်၏။ လူတိုင်း၏အနာဂတ်သည် ပါဝင်ပတ်သက်လျက်ရှိ၏။ ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းသည် သေချာမည်ဖြစ်၏။ (OT) နှင့် (NT) ကျမ်းနှစ်ခုလုံးသည် "ကောင်းကင်သစ်နှင့်မြေကြီးသစ်" ကတိတော်ကိုပေး၏။

အကယ်၍သင်သည် ခရစ်တော်ကိုလက်ခံခဲ့သော် မည်မျှပင်အပြစ်ရှိသည်ဟု စီရင်ခံထိုက်သော်လည်း သင်၏အတိတ်သမိုင်းကို အပြစ်ရှိကြောင်းအတွက် အသုံးပြုမည်မဟုတ်ကြောင်းကို သိလျှင် သင်၏အနာဂတ်သည် ဘယ်ကဲ့သို့ခြားနားသင့်သနည်း။

## သောကြာ မတ် ၂

## ထပ်ဆင့်လေ့လာရန်။

ကျမ်းစာတော်မြတ်သည် လူတို့၏ရေးအကျဆုံးနှင့် လူတို့တွင်ရှိသည့်စုံလင်ဆုံးသောသမိုင်းဖြစ်သည်။ ထာဝရအမှန်တရားစမ်းရေမှ လတ်ဆတ်စွာလာရောက်ခြင်းဖြစ်သည်။ ထိုသမိုင်းတစ်လျှောက်၌ ဘုရားသခင်သည် ၎င်း၏သန့်ရှင်းခြင်းကို ကာကွယ်စောင့်ရှောက်ခဲ့သည်။ ကျမ်းစာထဲ၌သာလျှင် နိုင်ငံများဖြစ်ပေါ်လာသည့်



အစအဦးအကြောင်း မှန်ကန်စွာဖေါ်ပြထားသည်။ ကျမ်းစာထဲ၌သာလျှင် အပျက်သဘောဆောင်သည့်သဘောထားများဖြင့် မပျက်စီးသော လူသားတို့၏သမိုင်းကို တွေ့ရှိနိုင်သည်" E.G.White, Education p. 173 မှကောက်နုတ်သည်။

–၀–

သင်ခန်းစာ (၁၀)

## ဆုတောင်းခြင်း၏ကတိတော်

မတ် ၃ – ၉

### သတ္တမနေ့မွန်းလွဲပိုင်း မတ် ၃

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (ကောလောသဲ ၄း၂။ ရောမ ၁၂း၁၂။ မဿဲ ၂၆း၃၄–၄၄။ ဟေဗြဲ ၁၁း၆။ ယာကုပ် ၄း၂။ ယော ၁၄း၁၅။ ၁သက် ၄း၃။

### အလွတ်ကျမ်းချက်

**"ညဦးအချိန်၊ နံနက်အချိန်၊ မွန်းတည့်အချိန်တို့၌ ငါသည် ညည်းတွားမြည်တမ်း၍ ငါ၏အသံကို ကြားတော်မူမည်။" (ဆာလံ ၅၅း၁၇)။**

ဆုတောင်းခြင်းအပေါ် E.G.White ဤကဲ့သို့ပြောသည်။ **"ကောင်းကင်၌ရှိတော်မူသော ကျွန်ုပ်တို့၏အဖဘုရားသခင်သည် သူ၏စုံလင်သောကောင်းချီးမင်္ဂလာကိုပေးရန် စောင့်လျက်နေသည်။ မကုန်ခန်းနိုင်သော ချစ်ခြင်းမေတ္တာ၏စမ်းရေမှများစွာသောက်သုံးရန် ကျွန်ုပ်တို့အခွင့်အရေးသာဖြစ်သည်။** ကျွန်ုပ်တို့အနည်းငယ်သာဆုတောင်းခြင်းသည် အလွန်အံ့သြဖွယ်ကောင်းလှပါတကား။ သူ၏အနိမ့်ကျဆုံးသောသားသမီး၏ရိုးသားသည့်ဆုတောင်းသံကို နားထောင်ရန် အသင့်ရှိပြီဖြစ်သည်။ သို့သော်





မကြာခဏကျွန်ုပ်တို့၏အလိုကို ဘုရားသခင်အားအသိပေးရန် ဆန္ဒမရှိပါ။ စုံစမ်းနှောင့်ယှက်ခြင်းခံရသောအခါ ဆုတောင်းခြင်းဖြင့် အကူအညီတောင်းခံခြင်းမရှိသောသနားဖွယ်ကောင်းသည့်လူသားတို့ကို ကောင်းကင်၌ရှိသောကောင်းကင်တမန်များသည် ဘယ်ကဲ့သို့ထင်မည်နည်း။ အဖဘုရားသခင်သည် ကျွန်ုပ်တို့အလွန်ချစ်သည်ဖြစ်ရာ ကျွန်ုပ်တို့တောင်းသည့်အရာများကို ထင်သည်ထက်ပေးရန် အဆင်သင့်ရှိသည်။ သို့သော် ကျွန်ုပ်တို့သည် အနည်းငယ်သာဆုတောင်းပြီး အနည်းငယ်သာယုံကြည်ခြင်းရှိသည်။" Steps to Christ, p. 94 မှကောက်နုတ်သည်။

### တနင်္ဂနွေ မတ် ၄

**ဆုတောင်းခြင်း၏တန်ခိုး။ (မဿဲ ၂၆း၄၁)။**

ဆုတောင်းခြင်းသည် မည်ကဲ့သို့အလုပ်လုပ်သည်ကို ကျွန်ုပ်တို့နားလည်မည်မဟုတ်ပါ။ သို့သော် သေချာသည့်အချက်တစ်ခုသည် ဆုတောင်းခြင်းမပါဘဲ ဘုရားသခင်နှင့်အတူလမ်းလျှောက်ရန် အမှန်ပင်အောင်မြင်ခြင်းရရှိမည်မဟုတ်သည်မှာ သေချာသည်။

အောက်ဖော်ပြပါကျမ်းပိုဒ်တစ်ခုချင်းမှ တွေ့ရှိနိုင်သောအဓိကအချက်ကား အဘယ်နည်း။ မဿဲ ၂၆း၄၁။ လုကာ ၁၈း၁။ ၁တိ ၂း၈။ ၁သက် ၅း၁၇။ ၁ပေ ၄း၇။ ကောလောသဲ ၄း၂။

ခရစ်ယာန်များအနေဖြင့် ကျွန်ုပ်တို့သည် မကြာခဏဆုတောင်းကြရန် မှာကြားထားသည်မှာ မေးရန်မရှိပါ။ ဆုတောင်းခြင်းသည် ဘယ်ကဲ့သို့ အလုပ်လုပ်ဆောင်သည်ကို နားလည်ခြင်းမရှိသည်မှာ အမှန်တကယ်အရေးကြီးသည်မဟုတ်ပါ။ ဘယ်အရာမဆို ဘယ်ကဲ့သို့

အလုပ်လုပ်ဆောင်သည်ကို ကျွန်ုပ်တို့အများစုက စုံလင်စွာနားလည်ခြင်းမရှိပါ။ အကယ်၍ ယုံကြည်ခြင်းနှင့်ပတ်သက်ပြီး ကျွန်ုပ်တို့သည် အပြည့်အ၀နားလည်သည့်အထိစောင့်ရသော် ယုံကြည်ခြင်းဖြစ်မည်လော။ ကျွန်ုပ်တို့နားလည်ခြင်းမရှိသည့်ယုံကြည်ခြင်း၏အစိတ်အပိုင်းများစွာရှိသည်။ သို့သော် သေချာသည့်အရာတစ်ခုရှိသည်။ မည်သူမဆိုဘုရားသခင်၏အလိုတော်အတိုင်း ဖြစ်ပါစေသော်ဟု မှန်မှန်ဆုတောင်းသောသူတစ်ဦးအတွက် ထိုဆုတောင်းချက်သည် ကျွန်ုပ်တို့၏အသက်တာကို ပြောင်းလဲစေနိုင်မည်ဖြစ်သည်။

ဆုတောင်းခြင်းကို သင်ဘယ်ကဲ့သို့နားလည်သနည်း။ သင်၏အသက်တာပေါ်၌ ဘယ်ကဲ့သို့သြဇာသက်ရောက်မှုရှိသနည်း။ ဆုတောင်းခြင်းမရှိဘဲ သင်၏ခရစ်ယာန်အသက်တာလျှောက်လှမ်းခြင်းသည် ဘယ်ကဲ့သို့ရှိမည်နည်း။

**တနင်္လာ** **မတ် ၅**

**ဆုတောင်းသည့်မေရှိယ၊ ယေရှု။ (လုကာ ၃း၂၁၊၂၂)။**

သခင်ယေရှုဆုတောင်းခြင်းအကြောင်း ဧဝံဂေလိကျမ်းပိုဒ်များက ဘယ်ကဲ့သို့ပြောသနည်း။ (လုကာ ၃း၂၁၊၂၂။ ၉း၂၈၊၂၉။ ၆း၁၂၊၁၃။ ဟေဗြဲ ၅း၇။ မဿဲ ၁၄း၂၃။ လုကာ ၂၂း၃၁၊၃၂။ မဿဲ ၂၆း၃၄–၄၄)။

စုံလင်သောဘုရားသခင်၏သားတော်သခင်ယေရှုသည် အမှားအယွင်းနှင့်သော်လည်းကောင်း၊ အပြစ်နှင့်သော်လည်းကောင်း ကင်းမဲ့၏။ သူသည် အဖခမည်းတော်၏အလိုတော်နှင့် စုံလင်ညီညွတ်စွာနေသောသူဖြစ်သည်။ သို့သော် သူသည် တန်ခိုးကြီးသည့်ဆုတောင်း



ခြင်းအသက်တာနှင့် ပြည့်စုံသည်။ စုံလင်သည့်သခင်ယေရှုသည် ရင်ဆိုင်ရသောအရာများကို ကိုင်တွယ်ရန်အတွက် ဆုတောင်းရန်လိုအပ်သော် ကျွန်ုပ်တို့သည် အဘယ်မျှဆုတောင်းရန်လိုအပ်မည်နည်း။ ခရစ်တော်၏ဆုတောင်းခြင်းပုံပမာသည် ဘုရားသခင်နှင့်အတူတကွလမ်းလျှောက်ရာ၌ အလွန်အရေးကြီးသည့်လိုအပ်ချက်ဖြစ်ကြောင်းကိုရှင်းလင်းစွာပြသခြင်းဖြစ်သည်။ ဆုတောင်းခြင်းမရှိသည့်သူတစ်ဦးသည် ဘုရားသခင်နှင့်ဘယ်ကဲ့သို့ဆက်ဆံမှုရှိသည်ကို စဉ်းစားရန်ခက်မည်ဖြစ်၏။ ဆက်သွယ်ရေးသည် သူတစ်ဦးတစ်ယောက်နှင့်ဆက်ဆံရေး၌အရေးကြီးပါက ဘုရားသခင်နှင့်ဆက်ဆံရာ၌ ဆက်သွယ်ရေးသည် အဘယ်မျှအရေးကြီးမည်နည်း။ သခင်ယေရှုသည် ကျွန်ုပ်တို့လိုက်လျှောက်ရန် ပုံပမာပြသွားခြင်းဖြစ်သည်။

သင်၏ဆုတောင်းခြင်းအသက်တာသည် အဘယ်မျှမှန်မှန်ရှိပါသနည်း။ သင်သည် ဆုတောင်းရန် အဘယ်မျှလွယ်ကူသနည်း။ သင်သည် မှန်မှန်ဆုတောင်းပါသလား၊ (သို့မဟုတ်) ဒုက္ခကျရောက်သည့်အခါမှသာလျှင် ဆုတောင်းပါသလား။ ဘုရားသခင်နှင့်အတူလျှောက်လှမ်းရာ၌ ဆုတောင်းရန် အဘယ်မျှပို၍အရေးကြီးကြောင်းသင်ကြားရယူမည်နည်း။

**အင်္ဂါ** **မတ် ၆**

**ယုံကြည်ခြင်းဖြင့်ဆုတောင်းခြင်း။ (ဟေဗြဲ ၁၁း၆)။**

ဆုတောင်းခြင်း၌လိုအပ်ချက်နှင့် ဘယ်ကဲ့သို့အဓိပ္ပါယ်ရှိသည်ကို (ဟေဗြဲ ၁၁း၆) မှ မည်သည့်အရေးကြီးသောစည်းမျဉ်းများသွန်သင်ထားသနည်း။

ဆုတောင်းခြင်းသည် ဘာမျှမရှိသောကိုယ်ခန္ဓာ၏ဝိညာဉ်ကို ကူညီသောနည်းလမ်းတစ်ခုဖြစ်သည်။ ဘုရားသခင်နှင့်ကိုယ်တိုင် ဆက်သွယ်သောနည်းလမ်းဖြစ်သည်။ သင့်ကိုယ်သင်မပိုင်ကြောင်းကို သတိရစေရန် ကူညီခြင်းဖြစ်သည်။ သင်သည် အဖိုးအခဖြင့် ဝယ်ယူရရှိသည်ကို သတိရရန် ဆုတောင်းခြင်းသည် ကျွန်ုပ်သတိရစေရန် ကူညီသည်။

ဆုတောင်းခြင်းဖြင့် ဘုရားသခင်ကိုချဉ်းကပ်ပါဟု မကြာခဏ ကျွန်ုပ်တို့ပြောဆိုကြသည်။ ဤအရာသည် သင့်အတွက် ဘယ်ကဲ့သို့ အဓိပ္ပါယ်ရှိသနည်း။ (ဒံ ၉း၃၊၄။ ဇာခရိ ၈း၂၁) ကိုဖတ်ပါ။

ဆုတောင်းခြင်းသည် ယုံကြည်ခြင်း၏ပြုမူလုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ မိမိ၏ဆုတောင်းချက်သည် ကောင်းကင်သို့ရောက်သည်ကို မည်သူမြင်သနည်း။ ဘုရားသခင်လက်ခံရရှိကြောင်း ဘယ်သူမြင်သနည်း။ ကျွန်ုပ်တို့သည် ဆုတောင်းခြင်း၏ရလဒ်ကို ချက်ချင်းမမြင်ရသော်လည်း မကြာခဏဆုတောင်းလျက်ရှိသည်။ သို့သော် ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းသံကိုကြားပြီး ကောင်းသောနည်းဖြင့် အဖြေပေးမည်ကို ကျွန်ုပ်တို့ယုံကြည်သည်။ ဆုတောင်းခြင်းသည် ယုံကြည်ခြင်း၏အပြုအမူတစ်ရပ်ဖြစ်သည်။ ဆုတောင်းခြင်း၌ ကျွန်ုပ်တို့တွေ့မြင်ခံစားခြင်း (သို့မဟုတ်) ပြည့်စုံစွာနားလည်သည်ထက် ကျော်လွန်ပြီး ရောက်ရှိသွားသည်။

သင်၏ဆုတောင်းခြင်းသည် မည်မျှစိတ်ရောကိုယ်ပါဖြစ်ပြီး အဓိပ္ပါယ်ရှိသနည်း။ ဘုရားသခင်နှင့်ပိုမိုနီးကပ်လာရန် သင်ဘယ်ကဲ့သို့သောနည်းဖြင့် ဆုတောင်းမည်နည်း။



## ဗုဒ္ဓဟူး — မတ် ၇

**သင်တို့သည်ဆုမတောင်းဘဲနေကြ၏။ (ယာကုပ် ၄း၂)။**

ကျွန်ုပ်တို့ဆုတောင်းခြင်းနှင့် ဘုရားသခင်၏ပြုမူလုပ်ဆောင်ချက်အကြောင်း (ယာကုပ် ၄း၂။ လုကာ ၁၁း၉၊၁၀။ ယာကုပ် ၅း၁၆–၁၈) က ဘယ်ကဲ့သို့ပြောထားသနည်း။

ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ကိုပြုပြင်ပြောင်းလဲစေပြီး ဘုရားသခင်နှင့်အခြားသောသူတို့နှင့်ဆက်ဆံရေးကိုလည်း ဩဇာသက်ရောက်စေသည်။ ကျွန်ုပ်တို့၏ဆုတောင်းခြင်းသည် ဘုရားသခင်ဘာလုပ်သည်ကို အကျိုးသက်ရောက်မှုရှိကြောင်း ကျမ်းစာသည် ရှင်းလင်းစွာဖော်ပြထားသည်။ ကျွန်ုပ်တို့တောင်းသော် တစ်နည်းမဟုတ် အခြားတစ်နည်းဖြင့် သူသည် ပြန်လည်အဖြေပေးမည်ဖြစ်၏။

(က ၁၈း၂၂–၃၃) တွင် ဖော်ပြသည့်စည်းမျဉ်းသည် ဤနေရာ၌ ဘယ်ကဲ့သို့ဆောင်ရွက်သည်ကို မြင်နိုင်သနည်း။ ဤဖြောင့်မှန်သောအချက်ကို လူတို့ဘယ်ကဲ့သို့ပင်နားလည်သည်ဖြစ်စေ၊ ဘုရားသခင်သည် လူတို့၏ဆုတောင်းချက်ကို ဖြေကြားပေးမည်ဖြစ်၏။ သူပြုလုပ်မည်ဟု ဘုရားသခင်ပြောခဲ့သည်။ ထိုကြောင့် ကျွန်ုပ်တို့သည် သူ၏စကားကို လက်ခံရမည်ဖြစ်၏။

**ငါ့နာမဖြင့် သမုတ်သောငါ့လူတို့သည် ကိုယ်ကိုနှိမ့်ချသဖြင့် ငါ့မျက်နှာကိုရှာလျက် ဆုတောင်းပတ္တနာပြု၍ အဓမ္မလမ်းကိုလွှဲရှောင်လျှင် ငါသည် ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့အပြစ်ကိုဖြေ၍ သူတို့ပြည်ကိုချမ်းသာပေးမည်။ (၆ရာ ၇း၁၄)။**

ဤကျမ်းပိုဒ်သည် ဆုတောင်းခြင်းအကြောင်း ကျွန်ုပ်တို့ကို ဘယ်ကဲ့သို့သွန်သင်သနည်း။

ကျွန်ုပ်တို့သည် ဆုတောင်းခြင်းမပြု၊ အပြစ်ကိုလည်း ဝန်ခံခြင်းမပြုသော် ကျွန်ုပ်တို့သည် အပြစ်လွတ်ခြင်းကိုခံစားရမည်မဟုတ်။ ဤအမှုများ၌ ဘုရားသခင်သည် ကျွန်ုပ်တို့၏ဆုတောင်းခြင်းကို ဖြေကြားဆောင်ရွက်ပေးသည်။

## ကြာသပတေး မတ် ၈

**စည်းမျဉ်းများလိုက်နာခြင်း။ (ဟေဗြဲ ၁၀း၃၈)။**

"အကယ်၍ ကျွန်ုပ်တို့သည် သိလျက်နှင့်နှလုံးသားထဲ၌ အပြစ်ကိုဆုပ်ကိုင်ထားပါက ဘုရားသခင်သည် ကျွန်ုပ်တို့ကိုနားထောင်မည်မဟုတ်ပါ။ သို့သော် အမှန်ပင် ဝမ်းနည်းကြေကွဲသောစိတ်ဖြင့် ဆုတောင်းခြင်းကို ဘုရားသခင်အမြဲလက်ခံမည်ဖြစ်၏။ သိလျက်ရှိသောအမှားအားလုံးကို မှန်အောင်ပြုပြီးသော် ဘုရားသခင်သည် ကျွန်ုပ်တို့ဆုတောင်းခြင်းကို ဖြေကြားမည်ဖြစ်ကြောင်း ယုံကြည်သည်။ ကျွန်ုပ်တို့၏အမှတ်ကောင်းဖြင့် ဘုရားသခင်၏မျက်နှာသာရမှုကို ဘယ်သောအခါမျှ မရရှိနိုင်ပါ။ သခင်ယေရှု၏ကောင်းမြတ်ခြင်းဖြင့်သာ ကျွန်ုပ်တို့ကယ်တင်ခြင်းရရှိမည်ဖြစ်သည်။ သူ၏အသွေးတော်သည် ကျွန်ုပ်တို့ကိုဆေးကြောသန့်စင်မည်ဖြစ်၏။ သို့သော် ကျွန်ုပ်တို့သည် လက်ခံနိုင်သည့်စည်းမျဉ်းများကို လိုက်လျှောက်ရန် အလုပ်ကိုဆောင်ရွက်ရဆဲပင်ဖြစ်၏။

အခြေအနေများနှင့် စည်းမျဉ်းများသဘောတူလိုက်နာဆောင်ရွက်ရန် (ဟေဗြဲ ၁၀း၃၈။ တရားဟော ၄း၂၉။ လုကာ ၉း၂၃။



ယောဟန် ၁၄း၁၅။ ၁သက် ၄း၃) သည် ကျွန်ုပ်တို့နားလည်ရန် ဘယ်ကဲ့သို့ကူညီသနည်း။

အလုပ်ဖြစ်သည့်ဆုတောင်းခြင်းအသက်တာကို ကျွန်ုပ်တို့ရရှိရန် ဤစည်းမျဉ်းများလိုအပ်သည်။ သို့သော် အရေးအကြီးဆုံးသောအခြေအနေစည်းမျဉ်းများသည် ကျွန်ုပ်တို့၏အားကိုးရာမဲ့ဖြစ်ခြင်းကို သိရှိရန် ကျေးဇူးတော်ကိုလိုအပ်သောအပြစ်သားများဖြစ်သည်ကို ကျွန်ုပ်တို့ကိုယ်ကိုသိရှိရန်ဖြစ်သည်။ ကျွန်ုပ်တို့အတွက် များစွာပြုလုပ်ပေးခဲ့သောသခင်ဘုရားအပေါ်၌သာလျှင် ကျွန်ုပ်တို့၏မျှော်လင့်ချက်သည် အမှီပြုနေကြောင်း ကျွန်ုပ်တို့လက်ခံရန် လိုအပ်သည်။

မည်သည့်အရာများအတွက် သင်သည် အလွန်အမင်း ဆုတောင်းလျက်ရှိသနည်း။ သင်ဆုတောင်းစဉ် သင့်ကိုယ်သင်ပြန်မေးပါ။ ကျွန်ုပ်တို့အလိုရှိသောအရာကို ရရှိရန်အတွက် ကျွန်ုပ်ဘယ်ကဲ့သို့ ခြားနားစွာပြုလုပ်သင့်သနည်း။

## သောကြာ မတ် ၉

**ထပ်ဆင့်လေ့လာရန်။**

"ဆုတောင်းခြင်းသည် စိတ်ဝိညာဉ်၏အသက်ရှူခြင်းဖြစ်သည်။ ၎င်းသည် လျှို့ဝှက်သည့်ဝိညာဉ်တန်ခိုးဖြစ်သည်။––– ဆုတောင်းခြင်းသည် နှလုံးသားကိုဘုရားသခင်နှင့်ထိတွေ့စေပြီး ဘာသာရေးတွေ့ကြုံခံစားမှုတို့ကို ခွန်အားဖြစ်စေသည်။" E.G.White, Gospel Workers, pp. 254,255 မှကောက်နုတ်သည်။

–o–

## သင်ခန်းစာ (၁၁)
## အနုပညာသည်ဖြစ်သည့်ထာဝရဘုရားသခင်
မတ် ၁၀ – ၁၆

**သတ္တမနေ့မွန်းလွဲပိုင်း** **မတ် ၁၀**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (ဟေရှာယ ၆၄း၅–၈။ ဆာလံ ၅၁း၁၀။ ဟေဗြဲ ၈း၁–၅။ ၅ရာ ၂၃း၅။ ရောမ ၁၁း၃၃–၃၆။ တမန် ၉း၁–၂၂)။

**အလွတ်ကျမ်းချက်**

**"ထာဝရဘုရား၏တင့်တယ်ခြင်းအသရေတော်ကို ဖူးမြင်၍ ဗိမာန်တော်၌ မွေ့လျော်ခြင်းအလို၄ါ ထာဝရဘုရား၏အိမ်တော်မှာ တစ်သက်လုံးနေရမည်အကြောင်းတည်းဟူသောအခွင့်တစ်ခုကို ထာဝရဘုရား၌ ငါဆုတောင်းပြီ၊ ထိုအခွင့်ကိုရှာရဦးမည်။" (ဆာလံ ၂၇း၄)။**

ဤရွေ့ဤမျှဖြင့် ထာဝရဘုရားသခင်ကို ရှုထောင့်အမျိုးမျိုးမှကြည့်ရှုခဲ့ပြီဖြစ်သည်။ သုံးပါးတစ်ဆူဘုရား၊ ဘုရားသခင်၏ကောင်းမြတ်ခြင်း၊ ကယ်တင်ရှင်ဖြစ်သည့်ဘုရားစသည်တို့ကို လေ့လာခဲ့ပြီးဖြစ်သည်။ ကျမ်းစာတော်မြတ်ထဲ၌ ဘုရားသခင်အား အခြားရှုထောင့်၌လည်း တွေ့မြင်နိုင်သည်။ သို့သော် လူတို့သည် သတိပြုမိခြင်းသိပ်မရှိလှပါ။ ဤအချက်ကား ထာဝရဘုရားသခင်သည် အနုပညာသည်တစ်ဦးအဖြစ် တွေ့မြင်နိုင်သည့်ရှုထောင့်ဖြစ်သည်။



ခရစ်ယာန်ဘာသာရေးသည် အနုပညာအကြောင်း မကြာခဏဆိုသလို ရှင်းလင်းစွာမရှိခဲ့ပါ။ တစ်ခါတစ်ရံ အနုပညာသည် ဘာသာရေးမဟုတ်၊ ဆိုးသွမ်းသည်ဟုဆိုသည်။ အခြားသောအချိန်၌ အနုပညာ၏အလှအပကို လေးနက်စွာလိုက်စားသည့်ပရိသတ်များအတွက် "လောကီ၏ဘာသာတရား" ဖြစ်လာကြသည်ကိုတွေ့ရသည်။ သို့သော် ထာဝရဘုရားသခင်သည် ဖြောင့်မတ်ခြင်းတရားဖြစ်၏။ ဖြောင့်မတ်ခြင်းတရားသည် လှပ၏။ ဖန်ဆင်းခြင်းသည်ပင်လျှင် ဘုရားသခင်သည် လှပခြင်းကိုနှစ်သက်ပြီး အနုပညာသည်ဖြစ်ကြောင်း သက်သေပြလျက်ရှိ၏။

**တနင်္ဂနွေ** **မတ် ၁၁**

**ထာဝရဘုရားသခင်သည် အိုးထိန်းဖြစ်၏။ (ဟေရှာယ ၆၄း၈)။**

(က ၁း၂၆၊၂၇၊၃၁ နှင့် က ၂း၇) အရ ကျမ်းစာတော်မြတ်ထဲမှ ထာဝရဘုရားသခင်သည် အိုးထိန်းအဖြစ် မြေမှုန့်မှမိမိ၏ကျွမ်းကျင်မှုဖြင့် လူကိုပထမဦးဆုံးပြုလုပ်ခဲ့သနည်း။

(ယေရမိ ၁၈း၃–၁၀။ ဟေရှာ ၆၄း၅–၈) တွင် ဘုရားသခင်သည် အိုးထိန်းအဖြစ် ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။

ဤကျမ်းများ၏အဓိကသဘောတရားသည် ဘုရားသခင်၏တန်ခိုးတော်ရှေ့ဝယ် ကျွန်ုပ်တို့သည် အဘယ်မျှအကူညီမဲ့သည်ကိုဖေါ်ပြထားခြင်းဖြစ်၏။

တစ်ချိန်တည်း၌ပင် ဘုရားသခင်သည် ကျွန်ုပ်တို့ကိုင်း၏ပုံသဏ္ဍာန်အတိုင်း ပြန်လည်ပြုပြင်ရန် လုပ်ဆောင်နေခြင်းဖြစ်သည်။ ဘုရားသခင်သည် ၎င်းကိုယ်တိုင်ဖန်ဆင်းသည်တို့ကို အလွန်ယုယတော်မူ၏။ သို့သော် ကျွန်ုပ်တို့ကိုဘယ်ကဲ့သို့လှပအောင်ပြုစုရန်သူသည် ပို၍အလိုရှိသည်။ ကျွန်ုပ်တို့ကိုယ်ကိုအပ်နှံရမည်။ ဇာတိ

ပကတိကိုဖယ်ရှားပြီး ဘုရားသခင်နှင့်ပူးတွဲလုပ်ဆောင်ရမည်။ ကျွန်ုပ်တို့မကျရှုံးမီက ဒေဝဥယျာဉ်၌ရှိသော ကာယ၊ ဉာဏ၊ ဝိညာဉ်တို့၏ မူလအခြေအနေသို့ ပြန်လည်ပြုပြင်ရန် အလိုရှိသည်။ အပြင်ပန်းအလှသည် မြင်သာ၏။ သို့သော် အတွင်းပိုင်းအလှသည် ပို၍အရေးကြီး၏။

## တနင်္လာ — မတ် ၁၂

**ထာဝရဘုရားသခင်သည် ဗိသုကာဖြစ်၏။ (ထွက် ၂၅း၁–၉)။**

အံ့ဖွယ်သောနိမိတ်လက္ခဏာဖြင့် ဘုရားသခင်သည် ဣသရေလအမျိုးတို့ကို အဲဂုတ္တုပြည်ကျွန်ဘဝမှ လွတ်မြောက်စေခဲ့သည်။ ထိုနောက် ၎င်း၏လူတို့ကိုသိနာတောင်သို့ခေါ်ဆောင်လာခဲ့သည်။ သူသည် ၎င်းတို့နှင့်သန့်ရှင်းသောပဋိညာဉ်ဖြင့် ပေါင်းစည်းလိုက်သည်။ (ထွက် ၂၅း၁–၉) အရ ဘုရားသခင်ပေးတော်မူသောသွန်သင်ချက်အမျိုးမျိုးတို့မှ လုပခြင်းအရာကို ဘယ်ကဲ့သို့ပါဝင်ခဲ့သနည်း။

ဟေဗြဲ ၈း၁–၅ အရ မြေကြီးပေါ်ရှိတဲတော်သည် အဘယ်အရာကို ပုံဆောင်ပါသနည်း။ (ထွက် ၂၅း၉) ကိုလည်းဖတ်ပါ။ ၎င်းသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် လှပတင့်တယ်ခြင်းတို့ကို ကျွန်ုပ်တို့အား မည်ကဲ့သို့ဖော်ပြပေးသနည်း။

မြေကြီးပေါ်ရှိတဲတော်သည် ကောင်းကင်ပေါ်ရှိတဲတော်၏ပုံရိပ်ဖြစ်သည်။ ကောင်းကင်၌ရှိသောတဲတော်၏စစ်မှန်လှပတင့်တယ်ခြင်းတို့ကို ကျွန်ုပ်၏စိတ်ကူးနှင့်မျှမသိနိုင်ချေ။ ထိုအရာသည် ဘုရားသခင်ကိုယ်တိုင်ပြုလုပ်ခဲ့သောအရာဖြစ်ပါသည်။

အဘယ်ကြောင့် ၎င်းတဲတော်သည် အလွန်တရာအရေးကြီးသည်ဟု သင်ထင်မြင်ယူဆပါသနည်း။ ထိုအရာသည် ဘုရားသခင်၏ဘုန်းတန်ခိုးအာနုဘော်တော်ကို လူတို့က လေးနက်စွာရိုသေသမှု



ပြုခြင်းဖြစ်ပါလိမ့်မည်။ သို့မဟုတ် ဘုရားဘုန်းတန်ခိုးရှေ့မှာလူတို့၏လိုအပ်သည့်အသိတရားတို့ကို ကူညီဖော်ပြခြင်းဖြစ်မည်။ ဘုရားသခင်၏စာရိတ္တမှန်ကို ပိုမိုသိရှိနားလည်နိုင်ရန် တဲတော်၏တန်ခိုးနှင့်အပြစ်လောက၏နိမ့်ကျသည့်အခြေအနေကို နှိုင်းစာနိုင်ရန် အဘယ်ကဲ့သို့ကူညီပေးသနည်း။

## အင်္ဂါ — မတ် ၁၃

**တူရိယာပညာရှင်။ (၅ရာ ၂၃း၅)။**

"၄၀၀၀ တို့သည် တံခါးကိုစောင့်ရကြ၏။ ၄၀၀၀ တို့သည် ဂုဏ်တော်ကိုချီးမွမ်းစရာတူရိယာတို့နှင့် ထာဝရဘုရား၏ဂုဏ်တော်ကိုချီးမွမ်းရကြ၏။" (၅ရာ ၂၃း၅)။

အထက်ပါမြင်ကွင်းကို စိတ်ကူးဖြင့်စဉ်းစားကြည့်ပါ။ ၄၀၀၀ သောလူထုသည် တူရိယာဖြင့် ထာဝရဘုရားကို ချီးမွမ်းကြသည်။ တင့်တယ်ခမ်းနားလှပသောဝတ်ပြုကိုးကွယ်ခြင်းအစီအစဉ်ဖြစ်သည်။

ဘုရားသခင်၏အနုပညာစွမ်းရည်သည် အနုပညာများနှင့်သာ ကန့်သတ်ထားသည်မဟုတ်။ ကျမ်းစာတော်မြတ်မှ သန့်ရှင်းရာတဲတော်နှင့်ဝတ်ပြုခြင်းအရာများ၌ ဘုရားသခင်၏နှိုးဆော်ခွန်အားပေးမှုတို့ကိုလည်း တွေ့ရသည်။ ဘုရားသခင်သည် ကောင်းသောသီချင်းများကို ကြိုက်နှစ်သက်သူဖြစ်ကြောင်း အနက်ဆောင်သည်။

(၂ရာ ၂၃း၁၂) အရ ဣသရေလအမျိုးတို့ဝတ်ပြုရာ၌အသုံးပြုသည့်ဆာလံသီချင်းများ၏အရင်းအမြစ်ကား ဘယ်ကလာကြောင်း ဒါဝိဒ်မင်းကြီးဘယ်ကဲ့သို့ပြောသနည်း။

ဣသရေလအမျိုးတို့ဝတ်ပြုကိုးကွယ်ရာ၌ အသုံးပြုသည့်သီချင်းများမှ ဘုရားသခင်၏အခန်းကဏ္ဍအကြောင်း (ဗရာ ၂၉း၂၅) တွင် ဘယ်ကဲ့သို့ဖော်ပြထားသနည်း။

ဣသရေလအမျိုးတို့ဝတ်ပြုရာ၌ အသုံးပြုသည့်တေးသီချင်းများကျွန်ုပ်တို့တွင်မရှိပါ။ သို့သော် အလွန်လှပနားဝင်ချိုမည်မှာအမှန်ပင်ဖြစ်မည်။ လူတို့၏ဝိညာဉ်များကို ဘုရားသခင်ထံသို့ အမှန်တကယ်ပင်ဆောင်သွားမည်ဖြစ်၏။ ယနေ့ ကျွန်ုပ်တို့၏အသင်းတော်၌ တေးသီချင်းသည် ဘယ်ကဲ့သို့ရှိသနည်း။ ကျွန်ုပ်တို့၏ဝိညာဉ်များကို ဘုရားသခင်ထံသို့ ပင့်ဆောင်မည့်အစား အခြားတစ်ဖက်သို့ ကျွန်ုပ်တို့ကိုမတွန်းပို့စေရန် ဘယ်ကဲ့သို့သေချာအောင်ပြုလုပ်မည်နည်း။

## ဗုဒ္ဓဟူး မတ် ၁၄

**စာရေးဆရာ။ (ရောမ ၁၁း၃၃–၃၆)။**

ၚင်းရှေ့၌ ဖြစ်သည့်ရလဒ်ကြောင့် (ရောမ ၁၁း၃၃–၃၆) တွင် ဘာဖြစ်နေသနည်း။

ရှေးဦးစွာပေါလုသည် ကယ်တင်ခြင်းသမိုင်းကိုမြင်ကွင်းကြယ်မှကြည့်ရှုပြီးနောက် ချီးမွမ်းထောမနာပြုခြင်းဖြင့် ပေါက်ကွဲလာတော့သည်။ တစ်နည်းအားဖြင့်ဆိုရသော် ပေါလုသည် ဧဝံဂေလိတရား၏သွန်သင်ချက်များကို မပြုစုမီ ဦးစွာဝတ်ပြုကိုးကွယ်ခြင်းကို ပြုလုပ်သည်။

ပေါလုသည် ၎င်း၏ဩဝါဒစာစောင်များ၌ ဤနည်းဗျူဟာကိုအသုံးပြုသည်။ သူသည် လေးနက်သည့်ဘာသာရေးအကြောင်းအရာများကို ဘုရားသခင်အား ချီးမွမ်းခြင်းနှင့် ဆက်နွှယ်ပြောဆိုပြီး နိဂုံးမချုပ်မီ အသုံးဝင်သည့်အကြံပေးမှုများပြုလုပ်သည်။

(Revelation) ကျမ်းသည်လည်း လှပသောမြင်ကွင်းကျယ်ရုပ်ပုံတို့ဖြင့်ပြည့်လျက်ရှိသည်။ ၎င်းကျမ်းမှဘုရားသခင်သည် ကယ်တင်ခြင်းသမိုင်းကို ဆွေးနွေးခဲ့သည်။ ၎င်းကျမ်း၌ (OT) ကျမ်းမှ များစွာ



ကောက်နုတ်ရေးသားထား၏။ (Revelation)သည် အခြားကျမ်းပြုပုဂ္ဂိုလ်တို့၏စကားအသုံးအနှုန်း၊ ဝါကျ၊ ခေါင်းစဉ်များစသည်တို့ကိုစုစည်းချုပ်ထားသည့် "အဝတ်သစ်" နှင့်တူသည်။

ကောလိပ်ကျောင်းသား ကျမ်းစာတော်မြတ်ကို အနုပညာစာပေအဖြစ်ဖြင့်သာဖတ်နေသည်ကို စဉ်းစားကြည့်ပါ။ အရေးကြီးသောအချက်များအဘယ်မျှလွဲချော်မည်ဖြစ်သနည်း။ အမှန်တရားကို ကျွန်ုပ်တို့မျက်စိအောက်တွင်ရှိပြီး မည်မျှလွယ်ကူစွာလွဲချော်သွားနိုင်ကြောင်းဘယ်ကဲ့သို့သင်ခန်းစာရရှိနိုင်သနည်း။

## ကြာသပတေး မတ် ၁၅

**ပန်းပုဆရာ။ (လုကာ ၂၂း၃၁၊၃၂)။**

ဘုရားသခင်သည် ပန်းပုဆရာလည်းဖြစ်သည်။ သို့သော် သူသည် သစ်သား၊ ကျောက်သလင်းစသည်တို့ဖြင့် ကန့်သတ်ထားသည့်ပန်းပုဆရာမဟုတ်ပါ။ ထိုသို့ဖြစ်မည့်အစား သူသည် ကျွန်ုပ်တို့၏စရိုက်များကို ထုလုပ်သူဖြစ်သည်။

ကျမ်းစာတော်မြတ်ထဲ၌ မည်သူတို့သည် ၎င်းတို့၏စရိုက်များကို ဝိညာဉ်ရေးရုပ်ထွင်းမှုများပြုလုပ်ရန် လိုသနည်း။ ၎င်းတို့၏အသက်တာတွင် မည်သည့်ပြောင်းလဲမှုများလိုအပ်သနည်း။ သာဓကဖြင့် ယာကုပ် (က ၃၂း၂၂–၃၀)၊ ဒါဝိဒ် (ဆာလံ ၅၁)၊ ပေတရု (လုကာ ၂၂း၃၁၊၃၂ နှင့် ပေါလု (တမန် ၉း၁–၂၂)။ အခြားမည်သူတို့ကို သင်စဉ်းစားမိပါသနည်း။ ၎င်းတို့တွင် မည်သည့်ပြောင်းလဲခြင်းမျိုးလိုအပ်သနည်း။

ကယ်တင်ခြင်းသမိုင်းသည် ဘုရားသခင်၏သဏ္ဌာန်ကိုဆုံးရှုံးခဲ့သောကျဆုံးလေပြီးသည့်ယောကျ်ား၊ မိန်းမတို့ကို ၎င်းတို့၏နဂိုမူလနေရာသို့ ဘုရားသခင်ပြန်လည်ပြုလုပ်ဖန်တီးသောအရာများ

နှင့်ပြည့်လျက်ရှိသည်။ ဧဝံဂေလိတရားသည် ၎င်း၏တန်ခိုးဖြင့် အသက်တာကိုသန့်ရှင်းခြင်း၊ ပုံသွင်းခြင်း၊ လုပစေခြင်းတို့ဖြင့် အသက်တာ၏ပြုပြင်ပြောင်းလဲသောတွေ့ကြုံခံစားမှုများဖြစ်သည်။ သခင်ယေရှုခရစ်၏ဧဝံဂေလိတရားသည် သန့်ရှင်းခြင်း၊ ပြီးပြည့်စုံခြင်းဖြင့် ဖန်တီးတည်ဆောက်ထားခြင်းဖြစ်သည်။ လူ့ခန္ဓာကိုယ်အတွင်း၌ ဖြောင့်မှန်သည့်အသစ်ဖြစ်ပေါ်လာသည်။ ကျရှုံးခဲ့လေပြီးသောအသက်တာကိုလုပသောအသစ်ပြန်လည်ပြုပြင်သည့်ဘုရားသခင်၏အလုပ်ဖြစ်သည်။

ပန်းပုအလုပ်သည် ဆောက်နှင့်ထွင်းခြင်း၊ အစာသိပ်ခြင်း၊ အချို့အပိုင်းများကို ချိုးဖျက်ခြင်းစသည်တို့ပါဝင်သည်။ သင်၏အသက်တာ၏မည်သည့်နယ်ပယ်တွင် ထုထွင်းခြင်းလိုအပ်သနည်း။ ဤခက်ခဲသောအသက်တာ၏ပြောင်းလဲခြင်းကို သင်မည်မျှဆန့်ကျင်တိုက်ခိုက်သနည်း။

**သောကြာ** **မတ် ၁၆**

**ထပ်ဆင့်လေ့လာရန်။**

"ဘုရားသခင်၏ပြောင်းလဲခြင်းတန်ခိုးကို လူ၏အသက်တာတွင် ခံစားစေပါ။ ထိုနောက် သူသည် နက်နဲသောဘုရားသခင်၏ဝိညာဉ်တော်လှုပ်ရှားမှုကို မြင်မည်ဖြစ်၏။ သခင်ယေရှု၏အသေခံခြင်း၏ရလဒ်သည် အပြစ်ဖြေလွှတ်ခြင်းအမှုတစ်ခုတည်းမဟုတ်။ သူသည် ဤကြီးမားသောဆက်ကပ်ခြင်းကို ပြုလုပ်ခြင်းသည် အပြစ်ကိုဖယ်ရှားပြီး အပြစ်၏ပျက်စီးခဲ့သောဝိညာဉ်ကို ပြန်လည်တည်ဆောက်ကာ ဘုရားသခင်ရှေ့တော်၌ရပ်တည်ရန်၊ သင့်လျော်စေရန်ဖြစ်သည်။ E.G.White, Manuscript Releases, vol. 6, p.11 မှ ကောက်နုတ်သည်။

–၀–



## သင်ခန်းစာ (၁၂)
## မေတ္တာပုံပြင်များ
မတ် ၁၇ – ၂၃

**သတ္တမနေ့မွန်းလွဲပိုင်း** **မတ် ၁၇**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။ (က၊ ၂း၂၁–၂၅။ ထွက် ၂၀း၅။ ဟောရှာ ၄၃း၄။ ၆၂း၅။ ရှောလမုန်သီချင်း။ ယော ၂း၁–၁၁။**

**အလွတ်ကျမ်းချက်**

**"ထာဝရဘုရားသည် အဝေးကထင်ရှား၍ မိန့်တော်မူသည်ကား အကယ်စင်စစ်ထာဝရမေတ္တာနှင့် သင့်ကိုငါချစ်၏။ ထို့ကြောင့် ကရုဏာကျေးဇူးကို သင်၌ကြာမြင့်စွာပြု၏။" (ယေရမိ ၃၁း၃)။**

ချစ်ခြင်းမေတ္တာသည် ဘုရားသခင်အကြောင်းစဉ်းစားသော်မတော်ပထမဦးဆုံးတွေးမိသည့်အရာဖြစ်မည်။ ဘုရားသခင်၏မေတ္တာတော်သည် အဘယ်မျှအထိ နက်ရှိုင်းသည်ကို ကျွန်ုပ်တို့စတင်တွေးတောသိနိုင်မည်မဟုတ်ပါ။ သို့သော် ဘုရားသခင်၏ချစ်ရေးချစ်ရာစိတ်ကူးယဉ်သည့်အစိတ်အပိုင်းကို ကျွန်ုပ်တို့မတော်တွေ့မြင်ခြင်းမရှိပါ။

ဖြစ်ပျက်သည့်အရာခပ်သိမ်းကို မှတ်တမ်းတင်ထားသည့်သမိုင်းစာအုပ်ကားမရှိပါ။ ထိုနည်းတူ သမ္မာကျမ်းစာသည်လည်း

ဤကဲ့သို့ပင်ဖြစ်သည်။ သို့သော် ဘုရားသခင်သည် ၎င်း၏ပုရောဖက်များအား အချစ်ဇာတ်လမ်းများကို သမိုင်းမှတ်တမ်းတင်ရေးသားခွင့်ပေးသည်။ မေးရန်ရှိသည်မှာ ဘုရားသခင်သည် အဘယ်ကြောင့် အချစ်ဇာတ်လမ်းများကို သမိုင်းစာအုပ်တွင် ထည့်သွင်းရေးသားခွင့်ပေးသနည်း။ ဤအချက်သည် သူ၏စရိုက်အကြောင်း ဖော်ပြနေပါသလား။ အချစ်ရေးရာစိတ်ကူးယဉ်ခြင်းသည် ဘုရားသခင်အတွက် အဘယ်မျှအရေးကြီးပါသနည်း။ ယခုအပတ်တွင် ဤပုံပြင်များအဘယ်ကြောင့် ရေးသားရကြောင်းနှင့် ၎င်းတို့မှမည်သည့်သင်ခန်းစာများ ရရှိမည့်အကြောင်းကို လေ့လာမည်ဖြစ်သည်။

## တနင်္ဂနွေ — မတ် ၁၈

### ပထမဦးဆုံးအချစ်ဇာတ်လမ်း။ (က ၂း၂၃)။

ဧဝကိုဖန်ဆင်းခြင်းအကြောင်းကို ကျမ်းစာပုံပြင်မှ ဖတ်ပါ။ (က ၂း၂၁–၂၅)။ ဤပုံပြင်၌ အာဒံနှင့်ဧဝတို့၏ဆက်ဆံပုံမျိုးကို သင်ဘယ်ကဲ့သို့ရှင်းပြမည်နည်း။

ဤပုံပြင်မှသိရသည့်အချက်မှာ၊ အာဒံနှင့်ဧဝတို့သည် အလွန်ပင်ရင်းနှီးကြခြင်းပင်ဖြစ်သည်။ ဘုရားသခင်သည် မိန်းမကိုယောကျ်ား၏ကိုယ်မှ ဖန်ဆင်းတော်မူခဲ့သည်။ သူတို့သည် တစ်သွေးတစ်သားတည်းဖြစ်ကြောင်းကို ဆိုလိုခြင်းဖြစ်သည်။ ထိုနောက် အာဒံသည် ကျမ်းစာထဲ၌ ပထမဦးဆုံးအချစ်သီချင်း (သို့မဟုတ်) ကဗျာကို ဖွင့်ဆိုခဲ့သည်။ ၎င်းတို့နှစ်ဦးသည် လွန်စွာပင်တစ်ဦးနှင့်တစ်ဦးနီးကပ်စွာ ချည်နှောင်ထားသည်ကို တွေ့ရသည်။





အာဒံနှင့်ဧဝတို့၏မူလဆက်ဆံရေးသည် အခြားမည်ကဲ့သို့ပင်ဖြစ်စေ၊ အချစ်ဇာတ်လမ်းသည် အများဆုံးပါဝင်သည်မှာသေချာသည်။ တစ်နည်းအားဖြင့်ဆိုရသော် ဘုရားသခင်သည် အချစ်ဇာတ်လမ်းကို ဆန့်ကျင်သည်မဟုတ်ပါ။

စိတ်ကူးယဉ်အချစ်ဇာတ်လမ်းသည် အလွန်အံ့ဩဖွယ်ကောင်းသည့်လူတို့အား ဘုရားသခင်ပေးသည့်ဆုလက်ဆောင်ဖြစ်သည်။ အကယ်၍ သင်သည် သင့်လျော်မှန်ကန်သည့်ချစ်ဇာတ်လမ်းဆက်ဆံရေးရှိခဲ့သော် ထိုဆက်ဆံရေးမပျက်စီးစေရန် ဘယ်ကဲ့သို့ကာကွယ်မှုများပြုလုပ်မည်နည်း။

## တနင်္လာ — မတ် ၁၉

### ကျမ်းစာထဲ၌အချစ်ဇာတ်လမ်း။ (က၊ ၂၉)။

ကျမ်းစာသည် သမိုင်းဖြစ်စဉ်များစွာတို့ကို ဖော်ပြထားသည်။ သို့သော် ချစ်ရေးချစ်ရာဇာတ်လမ်းများ၏သာဓကများလည်း အချိန်ယူဖော်ပြထားပါသည်။ သာဓကဖြင့် စာရာနှင့်အာဗြဟံတို့၏စပ်ကြားခိုင်မြဲသောချစ်ကြိုးဖြင့် ချည်နှောင်ထားသည့်အကြောင်း ဖော်ပြထားသည်။ ဤအကြောင်းကြောင့် စာရာသည် ကလေးမရှိသော်လည်း အာဗြဟံသည် သူမအား မစွန့်ပစ်ခဲ့ပါ။ (က၊ ၁၆) ကိုဖတ်ပါ။ စာရာ၏တိုက်တွန်းချက်ဖြင့်သာလျှင် အာဗြဟံသည် ဟာဂရအား ၎င်း၏မိန်းမအစား ကလေးရယူရန်သာ ယူလိုက်ခြင်းဖြစ်သည်။ အာဗြဟံနှင့်စာရာတို့၏စပ်ကြားချစ်မေတ္တာကြိုးသည် ခိုင်မြဲသည်မှာ ရှင်းသည်။

ဤအချစ်ပုံပြင်များအကြောင်း ပြန်လည်ဖတ်ပါ။ ဤပုံပြင်များသည် ယနေ့ကမ္ဘာတွင် ဖြစ်နေသည့်အချစ်ဇာတ်လမ်းပုံပြင်များနှင့်နည်းအမျိုးမျိုးဖြင့်တူလျက်ရှိသည်ကိုတွေ့ရမည်။ ဤလူတို့သည် စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရပြီး သူတစ်ပါး၏အမှားများကြောင့်လည်း ဝေဒနာခံစားရကြသည်။ ဤဆက်ဆံရေးတို့၌ နာကြင်မှုနှင့်ဝေဒနာများခံစားရန်ဖြစ်စေသည့်အရာအချို့ကား အဘယ်နည်း။ ပို၍အရေးကြီးသည်မှာ ၎င်းတို့၏အမှားများမှ ကျွန်ုပ်တို့ဘယ်ကဲ့သို့သင်ခန်းစာယူရမည်ဟူသည့်အချက်ပင်ဖြစ်၏။

အကြောင်းမလှ၍ များစွာသောသူတို့သည် အလားတူအမှားများ (သို့မဟုတ်) ပို၍ဆိုးသည့်အမှားများပြုလုပ်ခဲ့ကြသည်။ ကောင်းသည့်သတင်းသည် ဤအမှားများကို ဘုရားသခင်သည် ခွင့်လွှတ်ပြီး ရောဂါကိုလည်းငြိမ်းစေသည်။ သင်သည် မည်ကဲ့သို့သောမှားသည့် အချစ်ဇာတ်လမ်းများခင်းခဲ့သနည်း။ ကပ်တိုင်မှလာသည့်ခွင့်လွှတ်ခြင်းနှင့်ရောဂါကင်းငြိမ်းခြင်းတို့ကို သင်ဘယ်ကဲ့သို့တွေ့ရှိရန် သင်ယူရှာဖွေမည်နည်း။

**အင်္ဂါ** **မတ် ၂၀**

**ဘုရားသခင်၏ချစ်ခြင်းမေတ္တာ။ (ထွက် ၂၀း၅)။**

(ထွက် ၂၀း၅) တွင် မည်သည့်အရာသည် ဘုရားသခင်၏ လူတို့အတွက် ခံစားရသနည်း။ ၎င်းအချက်သည် ဘုရားသခင်အကြောင်း ကျွန်ုပ်တို့ကိုဘယ်ကဲ့သို့သွန်သင်ပြသသနည်း။

အောက်ဖော်ပြပါကျမ်းပိုဒ်များကိုဖတ်ပါ။ (ဟောရှာယ ၄၃း၄။ ၆၂း၅။ ယေဇကျေလ ၁၆း၁–၁၅။ ယေရမိ ၃၁း၃။ ဗျာ ၂၁း၉)။



၎င်းကျမ်းပိုဒ်များသည် ဘာကိုပြောနေသနည်း။ ကျွန်ုပ်တို့အပေါ် ဘုရားသခင်၏ခံစားချက်ကို ကျွန်ုပ်တို့နားလည်ရန် ဘယ်ကဲ့သို့ ကူညီသနည်း။

လူသားတစ်ဦးစီကို ဘုရားသခင်သည် နက်ရှိုင်းစွာချစ်တော်မူကြောင်းကို ကျမ်းစာက ပွင့်လင်းစွာသွန်သင်ထားသည်။ ဤအရာသည် နားလည်ရန်ခက်မည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် ကမ္ဘာမိုးမြေစကြဝဠာကို ဖန်ဆင်းသောသူသည် လူသားများပြည့်စုံစွာ နားလည်နိုင်စွမ်းမရှိခြင်းကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် စကြဝဠာတစ်ခုလုံးကိုနားလည်ရန်ခက်၏။ ထိုကြောင့် ၎င်းအရာကိုဖန်ဆင်းသောသူကို ဘယ်ကဲ့သို့နားလည်နိုင်မည်နည်း။ သို့သော် တစ်ချိန်တည်း၌ပင် ဘုရားသခင်သည် တန်ခိုးကြီးသောနည်းဖြင့် ၎င်း၏ချစ်ခြင်းမေတ္တာကို ကျွန်ုပ်တို့အား ပြခဲ့သည်။ အကျော်ကြားဆုံးမှာ ကပ်တိုင်နှင့်ကပ်တိုင်တွင် ဖြစ်ခဲ့သည့်အရာများဖြစ်သည်။ ကျွန်ုပ်တို့ကို ဘုရားသခင်၏ချစ်တော်မူသည့်သက်သေသည် ကပ်တိုင်ထက် ဘယ်အရာကပို၍ ကျွန်ုပ်တို့လိုအပ်ဦးမည်နည်း။

အကယ်၍ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုမုန်းတီးမည် (သို့မဟုတ်) ဂရုမစိုက်သည်ရှိသော် ဘယ်ကဲ့သို့အနက်ရှိမည်ကို စဉ်းစားကြည့်ပါ။ သို့သော် ကျမ်းစာကပြောသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကိုချစ်၏။ သင့်အား ဘယ်ကဲ့သို့အဓိပ္ပါယ်ရှိသနည်း။ သင်ဘယ်ကဲ့သို့နေထိုင်ရမည့်အပေါ် ဤအံ့သြဖွယ်ကောင်းသည့် သဘောတရားသည် ဘယ်ကဲ့သို့သြဇာသက်ရောက်မှုရှိသနည်း။

## ဗုဒ္ဓဟူး မတ် ၂၁

**အချစ်စိတ်ကူးယဉ်ကျမ်း။ (ရှောလမုန်သီချင်း)**

လူသားများကို ဘုရားသခင်ဖန်ဆင်းရာ၌ ကိုယ်ကာယပျော်ရွှင်မှုကို ခံစားနိုင်သည့်ခန္ဓာကိုယ်ဖြင့် ဖန်ဆင်းထားသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ရှောလမုန်သီချင်းထက် ကောင်းသောကျမ်းထဲတွင် မရှိပါ။ အဘယ်ကြောင့် ဤကျမ်းသည် ကျမ်းစာတော်မြတ်ထဲတွင် ထည့်သွင်းထားသနည်း။ ဤရှောလမုန်သီချင်းသည် စိတ်ကူးယဉ်အချစ်အကြောင်း စာအုပ်ဖြစ်သည်။ ဤကျမ်းထဲမှပါဝင်သောကိုယ်ကာယပျော်မွေ့ခြင်းအကြောင်းသည် ကလေးမွေးဖွားခြင်းနှင့်ဆက်စပ်မှုမရှိပါ။ ဤကျမ်းသည် အကြင်လင်မယားနှစ်ဦးတို့အတွက် ဘုရားသခင်အထူးစီစဉ်ထားသည့်ပျော်မွေ့ခြင်းအကြောင်းဖြစ်သည်။ ပျော်ရွှင်ဖွယ်ကောင်းသည့်အချစ်၏စမ်းရေသည် ဘုရားသခင်မှစတင်ခဲ့ခြင်းဖြစ်သည်။

ရှောလမုန်သီချင်းကိုဖတ်ပါ။ သန့်ရှင်းသောထိမ်းမြားခြင်း၌ ကိုယ်ကာယပျော်မွေ့ခြင်းအကြောင်းကို ဘုရားသခင်ဘယ်ကဲ့သို့မြင်သည်ကို ရှောလမုန်သီချင်းထဲ၌ ဘယ်ကဲ့သို့ဖေါ်ပြထားသနည်း။

မျက်မှောက်ခေတ်ယဉ်ကျေးမှုသဘောနှင့် ခရစ်ယာန်တို့၏ထိမ်းမြားခြင်း၊ ကိုယ်ကာယပျော်မွေ့ခြင်းသဘောထားများနှိုင်းယှဉ်ကြည့်သော် ခေတ်နောက်ကျပြီး အမြင်ကျဉ်းသည်ဟု ဆိုမည်ဖြစ်သည်။ သို့သော် ဤစည်းမျဉ်းများသည် ကျွန်ုပ်တို့ကိုကိုယ်ကာယပျော်မွေ့ခြင်းကို ဖန်ဆင်းသည့်ဘုရားသခင်ထံမှလာခြင်းဖြစ်သည်။ ဘယ်ကဲ့သို့အကောင်းဆုံးပျော်မွေ့ရမည်ကို သူသိသည်။ ဤအံ့ဩဖွယ်ကောင်းလှသောဆုကျေးဇူးများကို အလွဲသုံးစားခြင်းဖြင့် ခံစားရ



သောဝေဒနာများနှင့် နာကြင်မှုတို့ကို ဘုရားသခင်သာလျှင် နားလည်နိုင်မည်ဖြစ်၏။

## ကြာသပတေး မတ် ၂၂

**သခင်ယေရှုနှင့်အချစ်ဇာတ်လမ်း။ (ယောဟန် ၂း၁–၁၁)။**

(ယော ၂း၁–၁၁) သည် အချစ်ဇာတ်လမ်းနှင့်ထိမ်းမြားမင်္ဂလာအပေါ် သခင်ယေရှု၏စိတ်သဘောထားမည်ကဲ့သို့ရှိသည်ကို ဖေါ်ပြသနည်း။

၎င်းတို့၏ခေတ်အချိန်၌ ပျော်ရွှင်ဖွယ်ကောင်းပြီး ကြာရှည်စွာကျင်းပပြုလုပ်သည့်ထိမ်းမြားမင်္ဂလာပွဲကို သခင်ယေရှုသည် ကောင်းချီးပေးသည်ဟုဆိုရာ၌ မည်သည့်အနက်အဓိပ္ပါယ်ရှိပါသနည်း။

သခင်ယေရှုသည် တောထဲ၌ စုံစမ်းနှောင့်ယှက်ခြင်းကိုခံရပြီး ပြန်လည်ရောက်ရှိခါစအချိန်ဖြစ်သည်။ ထိုနေရာ၌ သူကိုယ်တော်တိုင်ကြီးစွာသောဝေဒနာကို ဖြတ်သန်းကျော်လွှားခဲ့ရသည်။ သို့သော်သူသည် နွေးထွေးသောလူသားတို့၏ဆက်ဆံမှုကို သန့်ရှင်းစေခြင်းငှါ ပြန်လာပြီး အိမ်ထောင်မိသားစုများကို ကောင်းချီးပေးတော်မူသည်။ ဧဒင်ဥယျာဉ်၌ အာဒံနှင့်ဧဝတို့အား ဦးစွာထိမ်းမြားမင်္ဂလာဆောင်နှင်းပေးခဲ့သောသခင်ယေရှုသည် ယခု၌ ၎င်း၏ပထမဦးဆုံးသောနိမိတ်လက္ခဏာကို ပြုလုပ်ခဲ့လေပြီ။ အဘယ်နေရာ၌ ဖြစ်သနည်း။ မင်္ဂလာထမင်းစားပွဲ၌ပင်ဖြစ်၏။

ဤနိမိတ်လက္ခဏာ၌ ဘုရားသခင်၏ဖန်ဆင်းခြင်းတန်ခိုးကို တွေ့မြင်နိုင်သည်။ ကမ္ဘာမြေကြီးကိုဖန်ဆင်းသည့်တန်ခိုးနှင့်အတူတူ

ပင်ဖြစ်သည်။ လောက၌ သခင်ယေရှု၏အမှုတော်ဆောင်လုပ်ငန်း၌ ထိမ်းမြားမင်္ဂလာပွဲ၌ ပထမဦးဆုံးပြခြင်းဖြစ်သည်။

ရွာသိမ်ရွာငယ်လေးတစ်ခု၌ သခင်ယေရှုနိမိတ်လက္ခဏာပြခြင်းသည် ထိမ်းမြားမင်္ဂလာပြုခြင်းနှင့် အချစ်ဇာတ်လမ်းသည် ဘုရားသခင်ထံမှလာသည့်အံ့ဩဖွယ်ကောင်းလှသောဆုကျေးဇူးလက်ဆောင်မွန်ဖြစ်ကြောင်းကို ပြသခြင်းဖြစ်သည်။ သခင်ယေရှုသည်လည်း ထိမ်းမြားမင်္ဂလာမပြုသည်ကိုလည်း ကျွန်ုပ်တို့သတိရရပေဦးမည်။ ထို့ကြောင့် လူတိုင်းမင်္ဂလာဆောင်ရန် လိုအပ်မည်မဟုတ်ကြောင်းကိုလည်း ပုံပမာပြသွားခြင်းလည်းဖြစ်သည်။ တစ်ကိုယ်ရေတစ်ကာယသမားများသည်လည်း ထိမ်းမြားမင်္ဂလာပြုသူများနည်းတူ အသုံးဝင်ပြီးစုံလင်ပျော်ရွှင်သောအသက်တာ၌ နေထိုင်နိုင်ကြောင်းလည်းဖြစ်ကြောင်း ပြခြင်းဖြစ်သည်။

## သောကြာ — မတ် ၂၃

## ထပ်ဆင့်လေ့လာရန်။

ဓမ္မသစ်နှင့် ဓမ္မဟောင်းကျမ်းနှစ်ခုစလုံး၌ပင် ထိမ်းမြားမင်္ဂလာပြုခြင်းသည် ခရစ်တော်နှင့်၎င်း၏လူတို့စပ်ကြား သန့်ရှင်းသောပေါင်းစပ်ခြင်းလက္ခဏာဖြစ်ကြောင်း ပြသည်ကိုတွေ့နိုင်၏။ သခင်ယေရှု၏စိတ်ထဲတွင် ထိမ်းမြားမင်္ဂလာပွဲတော်ကျင်းပခြင်း၏ပျော်ရွှင်ခြင်းသည် ၎င်း၏ခမည်းတော်၏အိမ်သို့ မိမိ၏သတို့သမီးကို ယူဆောင်လာသောအခါ ရရှိမည့်ဝမ်းမြောက်ခြင်းကို ကြိုတင်ညွှန်ပြခြင်းဖြစ်သည်။ ထိုနောက် ကယ်တင်ခြင်းခံရသောသူတို့သည် ၎င်းတို့၏ကယ်တင်



ရှင်နှင့်အတူတကွ သိုးသငယ်၏ညစာစားပွဲ၌ ထိုင်ရကြမည်ဖြစ်၏။ "သိုးသငယ်၏ထိမ်းမြားမင်္ဂလာညစာစားပွဲသို့ ဖိတ်ခေါ်ခြင်းခံရသောသူတို့သည် မင်္ဂလာရှိစေသတည်း။" ---ဤစကားများသည် ဘုရားသခင်၏စကားများအမှန်ဖြစ်၏။ (ဗျာ ၁၉း၆-၉)။

-o-

## သင်ခန်းစာ (၁၃)
## သခင်ယေရှုပြန်လည်ကြွလာမည့်ကတိတော်

မတ် ၂၄ – ၃၀

**သတ္တမနေ့မွန်းလွဲပိုင်း** **မတ် ၂၄**

**ယခုအပတ်ဖတ်ရန်ကျမ်းချက်။** (၂ပေ ၃း၁–၁၀၊၁၃။ ယော ၁၄း၂၊၃။ ဒံ ၂း၄၄။ ဟေဗြဲ ၉း၂၈။ ဟေဗြဲ ၁၁။ ဗျာ ၆း၉–၁၁။ လုကာ ၁၂း၄၂–၄၈)။

**အလွတ်ကျမ်းချက်**

**"ငါသည် အလျင်အမြန်လာမည်။ ငါသည် အကျိုးအပြစ်ကိုဆောင်ခဲ့သည်ဖြစ်၍ လူအသီးသီးတို့အား မိမိတို့အကျင့်အတိုင်းဆပ်ပေးမည်။ (ဗျာ ၂၂း၁၂)။**

သတ္တမနေ့မြော်လင့်ခြင်းအသင်းသားများတို့သည် ခရစ်တော်ဒုတိယအကြိမ်ကြွလာခြင်းသည် အလွန်ပင်နီးကပ်နေပြီဟု ယုံကြည်ဆဲပင်ဖြစ်သည်။ အချို့သောသတင်းစာဆရာများသည် ကမ္ဘာမြေကြီးသည် အလွန်ကြီးစွာသောသေရေးရှင်ရေးအဆုံးသတ်ခြင်းနှင့် နီးကပ်လာပြီဟု ၎င်းတို့၏သတင်းမှတ်တမ်းများတွင် ဖော်ပြထားသည်ကိုတွေ့ရှိရသည်။ ကျွန်ုပ်တို့နေထိုင်သောကမ္ဘာကြီးသည် ကြောက်မက်ဖွယ်ကောင်းသည့်ဆုံးခန်းသို့ရောက်ရန် အလွန်နီးပြီဟု သိရှိရန် ပရောဖက်တစ်ဦးဖြစ်ရန်မလိုပါ။



ဤအရာခပ်သိမ်းသည် ကျွန်ုပ်တို့အား အံ့အားသင့်စေရန်အကြောင်းမရှိပါ။ ခရစ်တော်ဒုတိယအကြိမ်မကြွလာမီ ကြောက်မက်ဖွယ်ကောင်းသည့်ဆုံးခန်းချိန်၌ ဖြစ်ပျက်မည့်ပုံများကို ကျမ်းစာ၏ကြိုတင်ဟောထားချက်များတွင် တွေ့ရှိနိုင်ပါသည်။ ဤဖြစ်ပျက်မည့်အရာများသည် ကျွန်ုပ်တို့နေထိုင်သောကမ္ဘာကြီးပင်ဖြစ်၏။

သခင်ယေရှုဘယ်သောအချိန်၌ ကြွလာတော်မူမည်နည်း။ ကျွန်ုပ်တို့မသိရှိပါ။ ကျွန်ုပ်တို့သိသည့်အရာသည် များမကြာမီသူသည် ပြန်လာမည်ဖြစ်ကြောင်းပင်ဖြစ်၏။ ဤအချက်သည် အရေးကြီးသည့်အရာပင်ဖြစ်၏။

**တနင်္ဂနွေ** **မတ် ၂၅**

**အစဦးနှင့်အဆုံး။ (၂ပေ ၃း၁–၁၀)။**

(၂ပေ ၃း၁–၁၀) အရ ပေတရုသည် လူ့သမိုင်းအစဦးနှင့်အဆုံးကို ဘယ်ကဲ့သို့ဆက်စပ်သနည်း။ ဤကျမ်းပိုဒ်များမှ ကျွန်ုပ်တို့ဘယ်ကဲ့သို့သောမျှော်လင့်ခြင်းသတင်းစကားကို ရရှိနိုင်သနည်း။

ကမ္ဘာဦးကျမ်းဖန်ဆင်းခြင်းနှင့် နောက်ဆုံးအပြီးသတ်ပြန်လည်ဖန်ဆင်းခြင်းတို့သည် တိုက်ရိုက်ဆက်စပ်လျက်ရှိသည်။ ကမ္ဘာဦးကျမ်းဖန်ဆင်းခြင်းသည် နောက်ဆုံးပြန်လည်ဖန်ဆင်းခြင်းကို ပိုမိုအနက်အဓိပ္ပါယ်ပေါ်လွင်စေသည်။

အစအဦး၌ အရာများသည် နောက်ဆုံးသောအရာများနှင့် သခင်ယေရှုသည် ဆက်စပ်လျက်ရှိသည်ကို ရှင်းလင်းစွာဖော်ပြထားသည်။ **"ငါသည် အာလဖဖြစ်၏။ ဩမေဃလည်းဖြစ်၏"** ဟု Revelation ကျမ်းတွင် သခင်ယေရှုသည် မိမိကိုယ်ကိုသုံးကြိမ်တိုင်

ပြောဆိုထားသည်ကိုတွေ့ရသည်။ (ဇျာ ၁း၈။ ၂၁း၆။ ၂၂း၁၃) ဤကဲ့သို့သခင်ယေရှုပြောဆိုခြင်းသည် ၎င်း၏တန်ခိုးကိုပြခြင်းဖြစ်သည်။ သခင်ယေရှုသည် အရာခပ်သိမ်း၏အစအဦး၌ရှိသကဲ့သို့ နောက်ဆုံးအချိန်၌လည်း သူသည် ရှိနေမည်ဖြစ်သည်ကို ပြသခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဘယ်နေရာ၌ ရှိနေသည်ဖြစ်စေ၊ ၎င်းအားယုံကြည်ကိုးစားနိုင်ကြောင်းကိုလည်း ပြောခြင်းဖြစ်သည်။ လောကကြီးသည် ရှုပ်ထွေးနေမည်ဖြစ်သည်။ သို့သော် သခင်ယေရှုသည် ကျွန်ုပ်တို့အတွက် အမြဲရှိနေမည်ကိုလည်းပြသည်။

အချို့သောခရစ်ယာန်များသည် ခရစ်တော်မကြာမီ ကြွလာတော်မူခြင်းကို ယုံကြည်ရာမှ ဝေးကွာလာပြီဖြစ်သည်။ သူတို့သည် မိမိတို့အတွက် နိုင်ငံတော်ကိုတည်ဆောက်ရမည်ဟု လိုအပ်ကြောင်း ထင်မြင်ယူဆကြသည်။ ဤကဲ့သို့အဖြစ်အပျက်ကို လူတို့သည် လွန်ခဲ့သည့်အချိန်က ကြိုးစားပြုလုပ်သည်ကို ပြန်လည်စဉ်းစားပါ။ အနာဂတ်အစီအစဉ်သည် အဘယ်ကြောင့် ပို၍ကောင်းမည်ဟု ကျွန်ုပ်တို့ထင်သနည်း။

**တနင်္လာ** **မတ် ၂၆**

**ကတိတော်နှင့်မျှော်လင့်ခြင်း။ (၂ပေ ၃း၁၃)။**

ခရစ်တော်မကြာမီကြွလာမည့်မျှော်လင့်ခြင်းအကြောင်းကို (၂ပေ ၃း၁၃) အရ ပေတရုသည် ဘယ်ကဲ့သို့ရှင်းလင်းဖော်ပြထားသနည်း။ ယုံကြည်သူအားလုံးအတွက် အဘယ်ကြောင့် ဤမျှော်လင့်ခြင်းသည် အလွန်အရေးကြီးပါသနည်း။ ၎င်းမရှိခဲ့သော် အဘယ်ကြောင့်အမှန်တကယ်မျှော်လင့်ခြင်းရှိတော့မည်မဟုတ်ပါသနည်း။



ကျွန်ုပ်တို့လူသားများ၏မျှော်လင့်ခြင်းသည် မကြာခဏစိတ်ပျက်ဖွယ်ရာဖြစ်၏။ သို့သော် ကျမ်းရေးပုဂ္ဂိုလ်များသည် ကျွန်ုပ်တို့မျှော်လင့်ခြင်းကို ပျောက်ဆုံးသွားရန် မလိုအပ်ကြောင်း ကတိပေးထားသည်။ သူပြန်လာမည့်ကတိတော်ကို ကျွန်ုပ်တို့ရရှိထားသည်။ သူပြန်လာသည့်အခါ၌လည်း ဘာကိုပြုလုပ်မည်ကိုလည်း ကျွန်ုပ်တို့ကတိရရှိထားသည်။

(ယော ၁၄း၂၊၃။ ဒံ ၂း၄၄ နှင့် တမန် ၃း၂၀၊၂၁) တွင်မည်သည့်ကတိတော်ကိုတွေ့ရှိနိုင်သနည်း။ ဤကတိတော်များမှ သီးခြားတစ်ခုစီခြားနားသည့်ကတိတော်ကို ဘယ်ကဲ့သို့တွေ့ရှိရသနည်း။

ဤကျမ်းပိုဒ်များနှင့်အခြားသောကျမ်းပိုဒ်များ၌လည်း ခရစ်တော်ကြွလာမည့်ကတိတော်နှင့် သူပြန်လည်ကြွလာသည့်အခါ၌ မြေကြီးသစ်နှင့်အသက်တာအကြောင်း ကတိတော်များကို ပေးထားသည်ကိုတွေ့ရှိရ၏။ ဘယ်ကဲ့သို့ဖြစ်မည်ကို စဉ်းစားကြည့်ပါ။ ကျွန်ုပ်တို့သည် အပြစ်၊ ဖျားနာခြင်း၊ သေခြင်း၊ ကြောက်ရွံ့ခြင်း၊ အကြမ်းဖက်မှု၊ မုန်းတီးခြင်း၊ ဆင်းရဲမွဲတေခြင်း၊ ပြစ်မှု၊ စစ်မက်အင်္ဂါနှင့် ဝေဒနာများနှင့် အမြဲလိုပင်ရင်းနှီးနေပြီဖြစ်သည့်အတွက် ဤအရာများမရှိသည့်ကမ္ဘာကို စဉ်းစား၍ လွယ်လွယ်နှင့်ရမည်မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့မျှော်လင့်ထားသောကမ္ဘာသည် ထိုကဲ့သို့သောကမ္ဘာသာဖြစ်သည်။ ဤကဲ့သို့အပြစ်ကင်းမဲ့သောကမ္ဘာကို ကျွန်ုပ်တို့အတွက် ကတိတော်ရှိပြီဖြစ်၏။

**အင်္ဂါ မတ် ၂၇**

**ကျွန်ုပ်တို့၏ကြီးမားခိုင်မြဲသည့်ကတိတော်။ (ဟေဗြဲ ၉း၂၈)။**

ဒုတိယကြွလာခြင်းနှင့်ဆိုင်သည့်ကတိတော်များအနက် ကြီးမားကျိန်းသေသောကတိတော်သည် အဘယ်နည်း။ (ဟေဗြဲ ၉း၂၈။ ၁ကော ၁၅း၁၂–၂၇) အရ မည်သည့်အခြင်းအရာတစ်ခုသည် အခြားအရာများထက်ပို၍ ၎င်း၏ပြန်လည်ကြွလာတော်မူခြင်းကို သေချာအာမခံစေသနည်း။ အဘယ်ကြောင့်နည်း။

ခရစ်တော်ဒုတိယကြွလာခြင်း၏ကြီးမားသောမျှော်လင့်ခြင်းသည် ခရစ်တော်ပထမအကြိမ်လာရောက်စဉ် ကျွန်ုပ်တို့အတွက် မည်သည့်အရာများပြုလုပ်ခဲ့သည့်အပေါ် အမှီပြုလျက်ရှိသည်။ ပထမကြွလာခြင်းသည် ဒုတိယကြွလာခြင်းမရှိပါက ဘယ်ကဲ့သို့အဓိပ္ပါယ်ရှိမည်နည်း။ တစ်နည်းအားဖြင့်ဆိုရသော် ခရစ်တော်ပထမအကြိမ်လာရောက်ခြင်းနှင့် ကျွန်ုပ်တို့အတွက် ပြုလုပ်ခဲ့သမျှသောအရာတို့သည် ဒုတိယအကြိမ်ကြွလာတော်မူခြင်းမရှိပါက ဘယ်ကဲ့သို့မျှစုံလင်ခြင်းရှိနိုင်မည်မဟုတ်ပါ။ တစ်ခါတစ်ရံ ကျမ်းစာသည် ကပ်တိုင်အကြောင်းပြောရာ၌ အခကြေးငွေပေးပြီး ရွေးနုတ်သည့်လက္ခဏာကို အသုံးပြုသည်။

ကပ်တိုင်၌ သခင်ယေရှုသည် အသေခံခြင်းဖြင့် ကျွန်ုပ်တို့၏ဝိညာဉ်ကို အဖိုးအခပေးရွေးနုတ်ခဲ့သည်။ ဤရွေးနုတ်ခြင်းသည် အပြီးသတ်ဖြင့် တစ်ကြိမ်တည်းပြီးပြည့်စုံခဲ့သည်။ အဖိုးအခပေးရွေးနုတ်ခြင်းသည် အကယ်၍ အဖိုးအခပေးပြီး ရွေးနုတ်သည့်အရာကို မရရှိပါက အဘယ်သို့အကျိုးရှိမည်နည်း။ သခင်ယေရှုသည် ကြီးစွာသောအဖိုးအခပေးထားသောအရာအတွက် အမှန်တကယ်ပြန်လာယူမည်



ဖြစ်သည်။ ထိုကြောင့် ခရစ်တော်၏ပထမကြွလာခြင်းသည် ဒုတိယအကြိမ်ကြွလာခြင်းအတွက် ကြီးစွာသောကတိတော်ပေးသွားခြင်းပင်ဖြစ်သည်။

**ဗုဒ္ဓဟူး မတ် ၂၈**

**သခင်ဘုရားကြွလာသောကတိတော်သည်အဘယ်မှာရှိသနည်း။ (၂ပေ ၃း၄)။**

ဟေဗြဲ (၁၁) တွင် အဓိကအချက်ကားအဘယ်နည်း။ သခင်ယေရှုခရစ်ပြန်လည်ကြွလာရန် နှောင့်နှေးသည်ဆိုသည့်မေးခွန်းနှင့် ဘယ်ကဲ့သို့အံဝင်ခွင်ကျဖြစ်သနည်း။ အခန်းငယ် ၁၃၊၃၉၊၄၀ ကိုဖတ်ပါ။

ကျမ်းစာတော်မြတ်တစ်လျှောက်လုံး၌ လူများစောင့်ဆိုင်းရသည့်ဥပမာများနှင့်ပြည့်လျက်ရှိသည်။ အာဗြဟံသည် ကတိတော်ရှိသည့်သားအတွက် အဘယ်မျှကြာအောင်စောင့်ရသည်ကိုကြည့်ပါ။ လွန်ခဲ့သည့်နှစ်ပေါင်းနှစ်ထောင်ခန့်၌ ပေတရုရေးသည်ကိုသတိပြုပါ။ **"ရှေးဦးစွာသိမှတ်အပ်သောအရာဟူမူကား၊ နောက်ဆုံးသောကာလ၌ ပြက်ရယ်ပြုတတ်သောသူတို့သည် မိမိတို့တပ်မက်ခြင်းအတိုင်းကျင့်နေ၍ သခင်ဘုရားကြွလာမည်ဟူသောကတိတော်သည် အဘယ်မှာရှိသနည်း။ ဘိုးဘေးများအိပ်ပျော်နေသည်နောက် ခပ်သိမ်းသောအရာတို့သည် ဖန်ဆင်းစကဖြစ်သကဲ့သို့ ဖြစ်မြဲဖြစ်ကြ၏ဟုဆိုလျက် ကဲ့ရဲ့ခြင်းနှင့်တကွ ပေါ်လာကြလိမ့်မည်။" ၂ပေ ၃း၃၊၄။**

ယခုအချိန်တွင် သခင်ယေရှုပြန်လည်ကြွလာရန် သင့်ပြီဟု သင်ထင်ပါသလား။ ကြွလာရန်နှောင့်နှေးခြင်းကြောင့် သင်တစ်ခါတစ်ရံစိတ်ပျက်မိပါသလား၊ (သို့မဟုတ်) ဒုတိယကြွလာခြင်းကို

သင်ယုံမှားသံသယစိတ်ရှိပါသလား။ ခရစ်တော်ပြန်လည်ကြွလာမည့် ယုံကြည်ခြင်းအတွက် သင်ရရှိနိုင်သည့်သက်သေများကို စဉ်းစားပါ။ ဤကဲ့သို့ပြုစဉ် သင်သည် အကန့်အသတ်ရှိသည့်လူသားဖြစ်သည်ကို သတိရပါ။ အချိန်နှင့်ပတ်သက်ပြီး သင်၏နားလည်ခြင်းသည် ဘုရားသခင်နှင့်အလွန်ခြားနားပါသည်။

## ကြာသပတေး မတ် ၂၉

**ငါသည်အလျင်အမြန်လာမည်။ (ဗျာ ၂၂း၇)။**

ဘုရားသခင်ပြန်လည်မကြွလာရခြင်း၏ အကြောင်းရင်းတချို့ကား သက်သာလောနိတ်အသင်းတော်ကို ပေါလု၏အကြံပေးစာတွင် ရှိသည်။ (၂သက် ၂) အရ ခရစ်တော်၏ကြွလာခြင်းကို စောင့်နေစဉ် သက်သာလောနိတ်အသင်းတော်အား ပေါလုဘယ်ကဲ့သို့အကြံပေးသနည်း။

အရေးကြီးသည့် နောက်ဆုံးအချိန်များအကြောင်းဖော်ပြသည့် (Revelation) ကျမ်းသည် ကြွလာခြင်းနှောင့်နှေးသည့်အချိန်အကြောင်းကိုလည်း ဖော်ပြထားသည်။ (ဗျာ ၆း၉–၁၁) တွင် ပဥ္စမတံဆိပ်ကိုဖွင့်လိုက်သည့်အခါ၌ ပလ္လင်တော်အောက်၌ ဘယ်ကဲ့သို့ကြီးစွာသောအသံနှင့် ကြွေးကြော်နေသနည်း။ ကြွလာခြင်း၏နှောင့်နှေးခြင်းအကြောင်း ဘယ်ကဲ့သို့ဖော်ပြထားသနည်း။

(လုကာ ၁၂း၄၂–၄၈) သည် ကြွလာခြင်း၏နှောင့်နှေးခြင်းအကြောင်းကို ကျွန်ုပ်တို့နားလည်ရန် ဘယ်ကဲ့သို့ကူညီသနည်း။ ပို၍အရေးကြီးသည်မှာ ကျွန်ုပ်တို့ကိုယ်တိုင်ထိုကဲ့သို့အလွယ်တကူ စတင်ခံစားနိုင်ခဲ့ကြောင်း ဘယ်ကဲ့သို့ကြီးစွာသောသတိပေးချက်ကို လက်ခံသင့်သနည်း။



ဒုတိယကြွလာခြင်းသည် တစ်ကမ္ဘာလုံးပါဝင်ပတ်သက်သည့် စကြဝဠာအဖြစ်အပျက်ကြီးဖြစ်သည်။ သို့သော် ကျွန်ုပ်တို့သည် တစ်ဦးချင်းအဖြစ်သာ ခံစားရမည်ဖြစ်၏။

နှစ်များကုန်လွန်သွားစဉ် သင်သည် အမှန်တကယ်ဒုတိယအကြိမ်ကြွလာခြင်းကို မေ့ပျောက်လျက် လောကီ၏စည်းစိမ်၌ နှစ်မြုပ်နေပြီလား။ ဤကဲ့သို့ဖြစ်သော် သင်သည် တစ်ဦးတည်းခံစားရသည်မဟုတ်။ အန္တရာယ်အလွန်ကြီးသည့် ဤတွေးခေါ်ခြင်းမျိုးကို ကျွန်ုပ်တို့ဘယ်ကဲ့သို့တိုက်ထုတ်ရမည်နည်း။

## သောကြာ မတ် ၃၀

**ထပ်ဆင့်လေ့လာရန်။**

“နှစ်တစ်ခုသည် မကြာမီအချိန်တွင် ထာဝရကာလသို့ ပြောင်းရွှေ့သွားတော့မည်ဖြစ်သည်။ ရက်အနည်းငယ်အတွင်းနှစ်သစ်ထဲသို့ဝင်ရောက်တော့မည်ဖြစ်သည်။ ညီအစ်ကိုမောင်နှမတို့၊ ကျန်ရှိနေသေးသောနှစ်ဟောင်း၏အချိန်နာရီကို ပညာသတိရှိစွာဖြင့် အသုံးပြုပါ။ အကယ်၍ သင်၏တာဝန်ဝတ္တရားများကို ပေါ့လျော့ပျက်ကွက်ခဲ့သော် ဘုရားသခင်ရှေ့တော်၌ နောင်တရပါ။ ထိုနောက် သင်လမ်းလွှဲရာမှပြန်လာပါ။ သင်၏အသက်တာကို ပေးထားသည့်အချိန်သည် မည်မျှတိုတောင်းသည်ကို သတိရပါ။ သင်၏အသက်တာ၏အချိန်သည် မည်သည့်အချိန်၌ လျင်မြန်စွာကုန်ဆုံးမည်ကို သင်မသိပါ။ “ယနေ့၊ မနက်ဖြန် ဤမည်သောမြို့သို့သွားကြကုန်အံ့။ ထိုမြို့၌ တစ်နှစ်ပတ်လုံးနေ၍ ကုန်သွယ်သဖြင့် အမြတ်ရအောင်ပြုကြကုန်အံ့” ဟု မပြောဆိုကြနှင့်။ ဘုရားသခင်သည် သင့်အတွက် အခြားသော

အစီအစဉ်ရှိမည်ဖြစ်၏။ "သင်တို့အသက်သည် အဘယ်သို့သောအရာ ဖြစ်သနည်း။ ခဏထင်ရှားပြီးမှ ပျောက်ကွယ်တတ်သောအခိုးအငွေ့ ဖြစ်၏။ (ယာကုပ် ၄း၁၄)။ E.G.White, Review and Herald, Dec. 23, 1902 မှကောက်နုတ်သည်။

–၀–

## နံနက်ယံ၀တ်
## ဇန်န၀ါရီလ၊ ၂၀၁၂ ခုနှစ်

| | | | |
|---|---|---|---|
| ၁ | နွေ | ဟေဗြဲ | ၁၁း၄ |
| ၂ | လာ | ၁ကော | ၁၅း၂၂ |
| ၃ | ဂါ | ကမ္ဘာ | ၅း၂၂ |
| ၄ | ဟူး | ယုဒ | ၁၄ |
| ၅ | တေး | ကမ္ဘာ | ၅း၂၄ |
| ၆ | ကြာ | ဟေရှာ | ၄၅း၂၅ |
| ၇ | နေ | ကမ္ဘာ | ၂၂း၂ |
| ၈ | နွေ | ကမ္ဘာ | ၂၂း၈ |
| ၉ | လာ | ကမ္ဘာ | ၂၈း၁၇ |
| ၁၀ | ဂါ | ကမ္ဘာ | ၂၈း၁၆ |
| ၁၁ | ဟူး | ကမ္ဘာ | ၅၀း၂၁ |
| ၁၂ | တေး | ကမ္ဘာ | ၅၀း၂၀ |
| ၁၃ | ကြာ | ထွက် | ၂း၂၃ |
| ၁၄ | နေ | ထွက် | ၂း၂၁ |
| ၁၅ | နွေ | ထွက် | ၃း၁၀ |
| ၁၆ | လာ | ထွက် | ၅း၅ |
| ၁၇ | ဂါ | ကမ္ဘာ | ၅၀း၂၄ |
| ၁၈ | ဟူး | ထွက် | ၇း၂ |
| ၁၉ | တေး | ထွက် | ၇း၁၅ |
| ၂၀ | ကြာ | ထွက် | ၈း၁၆ |
| ၂၁ | နေ | ထွက် | ၉း၃ |
| ၂၂ | နွေ | ထွက် | ၉း၂၇ |
| ၂၃ | လာ | ထွက် | ၁၀း၁၂ |
| ၂၄ | ဂါ | ထွက် | ၁၀း၂၁ |
| ၂၅ | ဟူး | ထွက် | ၁၁း၅ |
| ၂၆ | တေး | ထွက် | ၁၂း၇ |
| ၂၇ | ကြာ | ထွက် | ၁၂း၂၄ |
| ၂၈ | နေ | ဟေရှာ | ၅၈း၁၂ |
| ၂၉ | နွေ | ဂလ | ၄း၄ |
| ၃၀ | လာ | ဖိလိပ္ပိ | ၂း၆ |
| ၃၁ | ဂါ | မဿဲ | ၁း၂၁ |



## နံနက်ယံ၀တ်
## ဖေဖေါ်၀ါရီလ၊ ၂၀၁၂ ခုနှစ်

| | | | |
|---|---|---|---|
| ၁ | ဟူး | လု | ၂း၈–၁၀ |
| ၂ | တေး | ဟေရှာ | ၄၂း၂၊၃ |
| ၃ | ကြာ | ယော | ၁း၁၀ |
| ၄ | နေ | လု | ၂း၄၉ |
| ၅ | နွေ | လု | ၈း၂၁ |
| ၆ | လာ | လု | ၂း၅၂ |
| ၇ | ဂါ | လု | ၂း၄၀ |
| ၈ | ဟူး | လု | ၂း၄၀ |
| ၉ | တေး | လု | ၂း၄၇ |
| ၁၀ | ကြာ | ယော | ၁း၄၆ |
| ၁၁ | နေ | မာကု | ၁၂း၃၇ |
| ၁၂ | နွေ | ဟေဗြဲ | ၄း၁၅ |
| ၁၃ | လာ | မဿဲ | ၄း၁၀ |
| ၁၄ | ဂါ | ယော | ၁း၁၁ |
| ၁၅ | ဟူး | ယော | ၁၄း၉ |
| ၁၆ | တေး | ယော | ၅း၃၈ |
| ၁၇ | ကြာ | ယော | ၅း၆ |
| ၁၈ | နေ | ယော | ၅း၁၅ |
| ၁၉ | နွေ | ယော | ၉း၃ |
| ၂၀ | လာ | ယော | ၄း၇ |
| ၂၁ | ဂါ | ယော | ၄း၁၅ |
| ၂၂ | ဟူး | မဿဲ | ၁၄း၁၆ |
| ၂၃ | တေး | ၁ကော | ၃း၆၊၇ |
| ၂၄ | ကြာ | ၂တိ | ၄း၈ |
| ၂၅ | နေ | ယော | ၁၄း၁၂ |
| ၂၆ | နွေ | မာကု | ၁၄း၃၂ |
| ၂၇ | လာ | မဿဲ | ၂၆း၆၀၊၆၁ |
| ၂၈ | ဂါ | ယော | ၁၇း၄ |
| ၂၉ | ဟူး | ရောမ | ၆း၄ |

## နံနက်ယံဝတ်
## မတ်လ၊ ၂၀၁၂ ခုနှစ်

| | | | |
|---|---|---|---|
| ၁ | တေး | မဿဲ | ၂း၁၊၂ |
| ၂ | ကြာ | ယော | ၃း၃ |
| ၃ | နေ | ယော | ၃း၇ |
| ၄ | နွေ | ၃ရာ | ၁၉း၁၉ |
| ၅ | လာ | ၃ရာ | ၁၉း၂၁ |
| ၆ | ဂါ | ဖိလိပ္ပိ | ၃း၁၄ |
| ၇ | ဟူး | ၁တိ | ၄း၁၂ |
| ၈ | တေး | ကမ္ဘာ | ၃၉း၂ |
| ၉ | ကြာ | ကမ္ဘာ | ၃၉း၉ |
| ၁၀ | နေ | ကမ္ဘာ | ၄၁း၁၅ |
| ၁၁ | နွေ | သူကြီး | ၆း၆ |
| ၁၂ | လာ | သူကြီး | ၆း၁၇ |
| ၁၃ | ဂါ | သူကြီး | ၆း၂၅ |
| ၁၄ | ဟူး | သူကြီး | ၆း၄၀ |
| ၁၅ | တေး | သူကြီး | ၇း၂ |
| ၁၆ | ကြာ | သူကြီး | ၇း၁၀၊၁၁ |
| ၁၇ | နေ | သူကြီး | ၇း၁၈ |
| ၁၈ | နွေ | သူကြီး | ၇း၇ |
| ၁၉ | လာ | လု | ၅း၅ |
| ၂၀ | ဂါ | ၁ရာ | ၁၇း၁၀ |
| ၂၁ | ဟူး | ၁ရာ | ၁၇း၄၅ |
| ၂၂ | တေး | ၁ရာ | ၁၇း၄၇ |
| ၂၃ | ကြာ | ဒံ | ၆း၄ |
| ၂၄ | နေ | ဒံ | ၆း၁၆ |
| ၂၅ | နွေ | လု | ၉း၅၆ |
| ၂၆ | လာ | ယော | ၁၃း၂၁ |
| ၂၇ | ဂါ | မာကု | ၁၄း၆ |
| ၂၈ | ဟူး | မာကု | ၁၄း၃၁ |
| ၂၉ | တေး | ယော | ၂၁း၁၅ |
| ၃၀ | ကြာ | ၂ကော | ၅း၂၁ |
| ၃၁ | နေ | ဆာလံ | ၁၁၉း၄၄ |

–၀–